


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၇၁၀၇၀၈၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၅၅၁၀၀၈

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်

အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်းသွယ်၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

ပထမအကြိမ် ၂၀၀၉ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်။

# မာတိကာ

စာမျက်နှာ

| | | |
|---|---|---|
| တစ္ဆေစည်သည် | တြိသစ်. | ၆ |
| ရှမ်းမလေး ရှာပုံတော် | လှမိုး(ပညာရေး) | ၂၀ |
| နှင်းဆီနီဝိညာဉ် | အောင်မင်းအောင် | ၄၆ |
| သူရဲကောင်း ညီအစ်ကို | မိုးကျော့ | ၆၀ |
| ဟိမဝန္တာမှ ဇာတ်လမ်း | လျှမ်းထက် | ၇၈ |
| လှိုင်းအသစ် အပြန်လမ်းမှာလ | အောင်နိုင်လင်း | ၈၈ |
| လူနှင့်နတ်ပြိတ္တာ ချစ်ကြရာဝယ် | သန်းငြိမ်းအေး | ၁၀၈ |
| အသက်အသက်ချင်း ပေးဆပ်ခြင်း | ပညာဒီပ | ၁၂၄ |
| ကိုယ်တွေ့ကြုံမှ ယုံလေသူ | ဝေယံလင်းခေါင် | ၁၄၆ |
| ဘာနယ်ဇင်းက ပြောသောကျိန်စာ | လှမိုး(ပညာရေး) | ၁၆၀ |
| မိန်းမလှကျွန်းသို့တစ်ခေါက် | အောင်နိုင်လင်း | ၁၇၄ |

www.burmeseclassic.com

www.burmeseclassic.com





# ကြိုးတိုက်

## တစ္ဆေညှော်သည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်ုပ်ရေးသားဖော်ပြပေးမည့် အကြောင်းအရာသည် မှတ်သားဖွယ်ကောင်းသော တကယ့်ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်ငယ်ရွယ်စဉ်က ကြုံတွေ့ခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်ဖြစ်ပြီး ယင်းသည့်သည်လူစိမ်းသည် ဤကမ္ဘာလောက.က ဘယ်သောအခါမှ နားလည်နိုင်မည် မဟုတ်သော၊ ကမ္ဘာလောကနှင့် ဆန်းပြားစွာ အချည်နှောင်ခံရမည့် မကျွတ်မလွတ်သော ဝိညာဉ်တစ္ဆေတစ်ဦး ဖြစ်မည်ဟုကား ကျွန်ုပ် မမိုတ်မသုန် ယုံကြည်ပါသည်။

ရုပ်လောကမှ မဟုတ်၊ နာမ်လောကမှ ပုဂ္ဂိုလ်မျိုးသည် ဤကမ္ဘာလောကပေါ်တွင်ရှင်သန်လျှောက်လှမ်းရာတွင် "ကြားခံလောက" (the middle spaces)ရှိပုံပေါ်သည်။ လူ့လောက မဟုတ်သော ကြားခံလောကတွင် ဝိညာဉ်လောက(the spritual world)တွင် သီးခြားလွတ်လပ်စွာ နေထိုင်သောလူမျိုးဖြစ်ပေမည်။ ချစ်ခင်စဖွယ်ကောင်းသော်လည်း လူ့လောကတွင် မကောင်းမှုတစ်ခုခုကို ကျူးလွန်





ပြီးနောက် သေဆုံးခဲ့သည်မှာ နှစ်အတော်ကြာခဲ့ဟန်တူသည်။ ဝိညာဉ်လောကတွင် နေရပြီး လူ့လောက(သို့)အခြားသော လောကတစ်ခုခု မကူးပြောင်းနိုင်ဘဲ ဖြစ်နေပုံ ပေါ်ပါသည်။

ဤဝိညာဉ်တစ္ဆေသည် လူ့လောကသားတစ်ဦးဦးကို မိတ်ဆွေဖွဲ့လိုပုံပေါ်လေသည်။ တောင်ကုန်းတစ်ခုဘေး ကျေးလက်အိမ်ငယ်လေးတစ်ခုတွင် နေထိုင်ခဲ့ပုံပေါ်သည်။ သူက ကြင်နာသနားစိတ်ရှိပြီး ရဲရင့်သောစိတ်ရှိသူတစ်ဦးအား ဆက်သွယ်ကာ တစ်ခုခုကို ပန်ကြားအကူအညီတောင်းလိုပုံ ရလေသည်။ သို့မှသာ သူတွယ်တာစွဲလမ်း၍ မကျွတ်မလွတ်သော ဝိညာဉ်တစ္ဆေဘဝမျိုးမှ လွတ်မြောက်ခွင့်ရပေမည်။ သို့သော်သူနှင့်ဆုံတွေ့ရသူများက ယင်းအချက်ကို နားလည်ပုံမရခဲ့ပါချေ။

သို့ဖြစ်၍ယင်းကျေးလက်အိမ်ငယ်လေး၏အိမ်နီးနားချင်းများ၏ သတိထားစောင့်ကြည့်စရာ သရဲခြောက်သောအိမ်လေးအဖြစ် နာမည်ကြီးခဲ့ဟန်တူပါသည်။ ဘာသာရေးအရ ရွတ်ဖတ်ဆောင်ရွက်မှုများ ပြုခဲ့ကြသော်လည်း ယင်းဝိညာဉ်တစ္ဆေကိုကား ပျောက်ကွယ်စွန့်ခွာသွားအောင် မလုပ်နိုင်ခဲ့ကြပါချေ။

ကျွန်ုပ်တို့သည် ဤသို့သော ကျေးလက်အိမ်ငယ်လေးသို့ တိုက်တိုက်ဆိုင်ဆိုင် ရွှေ့ပြောင်းရောက်ရှိခဲ့ရခြင်းမှာလည်း ဘဝပေးအခြေအနေတစ်ရပ်ကြောင့်သာ ဖြစ်ခဲ့ရပါသည်။ ယင်းနေရာလေးကို ဝိညာဉ်တစ္ဆေက ပိုင်ဆိုင်နေထိုင်လာခဲ့သည်မှာ ကျွန်ုပ်တို့ ရောက်ရှိခဲ့သောကာလတွင် နှစ်ပေါင်းခြောက်ဆယ်ကျော်ခဲ့ပါချေပြီ။ ဝိညာဉ်တစ္ဆေသည်ကား မျှော်လင့်ချက် ကင်းမဲ့ကာ စိတ်ပျက်အားငယ်နေခဲ့ပုံ

www.burmeseclassic.com

ရသည်။ ဤဖြစ်ရပ်လေးကို အပြည့်အစုံ ပြောပြပြီးသောအခါတွင် စာရှုသူကိုယ်တိုင် ဆုံးဖြတ်ချက်တစ်ရပ် ချကြည့်စေချင်ပါသည်။ ကျွန်ုပ်၏အမြင်ကိုလည်း မျှဝေဖော်ပြပေးသွားပါမည်။ ဝိညာဉ်တစ္ဆေသည် ဤကျေးလက်အိမ်ကလေးနှင့် သစ်ပင်ကြီးတစ်ပင်တို့နှင့် ဆက်နွယ်၍ ကိုယ်ထင်ပြ ခြောက်လှန့်သည်ဟူသောအချက်ကိုကား ကျွန်ုပ်ကိုယ်တိုင်အနေနှင့် မယုံကြည်နိုင်ဖြစ်ခဲ့ရပါသည်။ သို့သော် တကယ်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုဖြစ်ပြီး ကျွန်ုပ်၏မိခင်ကြီးကိုယ်တိုင်ကလည်း ယင်းဝိညာဉ်တစ္ဆေအား လွတ်မြောက်အောင် ကူညီလိုက်ရပုံကို အခိုင်အမာ သက်သေပြနိုင်ပါသည်။ ကျွန်ုပ်ကလေးဘဝက မိသားစု နေထိုင်ရသောဘဝသည်ကြပ်တည်းလှပြီး ကလေး၊ လူကြီး အလုပ်နှင့် လက်မပြတ်ရအောင် လယ်ယာတောတွင် လုပ်ကိုင်ခဲ့ရပေသည်။ အပြောကျယ်သော လောကကြီးတွင် အချိန်နှင့်ဟင်းလင်းပြင် (အာကာသနှင့် ချိန်သော)သဘောလည်း သက်ရောက်နေခဲ့ပါသည်။ လူသားသည် လူ့ကျင့်ဝတ်သီလကို စောင့်ထိန်းနိုင်ရပြီး ဖောက်ဖျက် ကျူးလွန်ပါက လောက.က ပေးသော အပြစ်ဒဏ်ကို ခံရမည်ဟူသော ဘာသာရေး ဆိုဆုံးမမှုကြားတွင် နေထိုင်ခဲ့ရပေသည်။

ယင်းဝိညာဉ်တစ္ဆေသည် ထိုသို့သော ပြစ်မှုတစ်ခုခုကို ကျူးလွန်ခဲ့ပုံပေါ်ပါသည်။ လူသတ်ခြင်းနှင့် ချမ်းသာလိုသောလောဘစိတ်တို့သည် သူ၏ရာဇဝတ်မှု ကျူးလွန်ခဲ့ရခြင်းအဖြစ်မျိုးသို့ ရောက်ရှိစေခဲ့ဟန်တူပါသည်။ သူရာဇဝတ်မှု ကျူးလွန်ခဲ့သော လက်နက်ကိရိယာ တစ်စုံတစ်ရာကို ဖုံးကွယ်မြှုပ်နှံထားခဲ့ပြီး ယင်းပေါ် စွဲလမ်းစိတ်ဖြင့် သေဆုံးခဲ့ကာ မကျွတ်မလွတ်နိုင်ဖြစ်ခဲ့ပုံရပါသည်။ သူကျူးလွန်ခဲ့သော မကောင်း





မှုကံကြောင့် ကယ်သူမဲ့ကာ နာမ်ဝိညာဉ်ဘဝတွင် နှောင်တ၊ ညှိုးငယ်၊ ပူပန်ရသောစိတ်မျိုးဖြင့် နေခဲ့ရပုံပေါ်ပါသည်။ သူအသုံးပြုခဲ့သည့် သွေးစွန်းသော လက်နက်ကိရိယာကို မြှုပ်နှံထားခဲ့သောနေရာကို သူ၏ဝိညာဉ်က စွဲလမ်းစိတ်ဖြင့် တဝဲလည်လည် ရောက်ရှိနေပုံပေါ်သည်။ သူ့အား ထူးခြားဆန်းကြယ်သောစွမ်းအင်တစ်ခုခု(the mysterious force)က ထိုနေရာနှင့် ဆက်စပ်ချည်နှောင်ထားပုံ ပေါ်လေသည်။ ယင်းဘဝမျိုးမှ လွတ်မြောက်ခွင့်ရသည်နှင့် ကျွန်ုပ်၏မိခင်ကို ဆက်သွယ်ပြောကြားသွားခဲ့လေသည်။ ဖြစ်ရပ်ကို ပြောပြပါမည်။

ကျွန်ုပ်၏ဖခင်သည် လယ်ယာလုပ်သားတစ်ဦးဖြစ်ပြီး မြေပိုင်ရှင်အနည်းငယ်မျှထံတွင် ကျွန်များသဖွယ် လုပ်ကိုင်နေထိုင်ခံရလေသည်။ နိုင်ငံသားကောင်း၊ ခင်ပွန်းကောင်း၊ ဖခင်ကောင်းတစ်ဦးဖြစ်ခဲ့သော ဖခင်ကြီးသည် အမှားတစ်ခု ကျူးလွန်ခဲ့မိသည်။ ယင်းအမှားဆိုသည်မှာ လယ်ပိုင်ရှင်၊ မြေပိုင်ရှင်များ၏မတရားသော ဖိနှိပ်မှုကို လက်မခံလိုသောစိတ်ကြောင့် ဖြစ်ပေါ်ခဲ့ရသော အမှားမျိုးဖြစ်သ[illegible] ခေါင်းငုံ့မခံတတ်သောစိတ်ကြောင့်ပင် သူ့လယ်ယာလုပ်ပိုင်[illegible]ပြ ဆုံးရှုံးခဲ့ရသည်။ မြေပိုင်ရှင်၏ မတရား မမျှတမှုကို ရဲရဲဝံ့ဝံ့ [illegible] တုန့်ပြန်ခဲ့မှုကြောင့် အလုပ်မှ အထုတ်ခံခဲ့ရလေသည်။ ဝေးလ[illegible]လေ ပိုင်းတွင် အလုပ်မှ အထုတ်ခံရခြင်းမျိုးကား ပြင်းထန်လွန်းသော[illegible] ဖြစ်ပါသည်။ လယ်သမားများမှာ တစ်ဦးနှင့်တစ်ဦး အဆက်အစပ်[illegible] သတင်းပျံ့လွယ်ကာ ဒေသတစ်ခုလုံးသို့သတင်းပျံ့သွားပြီး အခြားအ[illegible] ရှင်ထံတွင် အလုပ်လုပ်ခွင့် မရနိုင်တော့ပါချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နိုင်ငံ၏အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့ကာ အလုပ်ရှာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

မိုင်ပေါင်းများစွာဝေးကွာသောအရပ်ဒေသတစ်ခုသို့နယ်မြေသစ်ရှာရန် ခရီးထွက်ခဲ့ကြရပါတော့သည်။

အခက်အခဲပေါင်းများစွာကိုတစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ရပြီး နောက်ဆုံးတွင် အထက်က ကျွန်ုပ်ဆိုခဲ့သော တောင်စောင်းတစ်ခုပေါ်ရှိ ကျေးလက်တောအိမ်လေးသို့ ရောက်ရှိခဲ့ရပါသည်။

ထိုခေတ်ကာလက ထိုသို့နယ်မြေပြောင်းခရီးမှာ အခက်အခဲများစွာကြုံခဲ့ရသော ခရီးမျိုးဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင်သည် အလွန်ဝေးလှ၍ ကျယ်ပြန့်စွာ နာရီအတော်ကြာ လျှောက်လှမ်းရာဖွေခဲ့ပြီးမှ နောက်ဆုံးတွင် သေးငယ်ပြီး တစ်ဝက်တစ်ပျက် ပြိုကျပျက်စီးနေပြီဖြစ်သော အိမ်ငယ်လေးတစ်လုံးကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ ယင်းသည် တောင်ကုန်းလေးတစ်ခု၏တစ်ဖက်ခြမ်းပေါ်တွင် ရှိပြီး အနီးဆုံးရွာနှင့် မိုင်ဝက်ခန့် ဝေးကွာလေသည်။ လယ်ယာလုပ်ကိုင်ရမည့်နေရာနှင့် ဝေးလှန်းလှသော်လည်း ရွေးစရာမရှိတော့ဘဲ ယင်းနေရာတွင်သာ နေရပေ ့သည်။ ယင်းချို့ယွင်းပျက်စီးနေသော အိမ်လေးသို့ ပြောင်းရွှေ့ခဲ့ရ ကျ။ နေ့ကို ကျွန်ုပ်ကောင်းစွာမှတ်မိနေခဲ့ပါသည်။

ဘာသ ဂှားထားသောလှည်းပေါ်သို့ပရိဘောဂအစိတ်အပိုင်းအချို့ကို သူက ထုပ်ပိုး၍ လှည်းပေါ်သို့ ခက်ခက်ခဲခဲ တင်ပြီးနောက် လွှန်ခဲ့ ယ်များကို အထုပ်အပိုးများထိပ်သို့ တင်ပေးရသည်။ မိခင်ကြီး သ ျွန်ုပ်တို့က လှည်းဘေးမှ လှည်းမောင်းသမား မောင်းနှင်ရာသို့ ျက်ချင်လိုက်ခဲ့ရသည်။ နေအိမ်တွင်းပစ္စည်းများ နေရာတကျထားပြီး နာရီပေါင်းများစွာကြာသည်အထိ ယင်းနေအိမ်လေး၏တစ္ဆေခြောက် သည့်နာမည်ဆိုးဖြင့် ကျော်ကြားနေခြင်းကို ကျွန်ုပ်တို့ မကြားမသိခဲ့ရပါ





ချေ။ သနား၍ကြောက်တတ်ကာ စိတ်သဘောထားကောင်းပုံပေါ်သော အိမ်နီးချင်းတစ်ဦးမှ ဖြေရှင်းသည်။ ယင်းအိမ်လေး၏အခြေအနေမှန်ကို မပြောဘဲ ထိန်ဝှက်ထားကြောင်း ပြောပြလာခဲ့လေသည်။ ယင်းအိမ်လေးမှာ တစ္ဆေခြောက်လွန်း၍ မည်သူမျှ နေ၍မဖြစ်နိုင်ခဲ့ကြောင်း၊ ယင်းကံမကောင်းသောနေရာမျိုးမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့၍ မိခင်ကြီးအား ထိုအိမ်နီးချင်းက ပြောကြားခဲ့သည်။ အထူးသဖြင့် ကလေးများအတွက် စိုးရိမ်သည်ဟု ထိုသူက ဆိုခဲ့လေသည်။

ကျွန်ုပ်မိခင်ကြီး၏ရဲဝံ့သောအပြုံးကို ကျွန်ုပ်ဘဝတွင် အမြဲအမှတ်ရနေမိမည်သာဖြစ်ပါသည်။ ယင်းသတင်းမျိုးကား ဆဲလ်တစ်ခန့်၏အယူစွဲကြီးမားသော သဘာဝမျိုးအရဆိုပါမူ အလွန်ထိတ်လန့်ဖွယ်ရာသွားလောက်ပါသည်။ အလွန်ပင်ပန်းနေပြီဖြစ်သော ကလေးများ၊ ဝေးလံခေါင်သီသောနေရာ၊ ပတ်ဝန်းကျင်လူနေမှု ဝေးကွာလှမ်းလှခြင်းတို့ကြောင့် ယင်းသတင်းမျိုး ကြားရသည်နှင့် မတ်တတ်က ပစ်လဲကျလောက်ပေသည်။

"ကောင်းပါပြီ...ကောင်းပါပြီ၊ ကျွန်မကိုဒီလိုသတင်းမျိုး ပြောပြပေးတာကျေးဇူးတင်ပါတယ်၊ ကျွန်မ သတိထားပါ့မယ်၊ ဒါပေမယ့် ကျွန်မက တစ္ဆေမကြောက်တတ်ပါဘူး" ဟုပြုံးပြုံးလေးပင်ပြန်ပြောလိုက်လေသည်။

သို့ဖြစ်၍ တစ္ဆေဘွားကနဲ ပေါ်လာလျှင်ပင် ကျွန်ုပ်၏မိခင်ကြီး အနေနှင့် စိတ်အနှောင့်အယှက်ပင်ဖြစ်မည်မဟုတ်ဟု ကျွန်ုပ်တွေးထင်မိခဲ့ပေသည်။

ဖခင်ဖြစ်သူသည် နေအိမ်မှ ဝေးကွာလှသော လယ်တော



www.burmeseclassic.com

www.burmeseclassic.com

သို့ လမ်းလျှောက်သွားရပေရာ အိမ်သို့ ညနေခင်းပိုင်းရောက်မှ ပြန်ရောက်လာပေတော့သည်။ သို့ဖြစ်၍ မိခင်ကြီးနှင့် ကျွန်ုပ်တို့ အိပ်ယာကုတင်များ တပ်ဆင်ခဲ့ကြရသည်။ မိခင်ကြီး ကုတင်ပေါ်တွင် လဲလျောင်းအနားယူလိုက်သည်တွင် ကျွန်ုပ်မြင်ခဲ့ဖူးသမျှထဲတွင် ကြီးမားထွားကျိုင်းလှသော အမွေးထူကြမ်းကြမ်းနှင့် ခွေးကြီးတစ်ကောင်သည် အံ့ဩဝမ်းနည်းလွန်းသော မျက်လုံးများဖြင့် ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။ ခွေးကြီးသည် ရုတ်တရက် ပေါ်ပေါက်လာပြီး မိခင်ကြီး၏ကုတင်ဆီ တိုက်ရိုက်လျှောက်လှမ်းသွားလေသည်။ သူ၏ဦးခေါင်းကို ဂွမ်းကတ်ပေါ် မှေးတင်ကာ သူမ၏မျက်လုံးများကို သနားစဖွယ် စိုက်ကြည့်နေလေသည်။ မိခင်ကြီးက ပြန်စိုက်ကြည့်လိုက်ပြီး ခွေးကြီး၏လှပသော ဦးခေါင်းကြီးကို ဘာမှမပြောဘဲ ကြင်နာစွာ ထိတွေ့ကိုင်တွယ်လိုက်သည်။ ထို့နောက်တွင် ခွေးကြီး၏ပုံရိပ်သွင်မှာ ထူးဆန်းစွာပင် ပျောက်ကွယ်သွားခဲ့လေ၏။

ကျွန်ုပ်သည် ငယ်ရွယ်သေးသော်လည်း ယင်းမှာ ဆန်းကြယ်လှပြီး ကမ္ဘာမြေပေါ်တွင် မတွေ့ဖူးသေးသော သတ္တဝါမျိုးဖြစ်ကြောင်းကား သတိပြုမိခဲ့ပါသည်။ ရှင်းမပြတတ်သော်လည်း ယင်းမှာ တကယ့်ခွေးအစစ် မဟုတ်ကြောင်း သတိပြုမိခဲ့သည်။ မိခင်ကြီးကို ဘာမှမမေးမိခဲ့သလို မိခင်ကြီးကလည်း ဘာမှမပြောပြခဲ့ပါချေ။ မိခင်ကြီးသည် ဖခင်ဖြစ်သူကိုပင် ပြောပြခဲ့မည်ဟု မထင်မှတ်ခဲ့ပါချေ။ ခွေးကြီးသည် ဒုတိယညတွင်လည်း အလားတူ ရောက်ရှိ ပျောက်ကွယ်သွားခဲ့လေသည်။ တတိယညတွင်မူ မိခင်ကြီးက...

“တကယ်လို့ မင်းဟာ ဒုက္ခရောက်နေတဲ့ ဝိညာဉ်တစ္ဆေဆိုရင်





ငါ့ဆီ သင့်လျော်တဲ့ပုံစံမျိုးနဲ့ လာပြီးပြောပြပါ၊ ငါ မင်းကို ကူညီနိုင်ပါလိမ့်မယ်” ဟု ပြောလိုက်လေသည်။

နောက်နေ့တွင် ဝိညာဉ်တစ္ဆေ ပေါ်လာချိန်၌ ကျွန်ုပ် အိမ်တွင်း၌ ရှိမနေခဲ့ပါချေ။ ကျွန်ုပ်၏မိခင်ကြီးသည် မီးဖိုချောင် ကြမ်းပြင်ကို သန့်ရှင်းရေး လုပ်နေချိန်တွင် ချောင်းဟန့်သံ ကြားလိုက်ရပြီး မီးဖိုအနီးတွင် လူစိမ်းတစ်ဦး ရပ်နေသည်ကို တွေ့လိုက်ရလေသည်။ သူ၏လက်မောင်းများကို ကြပ်ခိုးစင်ပေါ်တွင် တင်ထားလေသည်။

“ကျွန်တော် ခင်ဗျားရဲ့ မနေ့ညက ကြင်ကြင်နာနာ ဖိတ်ခေါ်မှုကြောင့် လာခဲ့တာပါ၊ ကျွန်တော့်မှာ အတော်ကို အခက်အခဲ တွေ့နေရပါတယ်၊ ကျွန်တော့်ရဲ့ဝမ်းနည်းကြေကွဲရတဲ့ အခြေအနေကနေ ခင်ဗျား ကူညီကယ်တင်ပေးနိုင်မှာပါ၊ ခင်ဗျား ကူညီပေးမယ် မဟုတ်လား” ဟု ထိုသူက ပြောလိုက်လေသည်။

မိခင်ကြီးက...

“ကျွန်မ တတ်နိုင်သမျှ ကူညီပေးပါမယ်”

ဟု ပြန်လည်ပြောကြားလိုက်လေသည်။

ထိုသူသည် အရပ်မြင့်မြင့် ရုပ်ရည်ချောမောတင့်တယ်သူဖြစ်ပြီး သက်လတ်ပိုင်း အရွယ်လွန်လေးတွင် ရောက်နေဟန်ရှိသည်။ သို့သော် နုပျိုပုံပေါက်ပြီး မီးခိုးရောင်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားရာ ကြမ်းပြင်ကိုပင် ထိနေမတတ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ယဉ်ကျေးစွာ ပြောဆိုနေခဲ့ပေသည်။ မိခင်ကြီးက စကားပြန်ပြောရင်း သူ၏မျက်နှာသွင်ပြင်ကို ဂရုစိုက် ကြည့်နေမိသည်။ မျက်နှာတစ်ဝိုက်တွင် အရောင်စက်ဝန်းဝန်းပတ်နေဟန် ရှိခဲ့လေသည်။ သို့ဖြစ်၍ ထိုသူသည် ဘေးဒုက္ခ

www.burmeseclassic.com

ကြုံနေသော ဝိညာဉ်တစ္ဆေတစ်ဦးဖြစ်ပြီး သူပြုခဲ့သောလုပ်ရပ်အတွက် ပေးဆပ်နေရဟန်ရှိသည်။ သူမက သူ့အား ကူညီလိုခဲ့ပေသည်။

ထိုသူက ဆက်လက်၍...

"ကျွန်တော် ပန်းခြံထဲမှာ ဝှက်ထားခဲ့တဲ့ပစ္စည်းအချို့ ရှိတယ်၊ အဲဒါတွေကိုဖော်ယူပြီး ကျွန်တော်ဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်ပေးစေလိုပါတယ်"

"ဒါ လုပ်ပေးနိုင်ပါတယ်ရှင်"

"ဖြစ်နိုင်ပါတယ်လေ...မှားစရာမရှိပါဘူးဗျာ၊ ကျွန်တော် ပြောတာတွေကို သေသေချာချာ နားထောင်ပြီး ကျွန်တော် မေတ္တာရပ်ခံတဲ့အတိုင်း လုပ်ပေးနိုင်မလား"

သူသည် စိတ်အားထက်သန်လွန်း၍ တကယ်ပင် အမှန်အတိုင်း ပြောနေပုံပေါ်လေသည်။ ကျွန်ုပ်၏မိခင်ကြီးက သူ၏တောင်းပန်ချက်အတိုင်း လုပ်ဆောင်ပေးမည်ဟု ကတိပေးလိုက်လေသည်။

"ပန်းခြံထဲမှာ အမ်းလ်(မ်)ပင်ကြီး(elm tree)တစ်ပင် ရှိတယ်၊ သစ်ပင်ကြီးရဲ့ပင်စည်မှာ အမှတ်အသား လုပ်ထားတဲ့နေရာတစ်ခုရှိတယ်၊ အဲဒီနေရာက ရှေ့တည့်တည့်ကွင်းထဲကို သွားတဲ့ ဂိတ်တံခါးပေါက်လေး ရှိတဲ့နေရာနဲ့ တစ်တန်းထဲ ခြေတစ်လှမ်းအကွာမှာ မြေကြီးကိုတူးလိုက်ပါ၊ နှစ်ပေလောက် တူးမိရင် ပုဆိန်တိုလေးတစ်ခု(a hatched)နဲ့ အိတ်အမဲတစ်လုံးကို တွေ့ရလိမ့်မယ်၊ အိတ်က ချည်မထားဘူးနော်၊ ဒါပေမယ့် ဖွင့်မကြည့်ဘဲ ချည်လိုက်ပါ၊ တောင်ကုန်းစမ်းချောင်းလေး စီးဝင်သွားတဲ့ရေကန်လေးတစ်ခု ရှိတယ်၊ အဲဒီရေကန်လေးအလယ်ဆီ ပစ်ချလိုက်ပါ၊ ပုဆိန်တိုလေးကိုတော့ သိမ်းထားလိုက်





ပါ၊ အခါအခွင့်ရရင် တစ်ခါက ဝမ်းနည်းကြေကွဲနေတဲ့ ဝိညာဉ်တစ္ဆေ ရှိခဲ့တဲ့အကြောင်း အမှတ်ရချင် ရမိပါလိမ့်မယ်...ဒါပါပဲလေ"

ထိုအချိန်လေးတွင်ပင် ကျွန်ုပ် အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ သို့သော် ထိုပုဂ္ဂိုလ်၏အသွင်သဏ္ဍာန်ကား ပျောက်ကွယ်သွားလေပြီ။ ကျွန်ုပ်အနေနှင့် မြင်တွေ့ခွင့်မရတော့ပြီ။ သို့သော် ကျွန်ုပ်နှင့် မိခင်တို့သည် သူပြောကြားခဲ့သော အမှတ်အသားနေရာကို ချက်ချင်းရှာကြည့်ခဲ့ကြသည်။ သူပြောသည့်အတိုင်း သစ်ပင်ကြီးကို ရှာကာ ခြေတစ်လှမ်းစာတွင် မြေကြီးကိုတူးကြည့်လိုက်သည်။ နှစ်ပေခန့် တူးမိလျှင် မာကျောသော သတ္တုတစ်ခုကို သွားထိမိလေသည်။ လူသတ်ခဲ့ရာတွင် သုံးခဲ့ဟန်တူသော ပုဆိန်တိုလေးကို တွေ့ရလေသည်။ ယင်း၏အောက်ဖက်တွင် ထိပ်ကို မချည်ထားသော အိတ်မဲလေးတစ်လုံး ရှိနေသည်။ မိခင်ကြီးက အိတ်ကို ဖွင့်မကြည့်ဘဲ အိတ်မဲလေးကို ချည်နှောင်လိုက်သည်။ ထို့နောက် ခြံဝန်းဂိတ်ပေါက်ဆီ ယူဆောင်ခဲ့လေသည်။

"ငါတို့ အခု ရေကန်လေးဆီ သွားကြရအောင်"

မိခင်ကြီးက ပြောလိုက်သည်။ ထို့နောက် သားအမိနှစ်ဦး စကားပင် မပြောမိတော့ဘဲ တောင်ကုန်းစမ်းချောင်းလေးဆီ လျှောက်လာခဲ့သည်။ နောက်ဆုံးတွင် ရေကန်လေးကို တွေ့ရလေသည်။ မိခင်ကြီးက ယင်းထူးဆန်းသော အိတ်မဲလေးကို ရေကန်အလယ်ဆီ လှမ်း၍ ပစ်ချလိုက်လေသည်။ အိတ်ကလေး ရေကန်ထဲ တဖြည်းဖြည်း နစ်မြုပ်သွားသည်ကို စောင့်ကြည့်နေခဲ့သည်။ နောက်ပိုင်းတွင် ရေကန်အလယ်မှာ နက်ရှိုင်းလွန်းရတကား ရေကန်အခြေ တိုင်းတာရန်ပင် ခဲယဉ်းကြောင်း သိခဲ့ရလေသည်။ ယင်းနေ့မှစ၍ အိတ်ကလေးသည် ပျောက်

www.burmeseclassic.com

ချက်တစ်ရပ်အဖြစ် အမြဲတည်နေတော့မည်ကား သံသယဖြစ်စရာပင် မလိုတော့ပါချေ။

နောက်နေ့နံနက်တွင် မိခင်ကြီးသည် အိမ်မှုကိစ္စများနှင့် အလုပ်များရှိန်၌ ဝိညာဉ်တစ္ဆေ ပြန်လည်ပေါ်လာပြန်သည်။ ယခင်က ဝတ်ဆင်ထားသည့်အတိုင်းဖြစ်သော်လည်း စိတ်သက်သာရာ ရနေပုံ ပေါ်နေခဲ့လေသည်။

"ကျေးဇူးတင်ပါတယ် အစ်မကြီးခင်ဗျား"

သူက သူ၏ယဉ်ကျေးပျူငှာသောအသွင်ဖြင့် ပြောကြားရင်း ပျော်ရွှင်စွာ ပြုံးပြနေလေသည်။

"ခင်ဗျားကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်တဲ့အကူအညီကို ပေးခဲ့တာပါ၊ စိတ်ဆင်းရဲပြီး ခါးသီးစွာ ချုပ်နှောင်ခံရသလိုဖြစ်နေရတဲ့ ဝိညာဉ်တစ်ခုကို သက်သာရာရစေခဲ့တာပါ၊ ကျွန်တော် ခင်ဗျားကို အမြဲ ကျေးဇူးတင်နေမှာပါ၊ အစ်မကြီးရဲ့မိသားစုတို့အတွက် ကျွန်တော်ရဲ့ စွမ်းအားနဲ့ ကူညီပေးပါဦးမယ်...သွားတော့မယ်နော်"

သူပျောက်ကွယ်သွားပြီးနောက် ဘယ်တော့အခါမှ ပြန်ပေါ် မလာခဲ့တော့ပါချေ။

ကျွန်ုပ်၏မိခင်ကောင်းကြီးကလည်း ယင်းသို့အကျဉ်းကျခံနေရသော(spirit in prison)ဝိညာဉ်တစ်ခုကိုအကူအညီပေးလိုက်ရခြင်းအတွက် တွေးမိတိုင်း ပျော်ရွှင်ကျေနပ်ခဲ့ပုံရပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း မိခင်ကြီးနှင့်ထပ်တူ ပျော်ရွှင်ကျေနပ်ခဲ့ရပါသည်။ နောက်ပိုင်းတွင် ယင်းကျေးလက်နေအိမ်လေးတွင် ပုံမှန်မဟုတ်သောဖြစ်ရပ်များ ဖြစ်မလာခဲ့တော့ပါချေ။ ကျွန်ုပ်တို့မိသားစု ချစ်ခင်ပျော်ရွှင်စွာ ကြီးပြင်းလာခဲ့ကြပြီး နောက်ပိုင်းတွင် ကြွယ်ဖိုးကြွယ်ဝ ဖြစ်လာခဲ့ရပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်တစ္ဆေ ချစ်မိတ်ဆွေကြီးက သူပြောခဲ့သည့်အတိုင်း ကျွန်ုပ်တို့မိသားစုကို စွမ်းအားရှိသမျှ နောက်ကွယ်မှ ကူညီ၍ ကံကောင်းစေခဲ့ဟန်ရှိပါသည်။ သူက သူ တတ်စွမ်းသမျှ ကျွန်ုပ်တို့အား ကျေးဇူးဆပ်ခဲ့လေသည်ဟုသာ ကျွန်ုပ် တွေးထင်မိရင်း ဝိညာဉ်တစ္ဆေ ချစ်မိတ်ဆွေကြီးကို ယခုတိုင် အမှတ်ရနေဆဲ ဖြစ်ပါသတည်း။



**ကျမ်းကိုး**

Adventure in the supernatural မှ FREDRICK STREETER ၏ THE GHOSTLY VISITOR ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



(၁၈၈၃)ခု၊ နိုဝင်ဘာ(၂၅)ရက်၊ ကက်ရှမီးယား။

ဒမိုးဒါးကို ကျွန်တော် မတွေ့ရတော့ပါ။ ရှာဖွေရန်လည်း မလွယ်ပါ။ စုံတစ်ရာ သဲလွန်စ ထားခဲ့ခြင်းမရှိ၊ ကျွန်တော်သည် အိပ်ခန်းပြူတင်းက်ကို ဖွင့်ခဲ့ပြီး ခြံတွင်းသို့ လှမ်းကြည့်မိပါသည်။

# လှမိုး
## (ပညာရေး)

**ရှမ်ဖဲလားရာပုံတော်**

www.burmeseclassic.com

www.burmeseclassic.com

လူရိပ်လူခြေ မတွေ့ရပါ။ တည်းခိုနေသည့် ကက်ရှမီးရား စော်ဘွားကြီး (မဟာရာဇာ) တောလိုက်စံအိမ်ရှိ အိပ်ခန်းလေးခန်းအတွင်း အနှံ့အပြား လိုက်ရှာပါသည်။ အလင်းရောင် ပျို့လာပြီဖြစ်၏။ အရှေ့လောကဓါတ်မှ တက်သစ်စနေ၏ရောင်ခြည်များသည် တောလိုက်စံအိမ်တော်အဝရှိ ဥဩင်ပင်ကြီး၏ထိပ်ဖျားကို ရွှေရောင်တောက်နေလေသည်။ ဖော်ကွဲ ဂျိုးကလေးတစ်ကောင်၏အော်မြည်သံသည် လွမ်းမောတသဖွယ် ဖြစ်၏။ ဒမိုးဒါး ဘယ်ထွက်သွားခဲ့သနည်း ကျွန်တော်မသိပါ၊ သူအဝတ် အစား ထည့်ထားသည့် လက်ဆွဲသေတ္တာ၊ သူဝတ်လေ့ရှိသည့် မိုးကာ အင်္ကျီအားလုံး ခြေရာလက်ရာမပျက် တွေ့နေရသည်။

ကျွန်တော်သည် စိတ်ပျက်စွာဖြင့် အိပ်ခန်းတွင်းသို့ ပြန်ဝင် လာခဲ့မိ၏။ အံ့ဩဖွယ် ကောင်းလေစွ၊ ကျွန်တော့် ခုတင်ဘေးရှိ စားပွဲ တင်နာရီကလေး ထားသော စားပွဲပေါ်တွင် ရှမ်ဗဲလားမှ ဆရာအရှင်များ ထံမှ ပေးပို့သော သဝဏ်လွှာတစ်စောင်ကို တွေ့ရသည်။ စာအိတ်ပေါ် တွင် တရုတ်စာ အမှတ်တံဆိပ် ရိုက်နှိပ်ထားသည်၊ ကျွန်တော် ဒမိုးဒါးကို အိပ်ရာမှ နှိုးရန် ထွက်စွာမသွားမီ စားပွဲပေါ်တွင် စားပွဲတင်နာရီမှအပ ဘာမျှမရှိ၊ ကျွန်တော့်အိပ်ခန်းတွင်းသို့လည်း မည်သူမျှ ဝင်မလာ ထူးဆန်း၍ ကျွန်တော် နားမလည်နိုင်ပါ။ စာတွင် ဒမိုးဒါးအတွက် စိတ်မပူ ရန်နှင့် မကြာမီ ပြန်ရောက်လာမည်ဟု ဆရာသခင်များက ညွှန်ကြား ထားသည်။

အထက်ဖော်ပြပါစာပိုဒ်သည် သီအိုဆိုဖီအသင်းတော်ကြီး၏ ဥက္ကဋ္ဌကြီးနှင့် ဗုဒ္ဓဘာသာပုစ္ဆာဝိသဇ္ဇနာကျမ်း The Buddhis Catechism ပြု ဗိုလ်မှူးကြီးအော်လကော့ ရေးသားခဲ့သော ဒိုင်ယာရီ





အဟောင်း၏စာမျက်နှာများ (Old Diary Leaves)စာအုပ် တတိယ တွဲမှ ဆီလျော်အောင် ထုတ်နှုတ်ပြန်ဆိုထားခြင်းဖြစ်သည်။

သီအိုဆိုဖီ အသင်းတော်ကြီးကို အမေရိကန်လူမျိုး၊ ဗိုလ်မှူး ကြီး အော်လကော့နှင့် မဒမ်ဗလာဘတ်စကီတို့သည် (၁၈၇၅)ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နယူး ယောက်မြို့၌ စတင်ဖွဲ့စည်းခဲ့၏။ လေးနှစ်ကြာမြင့်ခဲ့သောအခါတွင် အဖွဲ့ချုပ်တည်ရာဌာနကို မဒမ်ရမ်ပြည်နယ်(ယခု တမိနာဒူးပြည်နယ်) အဒယာမြို့သို့ ပြောင်းရွှေ့လာခဲ့သည်၊ ကမ္ဘာ့သီအိုဖိုဆီ အဖွဲ့ချုပ်တည်ရာ ဌာနမှာ ထိုအချိန်က စတင်ပြီး ယနေ့တိုင်အောင် အဒယာမြို့၌ပင် ရှိနေ သည်။

ဗုဒ္ဓဘာသာဝင် ဗိုလ်မှူးကြီး အော်လကော့သည် ဗုဒ္ဓဘာသာ လက်စွဲကျမ်းကို ပြုစုခဲ့ပြီးနောက် သူ၏ နာမည်ကျော် ဒိုင်ယာရီ အဟောင်း၏စာမျက်နှာများ စာအုပ်ကြီးကို အတွဲပေါင်း(၆)တွဲ ပြုစုခဲ့၏။ စာမျက်နှာပေါင်း(၂၀၀၀)ကျော်(၃၀၀၀)နီးပါး ရှိခဲ့ပြီး သီအိုဆိုဖီအသင်း တော်ကြီး စတင်တည်ထောင်ရာမှ စ၍ရေးသားထည့်ခဲ့၏။ ထူးခြားသည့် မဟာခရီးသွားမှတ်တမ်းကြီးနှင့် သာသနာပြုမှတ်တမ်းကြီးဖြစ်လေ သည်။

ဗိုလ်မှူးကြီး အော်လကော့နှင့် အတွင်းရေးမှူးကြီး မဒမ်ဗလာ ဘတ်စကီတို့ ဘုံဘေမြို့သို့ ရောက်ရှိစဉ် လာရောက်ကြိုဆိုသူများ အနက် ထူးခြားသော ဒမိုးဒါးကို တွေ့ဆုံခဲ့ကြသည်။ သူ့နာမည်အပြည့် အစုံမှာ ဒမိုးဒါးကေမဝလင်္ကာဖြစ်၏။ ဟိန္ဒူမိသားစုမှ ပေါက်ဖွားသူတစ်ဦး ဖြစ်သော်လည်း ထူးခြားသည့် ပါရမီရှင် လူငယ်ဖြစ်သည်၊ ဘာသာရေး



www.burmeseclassic.com

www.burmeseclassic.com

ကိုင်းညွတ်သူများဖြစ်သော်လည်း ဒမိုးဒါးမှာ ယေစဉ်ကပင် ဗုဒ္ဓဘာသာကို စိတ်ဝင်စားခဲ့၏။ သူ့မိရိုးဖလာ ဘာသာအပေါ် စဉ်းစားစရာဖြစ်သည်ဟု ထင်သည်။ ဗာရာဏသီစသော မြို့ကြီးများသို့ ရောက်ခဲ့စဉ်က ယောဂီကြီးများ၏ကျင့်စဉ်တွေကို လေ့လာခဲ့၏။ ထူးခြားသည့် ယောဂီကြီးများ၏အံ့မခန်းသော စွမ်းရည်များဖြစ်သည့် အစာမစား၊ ရေမသောက်၊ သံဆူးများပေါ်တွင် နေခြင်း၊ ရေပေါ်တွင် အိပ်လျက် တရားကျင့်ခြင်း စသည်တို့သည် ဒုက္ခတွေ ပင်လယ်ဝေနေသည့် လူသားများအတွက် မည်သို့အကျိုးဆောင်နိုင်ပါသနည်း။ မွန်မြတ်ပြည့်ပြည့်ဝသတရားကို နားလည်လာသည်။

ဤသို့ဗုဒ္ဓတရားတော်ဘက်သို့လေ့လာလိုက်စားရန် ဆုံးဖြတ်ခဲ့စဉ်တွင် သီအိုဆိုဖီအသင်းကြီး တည်ထောင်ခဲ့ကြသည့် ဗိုလ်မှူးကြီး အော်လကော့နှင့် မဒမ်ဗလာဘတ်စကီတို့ အဒယာသို့ ရောက်ရှိလာခြင်းနှင့် ကြုံလာခဲ့၏။ ထိုအသင်းကြီး၏ ရည်ရွယ်ချက်ဖြစ်သော အမျိုးဇာတ်၊ အယူဝါဒ၊ အတန်းအစားမခွဲ ညီရင်းအစ်ကိုစိတ် ထားရှိရန်၊ ဘာသာတရား ဒဿနဗေဒ၊ သိပ္ပံပညာကို လေ့လာရန်နှင့် လူသားတို့ မသိရသေးသည့် ငုပ်လျှိုးနေသော အစွမ်းသတ္တိများကို လေ့လာရန်ဟူသည့်အချက်များကို ဒမိုးဒါးက သဘောကျသည်။ ဘဝဟောင်းမှ ပါလာသော ပါရမီ ရေစက်တို့ကြောင့် ဆရာများ ရှိရာ ရှမ်ဗဲလားသို့ ခရီးထွက်လိုသည်။ ငယ်စဉ်ကပင် ထူးခြားသော အိပ်မက်များ မြင်မက်သူ ဒမိုးဒါးသည် တစ်နေ့တွင် ဆရာသခင်များနှင့် မလွဲမသွေ တွေ့ရမည်ဟု ယူဆသည်။

သီအိုဆိုဖီ အသင်းတော်ကြီးကို တည်ထောင်သူနှစ်ဦးမှာ





လည်း ရှမ်ဗဲလား သူတော်စင်များနှင့် မနောအဆက်အသွယ်အားဖြင့်လည်းကောင်း၊ သဝဏ်လွှာဖြင့်လည်းကောင်း ဆက်သွယ်နိုင်သည်ဟု ဒမိုးဒါးက ယုံကြည်သည်။ သို့ဖြစ်၍ ဗိုလ်မှူးကြီးအော်လကော့နှင့်မဒမ်ဗလာဘတ်စကီတို့ကို တွေ့လျှင်တွေ့ချင်း အသင်းဝင်လျှောက်လွှာကို တင်သွင်းခဲ့သည်။ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကြီးတို့ကလည်း ဆရာအရှင်များမှ မနေ့ဖြင့် ညွှန်ကြားပြီးဖြစ်၍ ဒမိုးဒါးအား သီအိုဆိုဖီအသင်းသားအဖြစ် လက်ခံခဲ့သည်။

အသင်းတော်ကြီးသည် ပါရမီရှင် မျိုးဆက်သစ် လူငယ်များကို မွေးထုတ်၍ ဆရာသခင်များ အမိန့်အတိုင်း တာဝန်ပေးခဲ့ကြသည်။ အသင်းတော်ကြီးမှ မွေးထုတ်ခဲ့သူများတွင် အာနာဂါရိကာ၊ ဓမ္မပါလ၊ ဒမိုးဒါးနှင့် ကရိရှနမူရတီတို့ဖြစ်ကြ၏။ အနာဂါရိက ဓမ္မပါလ၏ငယ်နာမည်မှာ ဒွန်ဒေးဗစ်ဖြစ်သည်။ အသက်(၁၈)နှစ်အရွယ်တွင် ဓမ္မပါလသည် သီရိလင်္ကာနိုင်ငံ၊ ဗုဒ္ဓဘာသာ သီအိုဆိုဖီ အသင်းကြီး၏လှုပ်ရှားမှုများတွင် ပါဝင်လာခဲ့၏။ သီရိလင်္ကာနိုင်ငံသို့ ရောက်လာသော ဗုဒ္ဓဘာသာ သီအိုဆိုဖီအသင်းခေါင်းဆောင် ဗိုလ်မှူးကြီးအော်လကော့နှင့် မဒမ်ဗလာဘတ်စကီနှင့် တွေ့ဆုံခွင့်ရပြီး သီအိုဆိုဖီအသင်း၏လှုပ်ရှားမှုများတွင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့၏။ သူ့ငယ်နာမည်ကို ဒွန်ဒေးဗစ်မှ ဓမ္မပါလ ဟူ၍ ပြောင်းပစ်လိုက်၏။ အိန္ဒိယမှ ပါလာသူ ဒမိုးဒါးနှင့်လည်း ဆုံကြသည်။ ဤကဲ့သို့ ပါရမီရှင်များ ဆုံတွေ့ရခြင်းသည် သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းတွင် တစ်ခေတ်ဆန်းရျိန်ဖြစ်၏။

ဥက္ကဋ္ဌကြီး အော်လကော့နှင့် မဒမ်ဗလာဘတ်စကီတို့ သွားရာသို့ လိုက်ပါလာခဲ့သော ဒမိုးဒါးနှင့် ဓမ္မပါလတို့သည် စကားပြန်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ကြ၏။ တဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ကြေညာပေးရန် ဗြိတိသျှကိုလိုနီ နယ်ချဲ့သမားကို အပြင်းအထန်တောင်းဆိုမှုတွင် ပါဝင်ခဲ့ကြ၏။ သီရိလင်္ကာနိုင်ငံတွင် အမျိုးသားယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရာတွင် တာဝန်ပေးရန် ရှမ်ဗဲလားမှ သူတော်စင်များက လမ်းညွှန်ခဲ့သည်။

သို့ဖြစ်၍ (၁၈၉၁)ခုနှစ်၌ ဓမ္မပါလသည် ဗုဒ္ဓဂါယာသို့ ရောက်လာခဲ့၏။ ဗုဒ္ဓဂါယာ၏အခြေအနေမှာ များစွာစိတ်မချမ်းမြေ့စရာ ဖြစ်နေသည်။ ရှင်တော်မြတ်ဘုရား သစ္စာလေးပါးကို သိမြင်တော်မူ၍ သမ္မာသမ္ဗုဒ္ဓအဖြစ်ရောက်တော်မူရာဒေသ ဖြစ်သော်လည်း ဟိန္ဒူဘုန်းတော်ကြီး မဟန့်က သိမ်းပိုက်အပိုင်စီးထားခဲ့၏။ ဗုဒ္ဓဘာသာဝင်များအတွက် အရေးကြီးဆုံး အထွတ်အမြတ်ဆုံး ဗောဓိပင်နှင့် မဟာဗောဓိစေတီတော်တို့မှာ ပျက်စီးယိုယွင်း ပြုပြင်မည့်သူမရှိ ဖြစ်နေ၏။ ဗုဒ္ဓဂါယာမှာ ဟိန္ဒူဘုန်းတော်ကြီး မဟန့်၏ကိုယ်ပိုင်ဖြစ်နေသည်။ ထို့ကြောင့် သီအိုဆိုဖီအသင်းတော်ကြီး၏လမ်းညွှန်ချက်နှင့် မဟာဗောဓိပင်ကြီး နေရာမှန် ပြန်ရောက်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည်။ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ရသည်။

ဗုဒ္ဓဂါယာတွင် ဓမ္မပါလသည် မင်းတုန်းမင်းကြီး လှူဒါန်းဆောက်လုပ်ထားသည့် တန်ဆောင်းတွင် နေထိုင်လျက် မဟာဗောဓိပြန်လည်ရရှိရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ရ၏။ နောင်တွင် မဟာဗောဓိအသင်းကြီးကို တည်ထောင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့လက်သို့ မဟာဗောဓိစေတီတော်ကြီး ပြန်ရရေးကို လှုံ့ဆော်တိုက်တွန်းခဲ့၏။





ကမ္ဘာ့အရပ်ရပ် လှည့်လည်၍လည်း ဗုဒ္ဓတရားတော်ပြန့်ပွားရေး ဆောင်ရွက်ခဲ့သည်။ သီအိုဆိုဖီအသင်း ဥက္ကဋ္ဌကြီး ဗိုလ်မှူးကြီး အော်လကော့နှင့်အတူ ဂျပန်ပြည်သို့ သွားရောက်ခဲ့ကြသည်။

ဂျပန်ပြည်မြို့ကြီးများတွင် ဂျပန်ဗုဒ္ဓဘာသာ ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ဗုဒ္ဓတရားတော်ပြန့်ပွားရေး ဆွေးနွေးခဲ့ကြ၏။ ဓမ္မပါလကား ထူးခြားသော ပုဂ္ဂိုလ်ထူးဖြစ်၏။ ဆရာသခင် သူတော်စင်တို့ ပေးပို့ခဲ့သည့် သဝဏ်လွှာများတွင် ကြိုတင် နိမိတ်ဖတ်သည့်အတိုင်း ကမ္ဘာ့ကျော် ဗုဒ္ဓဘာသာပြန့်ပွားရေး ဆောင်ရွက်သူဖြစ်လာခဲ့သည်။ (၁၈၉၃)ခုနှစ်၌ အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တွင် ကျင်းပသော ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံကြီးတွင် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့လေသည်။

ဓမ္မပါလသည် မဟာဗောဓိစေတီ နေရာမှန် ပြန်ရောက်ရှိရေးကို ကြိုးစားအားထုတ်ခဲ့သော်လည်း သူ့ကြိုးပမ်းချက် အောင်မြင်နိုင်ခြင်းကို မြင်မသွားရရှာ။ သူကွယ်လွန်ပြီး (၁၉၅၃)ခုနှစ်ရောက်မှ ဗုဒ္ဓဂါယာမဟာဗောဓိစေတီတော်ကို မဟန့်လက်မှ သိမ်းယူခဲ့ပြီး ဗုဒ္ဓဘာသာဝင်များ ပါဝင်သော ကော်မတီလက်ထဲ ရောက်ရှိခဲ့လေသည်။

ဒမိုးဒါးကိုမှ ရှမ်ဗဲလားမှ သူတော်စင် အရှင်သခင်တို့သည် ရှမ်ဗဲလားသို့ လာရောက်၍ တရားဓမ္မ ရှာဖွေရန် တာဝန်ပေးလိုက်သည်ဟု ဆို၏။ ဒမိုးဒါးကိုယ်တိုင်ကလည်း ရှမ်ဗဲလား သူတော်စင်တို့နှင့် တွေ့လိုသည်။ ဗုဒ္ဓတရားအစစ်အမှန်ကို ကျင့်ကြံအားထုတ်လိုသည်။ သူသီအိုဆိုဖီ အသင်းသားအဖြစ် စတင်ဆက်သွယ်စဉ်ကမူ သေးသွယ်၍ ကျန်းမာရေးချို့တဲ့သူ၊ ပိန်ပိန်ပါးပါး နွဲ့နှောင်းသူဖြစ်၏။ သို့ဖြစ်၍ ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com

ကြီး အော်လကော့၏ ဒိုင်ယာရီအဟောင်း၏စာမျက်နှာများ တတိယတွဲ၌ ဒမိုးဒါးသည် သေးသွယ်နွဲ့နှောင်း၍ ထိုစဉ်က နာမည်ကျော် ပြဇာတ်မင်းသမီး ဆရာဘန်းဟာဒ်နှင့် တူသည်ဟု ရေးသားခဲ့သည်။ သူ့အား ရှီဂတ်ဆီမှတစ်ဆင့် ရှမ်ဗဲလား ရာပုံတော်ဖွင့်ရန် လွှတ်ရမည်ဆိုလျှင် ကျန်းမာရေးကြောင့် ဖြစ်နိုင်ပါ့မလားဟု ထင်ခဲ့ကြ၏။

(၁၈၈၃)ခု၊ နိုဝင်ဘာလ(၂၁)ရက်နေ့ နံနက်တွင် ဒမိုးဒါး ပျောက်ကွယ်သွားပြီး နာရီပိုင်းအတွင်း အင်္ဂလန်နိုင်ငံတွင် ရောက်ရှိနေသော သီအိုဆိုဖီ အသင်းတော်ကြီး အတွင်းရေးမှူး မဒမ်ဗာလာဘတ်စကီထံမှ သံကြိုးစာ ရောက်ရှိလာခဲ့၏။ ထိုသံကြိုးစာတွင် ဒမိုးဒါးအတွက် စိုးရိမ်သောက မရောက်ရန် မကြာခင်အတွင်း ဆရာအရှင်များ၏ လမ်းညွှန်မှုကို ခံယူ၍ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း ပါဝင်ခဲ့သည်။ အဒယာရှိသီအိုဆိုဖီ အသင်းဝင်များ၊ ဥက္ကဋ္ဌကြီး အော်လကော့နှင့်အမှုဆောင်များ၊ မိုးဒါး၏မိဘဆွေမျိုးများသည် ထူးခြားသည့်သံကြိုးစာကြောင့် အံ့သြခဲ့ရသည်။ မိုင်ပေါင်း(၂၀၀၀)ကျော် ဝေးကွာသော အင်္ဂလန်နိုင်ငံတွင် ရောက်ရှိနေသူ မဒမ်ဗာလာ ဘတ်စကီသည် နာရီပိုင်းအတွင်းပျောက်ဆုံးနေသူ ဒမိုးဒါးအကြောင်း မည်ကဲ့သို့ သိရှိနိုင်သနည်း။ ကျွန်တော်တို့ သာမန်လူများ နားမလည်နိုင်၊ နားလည်နိုင်ရန်လည်း ဉာဏ်မမီပေ။

နိုဝင်ဘာ(၂၇)ရက်နေ့ နေဝင်ခါနီးတွင် ဒမိုးဒါးသည် ဗိုလ်မှူးကြီး အော်လကော့နှင့်အတူ တည်းခိုနေခဲ့သည့် မဟာရာဇာတ် တောလိုက်စံအိမ်သို့ ရောက်ရှိလာခဲ့၏။ သူပျောက်ကွယ်သွားခြင်းသည် နာရီပေါင်း(၆၀)သာ ကြာမြင့်ခဲ့သည်။





သူ ဤကဲ့သို့ ပျောက်ကွယ်ခြင်း မရှိမီကမူ သူ၏ရုပ်အဆင်းသည် ဖျော့တော့၍ အားနည်းနေသည်။ နာလန်တစ်ယောက် အသွင်သဏ္ဌာန်ဖြစ်သော်လည်း ပြန်လည်ရောက်ရှိလာသောအခါ သူ့ပုံပန်းသဏ္ဌာန်သည် ထူးထူးခြားခြား ပြောင်းလွဲနေ၏။ ကျန်းမာတောင့်တင်း၍ ဖျတ်လတ်လျက်ရှိပြီး သူ၏ကိုယ်ခန္ဓာမှာလည်း ကျစ်ကျစ်လစ်လစ် တောင့်တင်းသည့် လူငယ်တစ်ဦး ဖြစ်နေသည်။ အံ့သြဖွယ်ရာဖြစ်သည်။ နာမည်ကျော် ပဉ္စလက်ပြပွဲများတွင် တွေ့ရသကဲ့သို့ပင်ဖြစ်၏။ အဘယ်ကြောင့် နာရီပေါင်း(၆၀)အတွင်း လူတစ်ယောက်သည် ထူးထူးခြားခြား ပြောင်းလွဲသွားခဲ့သည်။ သိပ္ပံပညာနှင့် ရှင်းလင်းနိုင်ခြင်းအချက်တော့ မဟုတ်တော့။ ဒမိုးဒါး၏မိသားစုနှင့် အဒယာရှိ သီအိုဆိုဖီ အသင်းဝင်များအားလုံးလိုလို ထူးခြားသည့် ဤဖြစ်ရပ်ကို မေ့နိုင်ကြလိမ့်မည် မဟုတ်။

ဒမိုးဒါးသည် ဆရာသခင်များနှင့် တွေ့ဆုံခဲ့သလား၊ သူ နာရီ(၆၀)အတွင်း မည်သည့်နေရာကိုရောက်ခဲ့သနည်း။ သူ မည်သူ့မျှအသိမပေးဘဲ ထွက်သွားခြင်းကို အဘယ်ကြောင့် မိုင်ပေါင်း(၂၀၀၀)ကျော် ဝေးကွာသည့်နေရာမှ မဒမ်ဗာလာ ဘတ်စကီ သိရှိခဲ့ရသနည်း။ ထူးခြားသော စိတ်စေတသိက်တို့၏ဖြစ်စဉ်ဟူ၍သာ ဆိုကြ၏။ ဒမိုးဒါးအားလည်း သူမည်သည့်နေရာ ရောက်ခဲ့သည်ကို မည်သူမျှ မေးမြန်းစုံစမ်းခြင်းလည်းမရှိ။ သီအိုဆိုဖီအသင်းကြီး၏သမိုင်းတွင် ဤဖြစ်ရပ်သည် အထူးခြားဆုံးဖြစ်ရပ်ဟုဆို၏။

ဤကဲ့သို့ ဒမိုးဒါးပြန်ရောက်လာပြီးနောက် ရှမ်ဗဲလားမှ သဝဏ်လွှာများသည် တစ်စောင်ပြီးတစ်စောင် ရောက်ရှိလာခဲ့ကြသည်။ သီအို



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖီအသင်းတော်ကြီး၏ အမှုဆောင်များ ဖြစ်သော အေပီဆင်းနက် လီဗီတာနှင့် ဒမိုးဒါးတို့ထံသို့ တစ်စောင်ပြီးတစ်စောင် သဝဏ်လွှာများ ရောက်ရှိလာခဲ့၏။ ထိုသဝဏ်လွှာများ မဒမ်ဗလာဘာတ်စကီထံ ရောက်ရှိသည့် သဝဏ်လွှာများကို စုပေါင်း၍ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်ကြီးတွင် ပြသထားခဲ့၏။ စာအုပ်တွဲပေါင်း (၇)တွဲရှိသည်ဟု ဆိုကြသည်။

အထက်ဖော်ပြပါ ရှမ်ဗဲလားမှ ပေးပို့သော သဝဏ်လွှာများ အနက် သီအိုဆိုဖီအသင်းတော်ကြီး၏အမှုဆောင်လူကြီးနှင့် "Pioner" သတင်းစာကြီး၏အယ်ဒီတာချုပ် အေပီဆင်းနက် (A.P Sinnett)ထံ ပေးပို့သောစာအမှတ် ၈၊ ၉၊ ၁၄၊ ၁၆၊ ၃၀၊ ၄၈၊ ၅၀ တွင် ဒမိုးဒါးအကြောင်း ဖော်ပြထားသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရသည်။ မည်သို့ပင်ဖြစ်စေကာမူ ဒမိုးဒါးသည် ရှမ်ဗဲလားမှစေလွှတ်သော စေတမန်နှင့် တွေ့ဆုံခဲ့သည်မှာ မည်သူမျှ ငြင်းဆိုနိုင်သောအချက် မဟုတ်ပေ။ ပါရမီရှင်များအား ကျင့်ကြံအားထုတ်ရမည့် တရားနည်းလမ်းများကို ညွှန်ကြားလေ့ရှိသည်မှာ အထင်အရှားဖြစ်၏။

ဥက္ကဋ္ဌကြီးဖြစ်သူ ဗိုလ်မှူးကြီးအော်လကော့၏မှတ်တမ်းတွင် ဒမိုးဒါးသည် သီအိုဆိုဖီ အသင်းတော်ကြီး၏သမိုင်းတွင် မှတ်တိုင်တစ်တိုင်ဖြစ်ပေသည်၊ သူ့ပါရမီ၊ သူ၏ဗုဒ္ဓတရားတော်ကို ယုံကြည်မှု၊ အသင်း၏တရားများကို ယုံကြည်မှု၊ အသင်း၏တရားများကို လေ့လာမှုမှာ ထူးခြားပါသည်ဟု ရေးသားဖော်ပြခဲ့၏။ ဒမိုးဒါးသည် ဆရာသခင်များ၏ညွှန်ကြားချက်အတိုင်း မလွဲမသွေ ရှမ်ဗဲလား ရှာပုံတော်ဖွင့်ရန် ထွက်ခွာသွားလိမ့်မည်ဟု အားလုံးက မျှော်လင့်ထားခဲ့ကြ၏။ မျှော်လင့်ထားခဲ့သည့်အတိုင်း (၁၈၈၅)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင်မှ





အဒယာမြို့ရှိအသင်းတော်ကြီး၏ဌာနချုပ်မှ ရှမ်ဗဲလား ရှာပုံတော်ဖွင့်ရန် တိဘက်သို့ ထွက်ခွာသွားခဲ့လေတော့သည်။ ထိုစဉ်က အဒယာမြို့ အသင်းတော်ကြီး ဌာနချုပ်တွင် မဒမ်ဗလာဘာတ်စကီမှာလည်း မရှိပေ။ လန်ဒန်မြို့တွင် ရောက်ရှိနေခဲ့ပြီး ဥက္ကဋ္ဌကြီးဖြစ်သူ ဗိုလ်မှူးကြီး အော်လကော့မှလည်း သီပေါဘုရင်မင်းမြတ်၏ ဖိတ်ခေါ်ချက်ကြောင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာပြည်သို့ ရောက်ရှိနေချိန်ဖြစ်၏။

ဒမိုးဒါးသည် ဒါဂျီလင်မြို့မှ ရှီဂတ်ဆီသို့ ထွက်ခွာလာခဲ့သည်။ ရှီဂတ်ဆီတွင် ရှမ်ဗဲလားမှ စေလွှတ်သော တမန်တော်ဖြင့် တွေ့ဆုံခဲ့သည်ဟု ဆိုကြသည်။ ရှီဂတ်ဆီမှ ဆရာသခင်တို့၏လမ်းညွှန်မှုအတိုင်း တိဘက်ပြည်တွင်းသို့ ဝင်ခဲ့သည်။ ဆစ်ကင်းပြည်နယ်ကို ဖြတ်၍ ဂိုဘီ သဲကန္တာရဘက်သို့ ထွက်ခွာသွားသည်ဟု ဆိုကြ၏။ ဒမိုးဒါး ထွက်ခွာသွားခဲ့ပြီး အသင်းဝင်အချို့နှင့် အဆက်အသွယ် ရရှိခဲ့သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။

(၁၈၈၅) ဇူလိုင်လတွင် ဒမိုးဒါး၏ အဝတ်အစားများကို ဆစ်ကင်းပြည်နယ် တောတွင်းတစ်နေရာတွင် တွေ့ရသည်ဟု သတင်းများက ထွက်ပေါ်လာခဲ့၏။ သို့ဖြစ်၍ သာမန်လူမျိုးများကမူ ဒမိုးဒါး ကွယ်လွန်သွားခဲ့ကြသည်ဟု ထင်မှတ်ကြသည်။ ဥက္ကဋ္ဌကြီး ကာနယ် အော်လကော့ကမူ ဒမိုးဒါးသည် လူဝတ်စုံကို စွန့်ပစ်၍ ဆရာသခင်တို့ ပေးအပ်သည့် သူတော်စင်ဝတ်စုံကို ဝတ်၍ သူ့ လုပ်ငန်းကို သူဆောင်ရွက်ရန် လူ့ရပ်လူ့ရွာကို စွန့်ခွာသွားခဲ့ပြီဟု ထုတ် ဖော်ပြောဆိုခဲ့သည်။

ထူးထူးဆန်းဆန်း ရက်အနည်းငယ်အတွင်း ဒမိုးဒါး၏အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားများနှင့် နေ့စဉ်မှတ်တမ်းသည် အဒယာမြို့အသင်းကြီး ဌာနချုပ်သို့ ရောက်ရှိလာခဲ့သည်။ အမှတ်မထင် တွေ့ရခြင်း ဖြစ်၏။ မည်သူသည် ဒမိုးဒါး၏အဝတ်အစားများနှင့် နေ့စဉ်မှတ်တမ်းများကို ယူဆောင်လာခဲ့သနည်း။ မည်သူမျှ ပြောပြနိုင်စွမ်းမရှိ၊ ဝေးကွာသော သွားလာရန် ခက်ခဲသည့် ဆစ်ကင်းပြည်နယ်မှ ထိုပစ္စည်းများနှင့် နေ့စဉ်မှတ်တမ်းကို ရက်အနည်းငယ်အတွင်း အဒယမြို့သို့ ရောက်ရှိလာနိုင်ရန် မလွယ်ကူပါ။

ဒမိုးဒါး၏နေ့စဉ်မှတ်တမ်းမှာ (၁၈၈၅)ခု၊ ဖေဖော်ဝါရီလ(၂၃) ရက်နေ့မှ ဧပြီလ(၂၃)ရက်နေ့အထိ မှတ်သားထားသည့် နေ့စဉ်မှတ်တမ်း တစ်ပိုင်းတစ်စ ဖြစ်သော်လည်း သီအိုဆိုဖီအသင်း၏သမိုင်းတွင် မတ်လ(၃၀)ရက်နေ့တွင် ရှမ်ဗဲလားမှ စေလွှတ်သူနှင့် တွေ့ရသည့် အကြောင်းကို ဖော်ပြထားသည်၊ လာရောက်ကြိုဆိုသည့် တမန်တော်နှင့် အကြိမ်ကြိမ် တွေ့ရပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လမ်းညွှန်ချက် ရရှိသည့်အကြောင်းကို ရေးသားထားခဲ့သည်။

ဧပြီလ(၂၃)ရက်နေ့တွင် ထို(Kabi)မှ ထွက်ခွာခဲ့ပြီး သူ့နေ့စဉ်မှတ်တမ်းနှင့် ပစ္စည်းများကို ဒါဂျီလင်မြို့မှတစ်ဆင့် အဒယာသို့ ပြန်ပို့လိုက်သည်ဟု ရေးမှတ်ထားသည်ကို ဖတ်ရှုခဲ့ကြရ၏။ ဒမိုးဒါး မည်သည့်အရပ်သို့ ထွက်ခွာသွားခဲ့သနည်း၊ ရှမ်ဗဲလားသို့ ရောက်သွားခဲ့ပါသလား ကျွန်တော်တို့ မပြောနိုင်၊ ဉာဏ်မမီပါ။





(၁၈၈၉)၊ နွေဦးရာသီ။

လန်ဒန်မြို့ ဝိတိုရိယ ဘူတာရုံကြီးမှ ထွက်ခွာသော ဆင်ခြေဖုံးသွား မြို့ပတ်ရထားသည် နောင်းဟီး(လ်) ဘူတာရုံအနီးသို့ ရောက်လာခဲ့ပြီးဖြစ်သည်။ တရိပ်ရိပ် ပြေးနေသော ရထား၏ဝဲယာတွင် ဝင်းခြံကြီးများ၊ အိမ်ကြီးအိမ်ကောင်းများ၊ မီးရထားနှင့်အပြိုင် မောင်းနေသည့်မြင်းလှည်းများကိုမြင်နေရသည်။ တောက်ပ ရွှန်းလဲ့နေသော နေရောင်ခြည်တွင် စိန်ပေါ(လ်) ဘုရားရှိခိုးကျောင်းကြီး၏ စုလစ်မွန်းချွန်များကိုမြင်နေရသည်။

စာပေဝေဖန်ရေးမဂ္ဂဇင်းကြီး(The Review of Reviews) မှ ပင်တိုင်ဆောင်းပါးရှင်ဖြစ်သော အဲင်နီဘင်းဆင့်သည် မီးရထားပြတင်းပေါက်မှ ချိန်ခါမဟုတ် ကျနေသောနှင်းများ၊ တသုန်သုန် တိုက်နေသည့်လေပြေတွင် ယိမ်းနွဲ့နေသည့် မက်မုံပင်များနှင့် ဝက်သစ်ချပင်

www.burmeseclassic.com

များကို ဒေးမျှော်ကြည့်နေရင်း စိတ်တုန်လှုပ်လျက်ရှိသည်။ မစအဲင်နီဘင်းဆင့်သည် မကြာမီ နာမည်ကျော် ဂန္ဓာရီပညာရှင်နှင့် ဗုဒ္ဓဘာသာဝင် မဒမ်ဗလာဘတ်စကီကို တွေ့ရပေတော့မည်။ သူ့အဖို့ ပထမဆုံး တွေ့ရခြင်းဖြစ်သည်။

မစ္စအဲင်နီးဘင်းဆင့်သည် ဘုရားမဲ့ ဝါဒသမားတစ်ဦး ဟူ၍လည်းကောင်း၊ ဆိုရှယ်လစ်ဝါဒကို သက်ဝင်ယုံကြည်သူတစ်ဦးအဖြစ် နာမည်ကြီးခဲ့သူဖြစ်သည်။ သူ့မိသားစုနှင့်သူ လမ်းခွဲခဲ့ကြသည်။ သူ့ခင်ပွန်း မစ္စတာဘင်းဆင့်မှာ ဘာသာတရား ကိုင်းရှိုင်းသူဖြစ်သည်။ မစ္စစ်အဲင်နီဘင်းဆင့်သည် စာပေဝေဖန်ရေး ဆရာမတစ်ဦး ဖြစ်၏။ ထိုစဉ်က စာပေဝေဖန်ရေးမဂ္ဂဇင်းကြီးတွင် သူ၏ဝေဖန်ရေးဆောင်းပါးများသည် အထူးပြောင်မြောက်သဖြင့် စာဖတ်ပရိသတ်ကြီး စွဲလမ်းနှစ်ခြိုက်ကြသည်ဟု ဆိုသည်။

အထက်ဖော်ပြပါမဂ္ဂဇင်းကြီး၏အယ်ဒီတာချုပ်ဖြစ်သူ မစ္စတာစကီမှာ ဗုဒ္ဓဘာသာဝင် သီအိုဆိုဖီအသင်းတော်ကြီး၏ အတွင်းရေးမှူးကြီးဖြစ်သူ မဒမ်ဗလာဘတ်စကီနှင့် ခင်မင်သူဖြစ်၏။ သီအိုဆိုဖီအသင်းကြီး၏တရားနှင့်ဗုဒ္ဓဘာသာတရားအပေါ်ကိုင်းညွတ်သူ၊ မစ္စတာစတိ(W-Steed)သည် မဒမ်ဗလာဘတ်စကီ ရေးသားပြုစုခဲ့သည့် ဂမ္ဘီရဓမ္မကျမ်းကြီး(The Secret Doctrine) ဖတ်ရှုခဲ့ပြီးဖြစ်သဖြင့် ယင်းကျမ်းကြီးအပေါ်တွင် စွဲလမ်းတသသ ဖြစ်နေပြီဖြစ်၏။

သို့ဖြစ်၍ သူ၏နာမည်ကျော်စာပေဝေဖန်ရေးမဂ္ဂဇင်းကြီးတွင် ဂမ္ဘီရဓမ္မကျမ်းကြီးကိုဝေဖန်သည့်စာပေဆောင်းပါးတစ်စောင် ထည့်လိုသည်။ အဘယ်ကြောင့်ဆိုသော်ဗလာဘတ်စကီပြုစုခဲ့သောကျမ်းများ





အနက် ဂမ္ဘီရဓမ္မကျမ်းသည် အထင်ရှားဆုံးသော မဟာဂန္ဓာရီ စွယ်စုံကျမ်းကြီးဖြစ်၏။ မဟာဂန္ဓာရီပညာတွင်ပြိုင်ဘက်ကင်းသောကျမ်းကြီးဖြစ်သဖြင့် မဟာဂန္ဓာရီပညာရှင်များသာမက နိဗ္ဗာန်ဆုရ သိပ္ပံပညာရှင်ကြီးများကိုယ်တိုင် အလွန်ထူးခြားလေးနက်သည့် ကျမ်းကြီးဖြစ်ပါကြောင်း ဝန်ခံခဲ့ကြသည့် ကျမ်းကြီးဖြစ်၏။

ဤကျမ်းကြီးသည် ထွက်ပေါ်မလာမီကပင် နာမည်ကျော်ခဲ့သည်။ ကျန်းမာရေး ချို့တဲ့လာခဲ့သော မဒမ်ဗလာဘတ်စကီအား ရှမ်ဗဲလားမှ အရှင်သူမြတ်တို့က ဤကျမ်းကြီး ပြုစုနိုင်ရန် အသက်ဆက်ပေးခဲ့သည်ဟု အများက ယုံကြည်သည်။ အထူးလေးနက် ခက်ခဲသည့် ကျမ်းကြီးဖြစ်သဖြင့် သာမန်ပညာရှင်တစ်ဦး ပြုစုနိုင်ရန် မလွယ်ကူပေ။

ဤကျမ်းကြီးကိုပြုစုရာတွင် အကြားအမြင်ဖြင့်လည်းကောင်း၊ လက်ကိုစီး၍လည်းကောင်း၊ ရှမ်ဗဲလားမှ ဆရာသခင်များက စာသဝဏ်လွှာ ပါး၍လည်းကောင်း ရေးသားခဲ့သည့် ကျမ်းကြီးဟု နာမည်ကျော်သည်။ သို့ဖြစ်၍ မစ္စတာစတိသည် မစ္စအဲင်နီဘင်းဆင့်အား ဤကျမ်းကြီးနှစ်တွဲကို ဖတ်ရှုစေခဲ့သည်။ သူ၏စာပေဝေဖန်ရေး မဂ္ဂဇင်းကြီးတွင် စာပေဝေဖန်ရေးဆောင်းပါး ရေးသားရန် တိုက်တွန်းခဲ့သည်။

မစ္စစ်အဲင်နီဘင်းဆင့်အဖို့ ဘာသာတရားမဲ့ ဝါဒသမားတစ်ဦးဖြစ်သဖြင့် ဂမ္ဘီရဓမ္မကျမ်းကြီးကို ဖတ်ရှုဖို့ရန် ဝန်လေးလျက် ရှိနေပေသည်။ ဂန္ဓာရီပညာရပ်များအပေါ်တွင် စိတ်ဝင်စားခဲ့သူ မဟုတ်၊ သို့ဖြစ်၍ ခက်ခဲနက်နဲသော (The Secret Doctrine) ကျမ်းကြီးကိုဝေဖန်ရန် လက်တွန့်လျက်ရှိလေ၏။ လန်ဒန်မြို့ သီအိုဆိုဖီ အသင်းတော်ကြီး၏ ထုတ်ဝေသော လစဉ်ထုတ် အသင်းတော် မဂ္ဂဇင်း(Theosophist)


www.burmeseclassic.com

www.burmeseclassic.com



များ၊ မဒမ်ဗလာဘတ်စကီ ရေးသားပြုစုခဲ့သော (Isis-Univield) မဟာဂန္ဓာရီ သမိုင်းကျမ်းကြီးကို ရှာဖွေ ဖတ်ရှုခဲ့သည်။ ဤကဲ့သို့ ဖတ်ရှုလာရသဖြင့် ဂန္ဓာရီပညာရပ်အပေါ် စိတ်ဝင်စားလာသည်၊ သူငယ်စဉ်က စွဲစွဲမြဲမြဲ ယုံကြည်ခဲ့သော ဆိုရှယ်လစ်ဝါဒနှင့် ဘုရားတရားမဲ့ ဝါဒအပေါ် သံသယဝင်လာခဲ့၏။

မဒမ်ဗလာဘတ်စကီ၏ဂမ္ဘီရဓမ္မကျမ်းကြီးကိုအခေါက်ခေါက် ဖတ်သည်။ ဝေဖန်ရေးဆရာတစ်ဦးအမြင်ထက် ဂန္ဓာရီပညာရပ်တွေအပေါ် ယုံကြည်စိတ် ဝင်လာသည်။ သူစွဲစွဲမြဲမြဲ ယုံကြည်သည့် နိုင်ငံရေး ယုံကြည်ချက်တို့မှ လမ်းခွဲထွက်လိုလာသည်။

ပါရမီရှင်အင်နီဘင်းဆင့်အဖို့စက်ခဲနက်နဲသောဤကျမ်းကြီးကို လွယ်လွယ်နှင့်ပင် သဘောပေါက် နားလည်လာခဲ့၏။ ပါရမီရှင် အဲင်နီဘင်ဆင့်အဖို့ ရှမ်ဗဲလားမှ ဆရာသခင်၊ သူတော်စင်တို့နှင့် တွေ့ဆုံနိုင်ဖို့ အချိန်တန်လာလေပြီဖြစ်သည်။ စုံတောမြိုင် ရှမ်ဗဲလားမှ သူတော်စင်တို့ကလည်း သူ့အား ဗုဒ္ဓဘာသာ တရားတော်နှင့် မဟာဂန္ဓာရီပညာရပ်တွေအပေါ် စိတ်ကိုင်းညွှတ်လာစေရန် ဖန်ဘီးခြင်းဖြစ်သည်ဟု ဆိုကြ၏။

မစ္စစ်အဲင်နီဘင်းဆင့်သည် အယ်ဒီတာကြီး စတိ(W-T Steed)တိုက်တွန်းသည့်အတိုင်း စာပေဝေဖန်ရေး မဂ္ဂဇင်းကြီးတွင် ဂမ္ဘီရဓမ္မကျမ်းကြီးအကြောင်း ဝေဖန်ရေးသားခဲ့သည်၊ စာဖတ်ပရိသတ်ကြီးနှင့်လန်ဒန်စာပေလောကအတွင်းအထူးဂယက်ရိုက်ခဲ့သောစာပေ ဝေဖန်ရေးဆောင်းပါးကြီးဖြစ်၏။ မစ္စစ်အဲင်နီဘင်းဆင့်၏ခါတိုင်းဝေဖန်ရေးဆောင်းပါးနှင့်မတူ၊ ဖတ်ရှုသူများ အံ့သြသွားခဲ့ကြသည်၊ စာပေ





ဝေဖန်ရေးသမားတစ်ဦးကမူ မစ္စစ်အဲင်နီဘင်းဆင့် ဘ[illegible]လီဟူ[illegible] ဆောင်းပါးတစ်စောင် ဝေဖန်ရေးမဂ္ဂဇင်းတွင် ရေး[illegible]သည်အထိ ထယက်ထံလာခဲ့သည်။

စာပေဝေဖန်ရေးမဂ္ဂဇင်း အယ်ဒီတာကြီး စတိမှာ မဒမ်ဗလာဘတ်စကီနှင့် အထူးခင်မင်သူတစ်ဦးဖြစ်ပြီး မနောသုတေသနအသင်းကြီး၏အမှုဆောင်တစ်ဦးဖြစ်၏။ သို့ဖြစ်၍ မစ္စစ်အဲင်နီဘင်းဆင့်အား မဒမ်ဗလာဘတ်စကီနှင့် တွေ့ဆုံနိုင်ရန် စီစဉ်ပေးခဲ့သည်။ မဒမ်ဗလာဘတ်စကီထံ မိတ်ဆက်စာကို စတိက ရေးသားပေးခဲ့သည်၊ အချိန်တန်လာခဲ့ပြီဖြစ်၍ ဆရာသခင်တို့၏မနောဖြင့် တိုက်တွန်းမှုလည်း ပါဝင်ခဲ့သဖြင့် မဒမ်ဗလာဘတ်စကီအား အထူးတွေ့ဆုံလိုစိတ် ပြင်းပြလျက်ရှိသည်။

ထိုစဉ်က သီအိုဆိုဖီအသင်းတော်ကြီး၏အတွင်းရေးမှူးကြီး ဖြစ်သော မဒမ်ဗလာဘတ်စကီသည် လန်ဒန်မြို့ လင်း(စ)ဒေါင်း[illegible]၊ အမှတ်(၁၇)တွင် နေထိုင်လျက်ရှိသည်၊ လင်း(စ်)ဒေါင်းလမ်းသည် လန်ဒန်မြို့ ဆင်ခြေဖုံးရှိ နော့ဘင်းဟီး(လ်)ဘူတာရုံအနီးတွင် ရှိလေသည်၊ သို့ဖြစ်၍ မစ္စစ်အဲင်နီဘင်းဆင့်သည် သူ့မိတ်ဆွေ ဟားဘတ်ဘာရိုးနှင့်အတူ ဝိတိုရိယ ဘူတာရုံကြီးမှ လန်ဒန်ဆင်ခြေဖုံးသွား ရထားဖြင့် လာခဲ့ခြင်းဖြစ်သည်၊ နောင်အခါတွင် မစ္စစ်အဲင်နီဘင်းဆင့်သည် သူနှင့် မဒမ်ဗလာဘတ်စကီတို့ တွေ့ဆုံကြပုံကို ဤသို့ ရေးသားဖော်ပြခဲ့၏။

ကျွန်မသည် စိတ်တုန်လှုပ်လျက်ရှိပါသည်၊ နာမည်ကျော်နိုင်ငံရေးခေါင်းဆောင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ တော်ဝင်မင်းသားကြီး၊ မင်းသမီးကြီးများ စသော ပုဂ္ဂိုလ်ကြီးများကို တွေ့ဆုံခဲ့ရဖူး



www.burmeseclassic.com

www.burmeseclassic.com



ကံနှင့်မတူ၊ ဘာကြောင့် စိတ်လှုပ်ရှားရသည်ကို မသိပါ။ တစ်စုံတစ်ရာ အင်အားကြီးတစ်ရပ်က ကျွန်မကို စိတ်လှုပ်ရှားစေအောင် ဖန်တီးနေသည်ဟု ထင်သည်။ မဒမ်ကြီးမှာ ရုရှားအမျိုးသမီးတစ်ဦးနှင့်အတူ ထိုင်နေပါသည်။ သူ၏စူးရှသော ထူးဆန်းသည့် တန်ခိုးရှိသည့်ပြာလဲ့ရွှန်းနေသည့် မျက်လုံးအကြည့်ကို မခံနိုင်ပါ။ ဩဇာအတိ အပြည့်ပါသောအသံဖြင့် "ကိုယ် မင်းကို မျှော်နေတာပါ၊ မင်းလာမယ်ဆိုတာကို သိပြီးသားပါ ကွာ၊ ဆရာသခင်တွေက ညွှန်ကြားပြီးသားပါ" ဟုပြောလိုက်လေသည်။

မဒမ်ဗလာဘတ်စကီ၏ထူးခြားသော ဥပဓိရုပ်၊ ထူးခြားသော စိတ်စွမ်းအင်၊ ရှမ်ဗဲလားမှ ဆရာသခင်တို့၏ မနောစွမ်းအင်နှင့် တိုက်တွန်းမှုကြောင့် ကမ္ဘာကျော်ဘုရားမဲ့ဝါဒီရှင်နှင့် ဆိုရှယ်လစ်ဝါဒီကြီး မစ္စစ်အဲင်နီဘင်းဆင့်သည် ချက်ချင်း သီအိုဆိုဖီ အသင်းဝင်ပုံစံကိုဖြည့်စွက်၍ အသင်းသားအဖြစ် စာရင်းတင်သွင်းလိုက်သည်။ အင်္ဂလန်နိုင်ငံတစ်နိုင်ငံလုံး အံ့ဩလောက်အောင် ဖြစ်ခဲ့ရသည်။ မစ္စအဲင်နီဘင်းဆင့် လှုပ်ရှားခဲ့သော စာပေလောက၊ နိုင်ငံရေးလောကတွင် အထူးဂယက်ရိုက်ခဲ့ရသည်။ ရုရှားပြည်မှ ခေါင်းဆောင်ကြီး လီနင်ကလည်း အဲင်နီဘင်းဆင့် ဆိုရှယ်လစ်ဝါဒကို ကျောခိုင်းသွားခြင်းသည် လူထုလူတန်းစားများအတွက် ဆုံးရှုံးမှုကြီး ဖြစ်သည်ဟု ဆိုသည်။ ပြဇာတ်ရေးဆရာကြီးနှင့် ဖေဘီရန် ဆိုရှယ်လစ်ဝါဒီကြီး ဆရာကြီး ဘားန(ဒ်)ရှော့ကမူ မဒမ်ဗလာဘတ်စကီကြီး၏လက်သို့ မစ္စစ်အဲင်နီဘင်းဆင့်အား ဝကွက်အပ်လိုက်ရခြင်းသည် ဆိုရှယ်လစ်ဝါဒကို သက်ဝင်ယုံကြည်သူများအဖို့ အဆုံးရှုံးအနစ်နာဆုံးဖြစ်ခဲ့ရပါသည်ဟု သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ထုတ်ဖော်ပြောခဲ့၏။





မစ္စစ်အဲင်နီဘင်းဆင့်၏ဆရာသဖွယ်ဖြစ်သူ စာပေဝေဖန်ရေး မဂ္ဂဇင်းအယ်ဒီတာကြီးစတိကမူ အံ့ဩခြင်း မဖြစ်မိပါ၊ အချိန်တန်လျှင် မည်သူမျှ တားဆီးသော်လည်း ရမည်မဟုတ်ပါ။ သူ့ဆရာသခင်များက တာဝန်ပေးခဲ့ပြီဟု ထင်ပါသည်ဟု စာပေဝေဖန်ရေးမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့သည်။ မဒမ်ဗလာဘတ်စကီသည် ဘဝပေါင်းများစွာကပင် ရှမ်ဗဲလား စုံတော်မြို့ သူတော်စင်တို့နှင့် အဆက်အသွယ်ပြုနိုင်ခဲ့သူဖြစ်သည်။ ယခုဘဝတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်သောအခါ အိန္ဒိယနိုင်ငံတွင်းမှတစ်ဆင့် ရှိဂတ်ဆီသို့ သုံးကြိမ်သွားရောက်ခဲ့ပြီး ရှမ်ဗဲလား သူတော်စင်တို့နှင့် တွေ့ဆုံခဲ့၏။

သူတော်စင်တို့၏လမ်းညွှန်မှုနှင့် တရားကျင့်ကြံမှုကို စနစ်နှစ်မျှ လေ့လာဆည်းပူးခဲ့သည်။ ဂမ္ဘီရမေ့ကျမ်းကြီးကိုလည်း ရှမ်ဗဲလား သူတော်စင်တို့၏လမ်းညွှန်မှုနှင့် ပြုစုခဲ့ရခြင်းဖြစ်သည်။ ရေးသားပြုစုပြီး ဖြစ်၍ ဤလောကကြီးကိုစွန့်ခွာ၍ ဆရာသခင်များ၏ခြေထောက်ရင်းသို့ သွားရောက်ရပေတော့မည်။ ဤကဲ့သို့ မသွားရောက်မီ သီအိုဆိုဖီ အသင်းတော်ကြီးနှင့် ကမ္ဘာငြိမ်းချမ်းရေး လူသားအချင်းချင်း မေတ္တာထားရှိနိုင်ရေး တရားစစ်၊ တရားမှန် လေ့လာရေး စသည့်တာဝန်များကို ဆရာသခင်များ၏လမ်းညွှန်ချက်အရ တာဝန်ယူနိုင်မည့် ပါရမီရှင် တစ်ဦးလိုသည်။ ထိုပါရမီရှင်ကား ဆိုရှယ်လစ်ဝါဒကြီးကိုကျောခိုင်းခဲ့သူ မစ္စစ်အဲင်နီဘင်းဆင့်ဖြစ်ပေတော့သည်။

မစ္စစ်အဲင်နီဘင်းဆင့်သည် သီအိုဆိုဖီအသင်းသားတစ်ဦးဖြစ်လာခဲ့ပြီး မဒမ်ဗလာဘတ်စကီ၏လမ်းညွှန်ချက်နှင့် လက္ခဏာဆရာနှင့် အနာဂတ်ကို ရှုမြင်နိုင်သူဟု နာမည်ကျော်ကြားနေသော ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ရိုကို သွားရောက်တွေ့ဆုံခဲ့သည်။ မဒမ်ဗာလာ ဘတ်စကီကလည်း ဆရာကြီးကိုင်ရိုထံ စာတစ်စောင် ရေးသား၍ မစ္စစ်အဲင်နီဘင်းဆင့်၏ သတ္တုဗေဒနှင့် ဇာတာတို့ကို စစ်ဆေးကြည့်ရှုပေးရန် မေတ္တာရပ်ခံခဲ့၏။ ဆရာကြီးကိုင်ရိုကလည်း မစ္စစ်အင်နီဘင်းဆင့်သည် တစ်နေ့တွင် ကမ္ဘာပေါ်တွင် ထင်ရှားသော အမျိုးသမီး ဖြစ်လာမည်ဖြစ်ကြောင်း၊ အိန္ဒိယပြည်သူတို့၏ခေါင်းဆောင်ကြီး ဖြစ်လာမည့်အပြင် သန်းပေါင်းများစွာသော အိန္ဒိယတိုက်ငယ်၏ ပြည်သူလူထု၏လူမှုရေး၊ ဘာသာရေး အတွက် သွားရောက်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ထင်ရှားသည့် သာသနာပြု မဟာစရီးသည်ကြီး ဖြစ်ရမည်ဟု ဟောကြားခဲ့၏။

မဒမ်ဗာလာဘတ်စကီနှင့် ဗိုလ်မှူးကြီး အော်လကော့ ကွယ်လွန်ခဲ့သောအခါ မစ္စစ်အဲင်နီဘင်းဆင့်သည် သီအိုဆိုဖီ အသင်းကြီး၏ ဥက္ကဋ္ဌကြီး ဖြစ်လာခဲ့သည်။ သာသနာပြု မဟာစရီးသည်ကြီး ဖြစ်လာခဲ့သည်။ ရှမ်ဗဲလားမှ သူတော်စင်တို့နှင့်လည်း သဝဏ်လွှာအားဖြင့်လည်းကောင်း၊ မနောအားဖြင့်လည်းကောင်း၊ တမန်တော် စေလွှတ်ခြင်းအားဖြင့်လည်းကောင်း ဆက်သွယ်နိုင်သည်ဟု ဆိုကြသည်။

မစ္စစ်အဲင်နီဘင်းဆင့် သီအိုဆိုဖီအသင်းဥက္ကဋ္ဌကြီး ဖြစ်လာသောအခါ အသင်းတော်ကြီးသည် တိုးတက်လာခဲ့၏။ ယခုငံ အသင်းခွဲပေါင်း(၃၆)ထိ တိုးတက်လာခဲ့၏။ သန်းပေါင်းများစွာသော အိန္ဒိယပြည်သူလူထု၏ ကွန်ဂရက် ပါတီဥက္ကဋ္ဌကြီး ဖြစ်လာသည်။ တစ်ဖက်မှလည်း လူမှုရေး၊ သာသနာရေးလုပ်ငန်းများ လုပ်ကိုင်လာခဲ့သည်။ အိန္ဒိယနိုင်ငံတွင် မှေးမှိန်နေသော ဗုဒ္ဓသာသနာတော်ကြီး ပြန်လည်ထွန်းတောက်လာစေရန် အားပေးခဲ့သည်။ ရှမ်ဗဲလားမှ တမန်တော်များနှင့် တွေ့ဆုံ၍ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်လာနိုင်ခဲ့၏။ သူကိုယ်တိုင် အိန္ဒိယနိုင်ငံ တန်တလျားသို့ မဟာစရီးသည်ကြီးအဖြစ် သွားရောက်၍ သာသနာပြုလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မဟာဂန္ဓာရီပညာရှင်တို့၏အယူအဆများမှာ ရှမ်ဗဲလားမှ သူတော်စင်တို့သည် ရှေးဘဝပေါင်းများစွာက သာဝကအဖြစ် ပါရမီဆက်ရှိသူများအနက် လူ့ဘဝသို့ရောက်ရှိနေသူများကို လိုက်လံရှာဖွေလျက်ရှိသည်။ ပါရမီရှင်များအဖို့ သူတော်စင်တို့ တရားရှာမှီးရာ ကိန်းအောင်းရာ ရှမ်ဗဲလားသို့ မနောဖြင့် လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း ရောက်ရှိနိုင်ခဲ့သည်ဟု ဆိုကြသည်။ မစ္စစ်အဲင်နီဘင်းဆင့်သည် ရှမ်ဗဲလားမှ ဆရာသခင်များနှင့် လူကိုယ်တိုင်လည်း ဆက်သွယ်နိုင်သည်။ ရှမ်ဗဲလားမှ ဆရာသခင်များကလည်း သဝဏ်လွှာဖြင့် ဆောင်ရွက်ရမည့် လမ်းစဉ်များကို ချမှတ်ပေးသည်။

ထိုစဉ်က ဥရောပတွင် စစ်ရိပ်စစ်ငွေ့များ ယှက်သမ်းလျက်ရှိနေလေပြီ၊ အရှေ့တောင်အာရှတွင်လည်း ဂျပန်နိုင်ငံသည် တရုတ်ပြည်သို့ ကျူးကျော်ရေးစစ်ပွဲကြီး ဆင်နွှဲနေပြီဖြစ်၏။ ဗြိတိသျှအစိုးရသည် မစ္စစ်အဲင်နီဘင်းဆင့်အား မလိုလားအပ်သူ ကိုလိုနီနိုင်ငံသားများနှင့်ရင်းနှီးသူ ကိုလိုနီနိုင်ငံသားများ၏ အလိုတော်ရိဖြစ်သူဟု မြင်သည်။ အိန္ဒိယနှင့် မြန်မာပြည်တို့တွင် မျိုးချစ်အင်အားစုများသည် ဗြိတိသျှအစိုးရအား မောင်းထုတ်ရေး၊ နယ်ချဲ့သမားနှင့် မပူးပေါင်းရေး ဒီရေသည် မြင့်တက်လျက်ရှိလေပြီ၊ သို့ဖြစ်၍ အိန္ဒိယကွန်ဂရက်ပါတီ ဥက္ကဋ္ဌကြီးနှင့် သီအိုဆိုဖီ အသင်းတော်ကြီး၏ဥက္ကဋ္ဌကြီးဖြစ်သော မစ္စစ်အဲင်နီဘင်း




www.burmeseclassic.com

www.burmeseclassic.com

ဆင့်အား ဗြိတိသျှနယ်ချဲ့သမားတို့သည် စောင့်ကြည့်ခဲ့၏။

အိန္ဒိယနယ်စပ်မှ ရှီဂတ်ဆီမြို့သို့ပင် သွားရန် ခွင့်မပြု၊ ဗြိတိသျှစုံထောက်များသည် မစ္စစ်အဲင်နီဘင်းဆင့် ခရီးထွက်ရာနောက်သို့ ထက်ကြပ်မကွာ လိုက်လျက်ရှိသည်။ အဒီယာမြို့ရှိ သီအိုဆိုဖီအသင်းကြီး ဌာနချုပ်ကိုပင် စောင့်ကြည့်ကြသည်ဟု ဆိုသည်။ သို့ဖြစ်၍ မစ္စစ်အဲင်နီဘင်းဆင့်သည် ရှမ်ဗဲလားသို့ လူပေါင်း(၅၀)ကျော် တမန်လွှတ်ခဲ့သည်။ ဤကဲ့သို့ စေလွှတ်ခဲ့သူများတွင် ဗြိတိသျှအမျိုးသား အငြိမ်းစား ဗိုလ်မှူးဟောင်း မေဂျာဖလက်များနှင့် မစ္စတာ မက်ဂါမန်တို့ ပါဝင်ခဲ့သည်။

မေဂျာဖလက်ရာသည် သီအိုဆိုဖီအသင်းသား ဖြစ်လာခဲ့ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့သူဖြစ်၏။ ရှီဂတ်ဆီတွင် ရှမ်ဗဲလား ဆရာသခင်တို့၏ လမ်းညွှန်ချက်အရ သင်္ကန်းဝတ်ခဲ့သည်ဟု ဆိုခဲ့ကြသည်။ ထိုမှတစ်ဆင့် မြန်မာပြည် ရန်ကုန်မြို့သို့ ကြွရောက်လာခဲ့သည်။

ရန်ကုန်မြို့ ကုက္ကိုင်းရိပ်သာတွင် သီတင်းသုံး နေထိုင်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံသည် ရှမ်ဗဲလား သူတော်စင်တို့နှင့် တာဝန်ရှိသူတို့ တွေ့ဆုံရန် ကြားစခန်းဖြစ်သည်ဟု ဆိုကြ၏။ (၁၉၄၀)ခု၊ မေတွင် မစ္စစ်အဲင်နီဘင်းဆင့်သည် ရန်ကုန်သို့ ကြွရောက်လာခဲ့သည်။ (၄၉)လမ်း သီအိုဆိုဖီ အသင်းတိုက်ကြီးတွင် ခေတ္တတည်းခိုနေထိုင်ပြီး ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၉၄)တွင် ဖွင့်လှစ်မည့် အခမဲ့ အမျိုးသား အထက်တန်းကျောင်း၏ အုတ်မြစ်ချပွဲ အခမ်းအနားသို့ တက်ရောက်လာခြင်းဖြစ်သည်ဟု ဆိုကြ၏။ သာသနာ့ပြုကျောင်းများနှင့် အပြိုင်ဖွင့်လှစ်ရန်ဖြစ်သည်။ ယင်းအဆောက်အဦးကား ယခု လူမှုဝန်ထမ်း နေ့ကလေးထိန်းကျောင်းအဖြစ် ဖွင့်လှစ်ထားခဲ့သည်။





ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၉၄)တွင် ဖွင့်လှစ်မည့် အမျိုးသားအထက်တန်းကျောင်း အုတ်မြစ်ချပွဲသို့ မစ္စစ်အင်နီဘင်းဆင့် လာရောက်ခြင်းသည် ထူးဆန်းနေသည်ဟု ဗြိတိသျှနယ်ချဲ့သမားက ထင်မှတ်သည်။ လန်ဒန်တိုင်း(စ) သတင်းစာကြီး၏ အယ်ဒီတာအာဘော် အခန်းမှ သီအိုဆိုဖီ အသင်းတော်ကြီး ဥက္ကဋ္ဌကြီးနှင့် အိန္ဒိယနိုင်ငံ ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌကြီးဖြစ်သူ မစ္စစ်အဲင်နီဘင်းဆင့်သည် အကယ်၍ အသက်(၂၀)သာ ပြန်၍ငယ်သွားမည်ဆိုလျှင် ကိုလိုနီနယ်ချဲ့သမား ဗြိတိသျှတို့၏ နေမဝင် အင်ပါယာကြီးသည် တစ်စစီ ပဲ့သွားရပေလိမ့်မည်ဟု သတိပေး ရေးသားခဲ့သည်။ သို့ဖြစ်၍ သူ မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် မြန်မာမျိုးချစ်တို့နှင့် နိုင်ငံရေးအရ ဆက်သွယ်ရန် လာခြင်းဖြစ်သည်ဟု အများက ယူဆကြ၏။

ဂန္ဓာရီပညာရှင်အများကမူ မစ္စစ်အဲင်နီဘင်းဆင့်သည် ရှမ်ဗဲလားမှ စေလွှတ်သူ တမန်တော်နှင့် တွေ့ရန်ဖြစ်သလော၊ အမှန်အားဖြင့် ဗြိတိသျှအစိုးရ ယူဆသလို ပါဝင်ကောင်း ပါဝင်ပေလိမ့်မည်။ သို့သော် နိုင်ငံရေးထက် မဟာဂန္ဓာရီပြန့်ပွားရေးသည် အဓိကဖြစ်သည်ဟုဆို၏။ ရန်ကုန်တွင် နေထိုင်စဉ် ဒလဘက်သို့ မြန်မာကျောင်းဆရာ ဦးဘိုရင်၊ ဦးစောလှဖြူတို့နှင့်အတူ သွားရောက်ခဲ့သည်ဟု ထိုစဉ်က သတင်းများတွင် ဖော်ပြပါရှိခဲ့သည်။ ဒလ၊ တွံတေးမြို့နယ်တို့သည် ဂန္ဓာရီပညာ အဆက်အနွယ်များ ရှိသည့် အစဉ်အလာ ထူးခြားသောနေရာများ (Mystic Places)ဟု ဂန္ဓာရီပညာရှင်အများက ယူဆခဲ့ကြ၏။ ထိုဒေသ တစ်နေရာတွင် လျှို့ဝှက်စွာ ရောက်ရှိနေသည့် ရှမ်ဗဲလားမှ လာရောက်ခဲ့သည့် တိဘက်အမျိုးသားများနှင့် တွေ့ဆုံခဲ့သည်ဟု ဆိုကြ၏။ အချို့က



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုစဉ်က နာမည်ကျော် ဗုဒ္ဓဘာသာ ဝိပဿနာဆရာကြီးတစ်ဦးနှင့် သမထ ဝိပဿနာတရားအကြောင်း ဆွေးနွေးကြသည်ဟု ဆိုသည်။

ကုဗ္ဗိုင်းဆိုပ်သာတွင် သီတင်းသုံးနေသော အရှင်ပညာနန္ဒနှင့်လည်း တွေ့ဆုံခဲ့ဟန်ရှိလေသည်။ သို့သော် မစ္စစ်အဲန်နီဘင်းဆင့်သည် သူ၏ထင်ရှားသော ကိုယ်ရေးအတ္ထုပ္ပတ္တိကို (Theosophisl)မဂ္ဂဇင်းတွင်လည်း ရေးသားဖော်ပြခဲ့ခြင်းမရှိခဲ့။ စဉ်းစားစရာ ဖြစ်ပေသည်။

သို့သော် ဤကဲ့သို့ မြန်မာပြည်သို့ မစ္စစ်အဲင်နီဘင်းဆင့်ရောက်ခဲ့စဉ်ကအကြောင်း တစေ့တစောင်း ထင်ထားသော ယောဂီရှုဖွယ်ကျမ်းကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရ၏။ ထိုကျမ်းကို ယောဂီဦးချစ်စိန်ဆိုသူ(၂၇-၂-၁၉၄၃) ခုနှစ်က ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဤကျမ်း၏ကျမ်းပြီးရက်ကိုလည်း နိဂုံးတွင် တိတိကျကျ ဖော်ပြထားသည်။

ဤယောဂီရှုဖွယ် ကျမ်းပြုစုသူ ယောဂီဦးချစ်စိန်မှာလည်း သဗ္ဗနယဟိတသုခါယ မဏ္ဍပကာသနီကျမ်းကို မှီး၍ရေးသည်ဟုဆို၏။ ယောဂီရှုဖွယ်ကျမ်းတွင် ထိုစဉ်က နာမည်ကျော် လူသူတော် ဆရာကြီးဦးအိုဆိုသူသည် တွံတေးမြို့တွင် နေထိုင်သည်။ ဆရာကြီးဦးအိုနှင့် ဆရာတော် ဦးသီလတို့ထံ မစ္စစ်အဲင်နီဘင်းဆင့်နှင့်အဖွဲ့ ရောက်လာခဲ့ကြသည်။ ဆရာတော်သည် တိဘက်ပြည်တွင် သီတင်းသုံးနေရာမှ တွံတေးသို့ ခေတ္တ ကြွလာခြင်းဖြစ်၏။

မစ္စစ်အဲင်နီဘင်းဆင့်နှင့် ဆရာတော်ဦးသီလတို့ မည်သို့ဆွေးနွေးခဲ့ကြသည်ကိုမူ ယင်းယောဂီရှုဘွယ်ကျမ်းတွင် ဖော်ပြထားခြင်းမရှိ၊ ဆရာတော်နှင့် တွေ့ဆုံရန် ရှမ်ဘဲလား ဆရာသခင်များက ညွှန်





ကြားခဲ့သလော။ ကျွန်တော်တို့မသိနိုင်ပါ၊ သိရှိနိုင်ရန်ဉာဏ်မမီပါ၊ ဤကဲ့သို့ တွေ့ဆုံခြင်းသည် ထူးခြားသည့်ဖြစ်ရပ်ဖြစ်ပေသည်။

လူမိုး
(စုစည်းရေး)

ကျမ်းကိုး ။ ။ Shambhala: By Andrew Tomas


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ယောနယ်၏အဓိကရ မြို့တစ်မြို့မှာ ဂန့်ဂေါ်မြို့ဖြစ်သည်။ ဂန့်ဂေါ်သည် အလွန်ရှေးဆန်သော မြို့ဟောင်းတစ်မြို့လည်းဖြစ်သည်။ ရှေးအဆက်ဆက်ကတည်းက ယောနယ်ဆိုလျှင် စုန်း၊ ကဝေ အစရှိသော ပညာသည်များနှင့် ပတ်သက်၍ လူသိများကြသည်။

အောက်နယ်သားများက ယောနယ်ကဆိုလျှင် စုန်း၊ ကဝေ ပညာတတ်သည်ဟုပင် အထင်ရှိကြသည်။ ကြောက်ရွံ့လျက်ရှိကြသည်။ ယခုအခါ ထိုအယူအဆများ ပပျောက်တိမ်ကောသွားပြီး ယောနယ်ဘက်မှ ထွက်သော ယောလုံချည်အကြောင်းလောက်ပင် လူသိမများတော့ပေ။ ဂန့်ဂေါ်သည်တောင်များပတ်လည်ခြံရံပြီးမြေနိမ့်လွင်ပြင်ထဲ၌ တည်ထားသည့် သာယာလှသော မြို့တစ်မြို့ဖြစ်သည်။





အရှေ့ဘက် မျှော်ကြည့်လျှင် ပုံ[illegible]ကြီးများကို မှိုင်းမှိုင်းညိုညို့ လှမ်းမြင်ရပြီး အနောက်[illegible]တွင် ချင်းတောင်တန်းကြီးများ ရှိလေသည်။ ဘူတာရုံ၊ ဈေး၊ ဝိုက်ရှိ ဆိုင်ခန်း၊ အိမ်ခန်းများမှလွဲ၍ ဂန့်ဂေါ်မြို့ရှိ အိမ်အတော်များများမှာ ခြံကျယ်ဝန်းကျယ်များဖြင့် သီးသန့်နေထိုင်ကြသူများဖြစ်ပေသည်။ အချို့အိမ်ကြီးများမှာတောင်ကုန်း၌ပေါ်နန်းများသဖွယ်ခမ်းနားစွာဆောက်လုပ်နေထိုင်ကြသည်။ ဘူတာရုံလမ်း၏တောင်ဘက်တောင်ကုန်းတစ်ကုန်းပေါ်တွင် သီးသန့်ဆောက်ထားသော အိမ်ကြီးတစ်လုံးရှိသည်။ ထိုအိမ်ကြီးသည် ရထားသံလမ်းနှင့် မလှမ်းမကမ်း အရှေ့ဘက်ယွန်းယွန်းတွင်ရှိပြီး အခြားလူနေအိမ်များနှင့် အတန်ငယ် အလှမ်းဝေးလှသည်။

ထိုအိမ်ကြီး၏ခြံတံခါးမှာ အမြဲလို ပိတ်ထားလေ့ရှိပြီး ညစဉ်လိုလိုပင် စန္ဒရားလက်သံကို ကြားရသည်။ နေ့ဘက်အခါများတွင် အများအားဖြင့် တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိပြီး လူခြေတိတ်သော အခါများတွင် သာယာသော စန္ဒရားသံမှာ ပေါ်ထွက်လာလေ့ရှိသည်။ ထိုအိမ်ကြီး၏ပိုင်ရှင် ဦးဝေအောင်မှာ အသက်လေးဆယ်ကျော်အရွယ်မျှသာ ရှိသေးပြီး စီးပွားရေးသမားတစ်ဦးဖြစ်သည်။ ကလေးဝဘက်တက်၍ ကုန်အရောင်းအဝယ်ပြုနေသူဖြစ်သည်။

သို့ကြောင့် ၎င်းမှာ အိမ်၌ အမြဲနေရသည်ဟုပင် မရှိလှပေ။ ဦးဝေအောင် မရှိသောအခါ အိမ်တွင် ၎င်း၏ဇနီး မနန်းမေနှင့် အိမ်ဖော်ဒေါ်မင်းခတို့သာ ရှိသည်။ မနန်းမေသည် အသက်လေးဆယ်ဝန်းကျင်အရွယ်မျှသာ ရှိသေးသော်လည်း ရောဂါဖိစီးခံနေရသူ ဖြစ်သောကြောင့် သေမည့်ရက်ကို စောင့်နေရသူဖြစ်သည်။ မနန်းမေသည်



www.burmeseclassic.com

www.burmeseclassic.com

ဖို့ရွယ်စဉ်က ရွှန်းစွာချောမောစွာလှပသော ရှမ်းသွေးစပ်သည့်အမျိုးသမီး တစ်ဦးဖြစ်ခဲ့သော်လည်း ယခုအခါ သွေးကင်ဆာ ဟူသော ရောဂါဆိုးကြီးက တွယ်တာနှိပ်စက်နေသဖြင့် အိမ်အတွင်းမှာပင် ငြိမ်သက်စွာနေရင်း မိမိသေရမည့်ရက်ကို စောင့်နေရသူပမာ ဖြစ်နေတော့သည်။

နှစ်ရှည်လများ စံစားနေရသော ရောဂါဖြစ်သောကြောင့် ဦးဝေအောင်ကလည်း အနားမှာအမြဲမနေနိုင်သဖြင့် အိမ်ဖော်ဒေါ်မင်းခအပြင် မနန်းမေကို ပြုစုစောင့်ရှောက်ရန်အတွက် ခင်အေးနွယ်ဆိုသော မိန်းကလေးတစ်ဦးကိုပါ သီးသန့်ငှားရမ်း၍ မနန်းမေကို အနီးကပ် ပြုစုစောင့်ရှောက်စေသည်။ ခင်အေးနွယ်မှာ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ခန့်ရှိပြီး သင့်တင့်လှပသော ရုပ်ရည်ရှိရုံမက သူနာပြုအတတ်ပညာ တတ်ကျွမ်းသောကြောင့် ပြုစုစောင့်ရှောက်မှုလည်း အထူးပင် ကောင်းလှသည်။

ခင်လေးနွယ် ပြုစုစောင့်ရှောက်မှု ကျွမ်းကျင်ကောင်းမွန်မှုကြောင့်သာ မနန်းမေသည် ယခုအချိန်အထိ အသက်ရှင်နေခြင်း ဖြစ်သည်ဆိုက မမှားပေ။ ထို့ပြင် ခင်အေးနွယ်သည် ဂီတဘက်၌လည်း ကျွမ်းကျင်သူဖြစ်သဖြင့် ညအခါများတွင် မနန်းမေအား စန္ဒရားတီးပြလေ့ရှိသည်။ သို့ကြောင့် တောင်ကုန်းပေါ်ရှိ အိမ်ကြီးဆီမှ စန္ဒရားသံများကို ညဥ့်အခါများတွင် ကြားရလေ့ရှိခြင်းဖြစ်သည်။ ခင်အေးနွယ်သည် ထိုအိမ်ကြီးသို့ ရောက်ခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်သောကြောင့် မိသားစုတစ်ဦးပမာ ဖြစ်နေပြီ။ မနန်းမေကလည်း ခင်အေးနွယ်အား ညီမရင်းတစ်ဦးပမာ ခင်မင် တွယ်တာလျက် ရှိပေသည်။

သည်အိမ်ကြီးတွင် ခင်အေးနွယ်သာ အမြဲရှိနေလျှင် ပြည့်စုံပြီ





ဟု ထင်ရလောက်အောင်ပင် ခင်အေးနွယ်က အလိုက်သိတတ်သူတစ်ဦးဖြစ်လေသည်။ သို့ကြောင့်ပင် ထိုအိမ်ကြီးထဲမှာပင် သူမအတွက် သီးသန့်အခန်းတစ်ခန်း စီစဉ်ပေးထားသည်။ ခင်အေးနွယ် တာဝန်ကနေ့ဘက်တွင် မနန်းမေ၏ကျန်းမာရေးနှင့် ပတ်သက်သော ပြုစုစောင့်ရှောက်မှုများ ပြုလုပ်ပေးရပြီး ညဦးပိုင်းအချိန်များတွင် သူမအား စန္ဒရားတီးပြရသည်။ ထိုစန္ဒရားသံကြားမှ သူမ ကောင်းစွာအိပ်ပျော်လေ့ရှိသည်။ ထိုနေ့က မှတ်မှတ်ရရ ဧပြီ(၂၃)ရက်နေ့ဖြစ်သည်။ ဧပြီ(၂၃)ရက်နေ့သည် ခင်အေးနွယ်၏(၂၅)နှစ်မြောက်မွေးနေ့ဖြစ်သည်။ ထိုနေ့နံနက်ပိုင်းအချိန်တွင် မနန်းမေသည် ခင်အေးနွယ်အခန်းထဲသို့ ရောက်လာသည်။ သူမသည် အခြားအချိန်များတွင် အကြောင်းမရှိဘဲ ခင်အေးနွယ်၏အခန်းသို့ လာလေ့မရှိပေ။

သူမလက်ထဲတွင် လှပသောအနီရောင် နှင်းဆီပန်းတစ်စည်း ပါလာသည်။

"ရော့...ခင်အေးနွယ်၊ ဒါ မင်းရဲ့(၂၅)နှစ်မြောက်မွေးနေ့အတွက် မမရဲ့မွေးနေ့လက်ဆောင်" ဟုဆိုကာ နှင်းဆီပန်းစည်းကို ကမ်းပေးသည်။ ခင်အေးနွယ်မှာ နှင်းဆီပန်းစည်းကို လှမ်းယူရင်း အံ့သြဝမ်းသာမှုဖြစ်ရသည်။ သူမအတွက် ပထမဦးစွာ ရရှိသော မွေးနေ့လက်ဆောင်ဖြစ်သလို သူမမွေးနေ့ကို အသိအမှတ်ပြုသောသူမှာလည်း မနန်းမေပင် ဖြစ်တော့သည်။

"မွေးနေ့ဆိုတာ သေမယ့်ရက်ကို လှမ်းတဲ့လှေကားတစ်ထစ်ပါပဲ၊ မျှော်လင့်ခြင်းမဲ့နေသူတစ်ယောက်အတွက်ကတော့ မွေးနေ့ဆိုတာ အလွန်ငြီးငွေ့ဖို့ကောင်းတဲ့ ကန္တာရခရီးရဲ့အစလိုပါပဲ၊ မင်းအတွက်


www.burmeseclassic.com

www.burmeseclassic.com

ကတော့ ရှေ့ခရီးအတွက် ကံကောင်းတဲ့မှတ်တိုင်တွေ တွေ့ပါစေလို့ မမ ဆုတောင်းပေးပါတယ်" ဟု နွမ်းလျစွာ စကားဆိုသည်။

"ကျေးဇူးတင်ပါတယ် မမ"

မနန်းမေက ခင်အေးနွယ်၏ရုတင်စွန်းပေါ်တွင် ဝင်ထိုင်သည်။

"ခင်အေးနွယ်ကို မမ စကားတစ်ခွန်းလောက် ပြောချင်တယ်၊ စကားပြောတယ်ဆိုတာထက် အကူအညီတောင်းတယ်ဆိုတာက ပိုပြီး သင့်တော်ပါလိမ့်မယ်"

"ဟုတ်ကဲ့…ပြောပါ မမ၊ ကျွန်မဘာလုပ်ပေးရမလဲ"

မနန်းမေက အတန်ကြာအောင် စဉ်းစားနေပြီးမှ သက်ပြင်း တစ်ချက်ချလိုက်သည်။ သူမ၏မျက်လုံးများက ပြတင်းပေါက်မှတစ်ဆင့် မြူနှိုးများ ဝေနေသော တောင်တန်းကြီးများဆီသို့ ငေးကြည့်လျက်ရှိ သည်။

"တခြားတော့ မဟုတ်ပါဘူး၊ မမရဲ့ရောဂါအခြေအနေကို မမ သိသလို ခင်အေးနွယ်လည်း သိပါတယ်၊ သိပ်မကြာခင်မှာ လူ့လောက ကြီးကို စွန့်ခွာသွားရတော့မယ်ဆိုတာလည်း မမသိပါတယ်၊ ဒါကို သိလို့ လည်း မမ ဝမ်းမနည်းပါဘူး…မကြောက်ပါဘူး၊ ဒီဘဝမျိုးနဲ့ သက်ဆိုးရှည် နေရတာနဲ့စာရင် သေသွားတာကမှ ကောင်းမယ်လို့ နှလုံးသွင်းထားပါ တယ်၊ ဒီတော့ ခင်အေးနွယ်ကို မမ အကူအညီတစ်ခုလောက် တောင်း ချင်ပါတယ်"

"ဟုတ်…ဟုတ်ကဲ့၊ ပြောပါ မမ"

"တခြားတော့ မဟုတ်ပါဘူး၊ တကယ်လို့ မမသေဆုံးသွားခဲ့ပြီး တဲ့နောက်မှာ မင်းမရဲ့ယောကျ်ား ကိုဝေအောင်နဲ့ လက်ထပ်ပေးစေချင်





ဘယ်"

"ရှင်"

"မင်းအံ့သြသွားသလား၊ ဒီစကားကြောင့် မင်းဘဝ နစ်နာမယ် ဆိုတာလည်း မမသိပါတယ်၊ တကယ်တော့ ကိုဝေအောင်ဟာ ယောကျ်ားပီသတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ၊ မမနဲ့ လက်ထပ် ပြီးတဲ့နောက်မှာ မမရောဂါကြီးကို ကုပေးနေရတာကလွဲရင် ကျန်တဲ့အိမ် ထောင်သည်တစ်ယောက်ရဲ့ သာယာပျော်ရွှင်ရတဲ့အချိန်ဆိုတာ သူ့မှာ မရှိသလောက်ပါပဲ၊ ဒါပေမယ့် သူဟာ မမရဲ့အပေါ်မှာ ဒီနေ့အထိ သစ္စာရှိ ခဲ့တယ်၊ ဘယ်သူနဲ့မှ မဖောက်ပြားခဲ့ဘူး၊ လင်သားရဲ့သစ္စာနဲ့ ဒီကနေ့ အထိ သူတာဝန်ကျေခဲ့တယ်၊ မမ မရှိတော့တဲ့အချိန်မှာ သူ့ဘဝလေး သာယာစေချင်တယ်၊ ဒါကြောင့် ခင်အေးနွယ်ကို အကူအညီတောင်းရ တာပါ"

"ကျွန်မ…ကျွန်မ…"

ခင်အေးနွယ်မှာ မည်သို့အဖြေပေးရမှန်းမသိနိုင်အောင် ရှိနေ တော့သည်။

"ခင်အေးနွယ် လက်ခံမယ်ဆိုရင် ကိုဝေအောင် ပြန်လာရင် မမ ပြောလိုက်ပါ့မယ်၊ သူ့အတွက်တော့ မပူပါနဲ့၊ သူက မမကို သိပ်ပြီးချစ် တော့ မမပြောသမျှ လက်ခံပါတယ်၊ မမကလည်း သူ့ကို သိပ်ပြီးချစ်ပါ တယ်လေ"

"ကျွန်မစဉ်းစားပြီးမှ အဖြေပေးပါရစေ မမ"

မနန်းမေက နားလည်စွာပြုံး၍ ခင်အေးနွယ်၏ အခန်းတွင်းမှ ပြန်လည်ထွက်သွားလေသည်။ ခင်အေးနွယ်ခမျာ အခန်းထဲမှာ တစ်


www.burmeseclassic.com

www.burmeseclassic.com

ယောက်တည်း ဘွန့်ရစ်ခဲ့ရင်း ရင်နှန်သော အတွေးများ ရှည်လျား ရစ်ပတ်နေသော အခြင်ဘက်မှာ မြူနိုးများ ရစ်သိုင်းနေသည်။





## အခန်း(၂)

လအတန်ငယ် ကြာညောင်းသွားခဲ့ပြီမို့ ခင်အေးနွယ် ခေါင်းရင်းဘက် ဗီရိုပေါ်တွင် ပန်းအိုးဖြင့် ထိုးထားသောနှင်းဆီပန်းနီနီလေးများမှာ ခြောက်သွေ့ညှိုးရော်ကာ ပွင့်ဖတ်လေးများပင် ကြွေကျနေပြီ။ ထိုနှင်းဆီပန်းနီနီကလေးများမှာ မနန်းမေ လက်ဆောင်ပေးသွားသော ပန်းပွင့်ကလေးများဖြစ်သည်။ ယခုတော့ မနန်းမေ မရှိတော့ပြီ။ သူမသေဆုံးသွားခဲ့သည်မှာ လအတန်ငယ် ကြာမြင့်ခဲ့ပေပြီ။ မနန်းမေ သေဆုံးသွားပြီးနောက်ပိုင်းတွင် သူမ၏ဆန္ဒအတိုင်း ဦးဝေအောင်နှင့် ခင်အေးနွယ်တို့မှာလည်း လက်ထပ်ကြပြီး အတူတကွ နေထိုင်ခဲ့ကြသည်။ ထိုသို့ရှိနေပြီးမှ လအနည်းငယ် ကြာသောအခါ ထိုအိမ်ကြီးတွင် ထူးဆန်းမှုများ ဆက်ကာဆက်ကာ ဖြစ်လာလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ညအချိန်များတွင် အိမ်ကြီးအတွင်းဘက်ရှိ ပစ္စည်းများ တစ်ခုနှင့်တစ်ခု ထိခိုက်သံ၊ တွန်းရွှေ့သံ၊ စန္ဒရားသံများ၊ အမြင့်ပေါ်ရှိ ပစ္စည်းများ ကျသံ၊ ကွဲသံများကို မကြာခဏဆိုသလို ကြားနေရသည်။ ထိုသို့ ထိတ်လန့်ဖွယ်ရာများဖြစ်ပေါ်နေသဖြင့် ခင်အေးနွယ်မှာ အထူးပင် ထိတ်လန့်ကြောက်ရွံ့လျက်ရှိသောကြောင့် ဦးဝေအောင်မှာ ခရီးပင် မထွက်နိုင်အောင် ဖြစ်နေတော့သည်။ နေ့စဉ်ရက်ဆက် ဖြစ်လာသောအခါ အချို့ကလည်း ဦးဝေအောင်နှင့် ခင်အေးနွယ်တို့အတူတကွ နေထိုင်ကြသည်ကို သေဆုံးသွားသော မနန်းမေက မကျေနပ်သောကြောင့် ယခုလို ခြောက်လှန့်နေသည်ဟု ယူဆကြသည်။

"ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ နွယ်နဲ့ကိုယ့်ကို သူကိုယ်တိုင် လက်ထပ်စေချင်လို့ မသေခင်ကတည်းက ကျေကျေနပ်နပ် စီစဉ်ပေးသွားတာပဲ၊ ခုလို လက်ထပ်ဖြစ်တာလည်း သူ့ရဲ့ဆန္ဒပဲ၊ ဒါကြောင့်တော့ မဟုတ်ဘူးလို့ ကိုယ်ယုံကြည်တယ်၊ တခြားကိစ္စတော့ ကိုယ်သိပ်နားမလည်ဘူး"

ခင်ပွန်းဖြစ်သူ ဦးဝေအောင်စကားကြောင့် အတန်ငယ် စိတ်သက်သာမှုရမိသော်လည်း အိမ်ကြီးအတွင်း၌ဖြစ်ပေါ်နေသော လှုပ်ရှားမှုများကတော့ ရပ်တန့်သွားခြင်း မရှိခဲ့ပေ။ အထူးခြားဆုံးမှာ မနန်းမေ သေဆုံးသွားပြီးကတည်းက ယခင် နေ့စဉ်တီးပြရသော စန္ဒရားကြီးကို မိမိအိပ်ခန်းအတွင်းသို့ ထည့်ကာ အဝတ်ဖြင့် ဖုံး၍ သိမ်းဆည်းထားခဲ့သည်။ တစ်ခါတစ်ရံ ညဘက်များတွင် စန္ဒရားကြီးအား အဝတ်စကြီးဖြင့် ဖုံးအုပ်ထားသည့်ကြားမှ အသံများ ထွက်ပေါ်လာတတ်သည်။ တစ်စုံတစ်ယောက်က လက်ဖြင့် တီးခတ်သံ သို့မဟုတ် ကြွက်များ ဖြတ်ပြေး





သွားသည့်အသံများကို ကြားနေရသည်။ ထိုသို့ အဖြစ်အပျက်များ ဖြစ်ပေါ်နေစဉ်တစ်ညတွင် ခင်အေးနွယ်သည် ထူးခြားသောအိပ်မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲတွင် သေဆုံးသွားပြီဖြစ်သော မနန်းမေ ရောက်လာသည်။

"ဟင်...မမ ဘယ်က လာတာလဲဟင်"

"ငါဒီကိုပဲ လာတာပဲ၊ ငါမကျေနပ်လို့တစ်အိမ်လုံး ပြောင်းဆန်အောင် လုပ်နေတာ နင်တို့ မသိကြဘူးလား"

"ဘာကိုပြောတာလဲ မမ၊ ဦးဝေအောင်နဲ့ကျွန်မ လက်ထပ်တာကို မကျေနပ်တာလား၊ ဒါက မမ စီစဉ်တဲ့အတိုင်း လုပ်ရတာပါ မမရယ်"

"ဒါကို ပြောတာမဟုတ်ဘူး၊ နင် ငါ့ကို ညတိုင်းတီးပြနေတဲ့ စန္ဒရားကို မတီးဘဲ ဘာကြောင့် ရပ်ထားရတာလဲ၊ ဒီအသံကို မကြားရတာ ငါဘယ်လိုမှ နေလို့မရဘူး။ ဘယ်မှလည်း သွားလို့မရဘူး"

"ဟင်...မမက သေဆုံးသွားပြီလေ၊ ဒါကြောင့် ကျွန်မ စန္ဒရားကြီးကို သိမ်းထားခဲ့တာပါ"

"ဘာ...ငါသေသွားပြီ၊ ဟုတ်လား"

"ဟုတ်တယ်...မမ သေသွားခဲ့တာ အတော်ကြာပြီ၊ ဒီစန္ဒရားကြီးကို စွဲလမ်းမနေပါနဲ့တော့ မမရယ်၊ ကိုယ့်ဘဝ ကျွတ်ရာလွတ်ရာကိုသာ ဖြောင့်ဖြောင့်သွားပါတော့နော်"

"ဟင်...ငါတကယ်ပဲ သေသွားပြီလား"

"ဟုတ်တယ်...မမနဲ့ ကျွန်မတို့က ဘဝခြားသွားခဲ့ကြပြီ"

"ဟင်...ငါသေသွားပြီးပြီ၊ ငါသေသွားပြီးပြီ၊ ဒါကို ငါမသိလိုက်ပါလား၊ စန္ဒရားသံကိုစွဲလမ်းပြီး ကိုယ့်ကိုယ်ကိုသေသွားမှန်းတောင်မသိ



www.burmeseclassic.com

www.burmeseclassic.com

လိုက်မိဘူး ဒါ့ခင်းတို့ကိုအနှောင့်အယှက်ပေးမိတဲ့အတွက် တောင်းပန်ပါတယ်…ဒါသွားတော့မယ်"

ထိုသို့ပြောပြီးနောက် မနန်းမေသည် ခင်လေးနွယ်အနီးမှ အဝေးသို့ ထွက်ခွာသွားလေတော့သည်။ နံနက်လင်းသောအခါတွင် ခင်လေးနွယ်က ထိုအိပ်မက်အကြောင်းကို ခင်ပွန်းသည် ဦးဝေအောင်အား ပြောပြလိုက်သည်။ ထိုနောက်ပိုင်းတွင် အိမ်ကြီးအတွင်း၌ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရ မကြားရတော့ပဲ ပကတိ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။





## အခန်း(၃)

အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် ခင်အေးနွယ်၏ (၂၆)နှစ်မြောက် မွေးနေ့ဖြစ်သော ပြေ(၂၃)ရက်နေ့ နံနက်ပိုင်းတွင် ခင်အေးနွယ်အခန်းထဲရှိ ပန်းအိုးထဲတွင် ခြောက်သွေ့လျက်ရှိသော နှင်းဆီပန်းခြောက်များအစား လန်းဆန်းလှသော နှင်းဆီပန်းအနီပွင့်များ ရောက်နေသည်ကို အံ့ဩစွာ တွေ့ရလေသည်။

နောက်ပိုင်းတွင် ခင်အေးနွယ်၏မွေးနေ့ကျရောက်တိုင်း မနက်ပိုင်းအချိန်တွင် သူမအခန်းထဲရှိ ပန်းအိုးထဲတွင် နှင်းဆီပန်းအနီပွင့်များ ရောက်ရှိနေခြင်းမှာ အံ့ဩစရာတော့ မဟုတ်လှတော့ပေ။

**အောင်မြင်အောင်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဖေသည် မြင်းညိုကြီးကို စီးပြီး နှစ်လုံးပြူးသေနတ် လွယ်ကာမြို့ဘက် ထွက်ခွာသွားသည်။ ရပ်ရေးရွာရေးကိစ္စနှင့်မြို့တွင် တစ်ညနှစ်ည ကြာမည်မှာ မုချပင်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် အဖေ မြို့ဘက် ထွက်ဆင်းသွားသည်ကို ငေးကြည့်ကာ စိတ်ထဲက အတိုင်းမသိ ဝမ်းသာနေကြသည်။ အိမ်တွင် အဖေရှိလျှင် ငှက်ခတ်၊ ငှက်ထောင်ကအစ မလွှတ်လပ်။ ဝက်လိုက်၊ ချေလိုက်ဆိုသည်မှာကား ဝေးလာဝေးပင်။

ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်မှာ မုဆိုးတံငါအလုပ်ကို အလွန်ဝါသနာကြီးကြသည်။ ရွာရှိ မုဆိုးများနောက်က ပလိုင်းကိုင်၊ ခါကိုင်၊ ငှက်ကိုင် လိုက်ကာ ငှက်ခတ်ခြင်း၊ နဲ့ထောင်ခြင်း၊ ချိုးတယ်ခြင်း၊ ခါတယ်ခြင်း အပြင် တစ်ခါတစ်ခါ တောဝက်၊ ချေ၊ စိုင်၊ ဆတ်လိုက်သော မုဆိုးများနှင့်ပင် တပည့်ခံကာ လိုက်ပါတတ်ကြလေသည်။

သို့သော် အဖေက ဤသည်ကို လုံးဝသဘောမကျ။ အိမ်တွင် ကုပ်ချိုးနှစ်လုံးပြူးသေနတ် ရှိသော်လည်း တစ်ခါမှ တောပစ်ခြင်း၊ အမဲလိုက်ခြင်း မရှိ။ ဘာသာရေးလည်း အလွန်ကိုင်းရှိုင်းသူဖြစ်ရာ သူသာ





ပေါတ်၊ သူ့သားတွေ မုဆိုးတံငါအလုပ် လုပ်သည်ကိုလည်း သဘောကျ။ အမြဲတားမြစ်တတ်သည်။ ထို့ကြောင့် အဖေရှိလျှင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာ ရွာက မုဆိုးတွေနှင့် ချိုးတယ်၊ ခါတယ်ပင် မလိုက်ဝံ့ကြပေ။ အဖေ မြို့ကိုသွားတော့မှ ကျွန်တော်တို့ညီအစ်ကိုက မုဆိုးတံငါအလုပ်ကို ရဲရဲဝံ့ဝံ့ လုပ်ရဲကြသည်။

ထို့ကြောင့် အဖေ မြို့ကို တက်သွားသည်နှင့် ညနေကျလျှင် ငှက်ခတ်သွားကြရန် ညီအစ်ကိုနှစ်ယောက် တိုင်ပင်ကြတော့သည်။ သို့သော်ငှက်ခတ်တန်ဆာပလာဆို၍ကား အဖေမကြိုက်သဖြင့် အိမ်မှာဘာမှမရှိ။ ထို့ကြောင့် မီးအုပ်ဆောင်းနှင့် ပျဉ်းမကွင်းသို့ ငှက်ခတ်ရန် ထွက်လာကြတော့သည်။

၈ ၅ ၈ ၅

နွေလဟုဆိုသော်လည်း ကျွန်တော်တို့တောင်ပေါ်ဒေသတွင် နှင်းမှုန်တို့ ရစ်သီဝဲပျံ့နေကြတုန်းပင်။ ကျွန်တော်တို့ ငှက်ခတ်ရန် ထွက်လာကြသော ပျဉ်းမကွင်းမှာ မြို့တောင်နှင့် နန်းရာတောင်နှစ်လုံးကြားရှိ ချိုင့်ဝှမ်းလွင်ကြောဖြစ်သဖြင့် နှင်းမှုန်တွေက ပိုပြီးသိပ်သိပ်သည်းသည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည်၊ အချိန်မှာ ညရှစ်နာရီကျော်သာ ရှိသေးသော်လည်း ကျွန်တော်တို့ထက် စော၍ရောက်နေကြသော ငှက်ခတ်သမားများ၊ မီးအုပ်ဆောင်းမှ မီးရောင်တန်းများကို ဟိုကျဲကျဲ သည်ကျဲကျဲ ချိုင့်ဝှမ်းကွင်းတစ်ပြင်လုံးတွင် လှမ်းမြင်နေရသည်။

"ဟ...တို့ထက် ဦးတဲ့လူတွေချည်းပါလား၊ ဒီအတိုင်းဆိုရင်တော့ ဒီကွင်းမှာ ငှက်ခတ်လို့ရပါတော့ဦးမလားကွာ"

ငှက်ခတ်သွားရာတွင် မပါမဖြစ်သော ငှက်ကြီးတောင်ဓားကိုမြေမှာ စိုက်လိုက်ပြီး အစ်ကိုကြီးက ညည်းသလို ပြော၏။ ငှက်ခတ်သမားများ၏မီးရောင်တန်းများကိုလည်း လှမ်းငေးကြည့်ကာ ပုဆိုးကိုလည်း တိုတိုပြင်ဝတ်လိုက်သည်။

အစ်ကိုပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ငှက်ခတ်အတတ်ပညာ၌ မကျွမ်းကျင်သည့်အပြင် အလာလည်း နောက်ကျနေသော ကျွန်တော်တို့ညီအစ်ကိုသည် ဤပျဉ်းမကွင်းထဲ၌ ငှက်ခတ်၍ ရနိုင်တော့မည်မဟုတ်ဆိုသည်ကို ငှက်ခတ်သမားများ၏ တစ်ကွင်းလုံးပြန့်ကျဲနေသော မီးရောင်ကိုမြင်ကတည်းက ကျွန်တော်လည်း တွက်ဆပြီးသားဖြစ်၏။

သို့သော်...အစ်ကိုက ငှက်ခတ်သမားများ မပြောကောင်းသော နိမိတ်ပြစကားကို ဘယ်တော့မှ မဆိုပါချေ။

အစ်ကို့မှာ အယူသည်းတတ်သူ မဟုတ်သည့်အပြင် ငှက်ခတ်၍ အသက်မွေးဝမ်းကျောင်းပြုနေသော ငှက်ခတ်သမားစစ်စစ်လည်း မဟုတ်သဖြင့် လွှတ်ခနဲ ပြောလိုက်ခြင်းသာ ဖြစ်ပေသည်။

"သူများရရင် ရရမှာပေါ့ဗျာ၊ ကျွန်တော်တို့က မြို့ကို သွား





ရောင်းဖို့ခတ်တဲ့ ငှက်ခတ်သမားမှ မဟုတ်တာ၊ ဟင်းစားရရင်ပြီးတာပဲ"

"အေး...အေး...ခတ်ကြည့်ကြတာပေါ့ကွာ"

အစ်ကို့စကားအတိုင်းပင် ကျွန်တော်တို့သည် အခြားငှက်ခတ်သမားများနှင့် အတော်ဝေးဝေးသို့ သွား၍ ငှက်ခတ်ကြ၏။ သို့သော် ကျွန်တော်တို့ ခတ်ရသော မြေဝတ်ငှက်တွေမှာ ဟိုဘက်သည်ဘက်က ငှက်ခတ်သမား တုတ်ချက်နှင့် ပွတ်ကာသီကာ လွတ်လာကြသော မြေဝတ်ငှက်များဖြစ်နေသဖြင့် သတိရှိပြီးသား လျင်ပြီးသား ငှက်တွေကို အတွေ့အကြုံနည်းပါးလှသော အစ်ကိုက ဘယ်လိုမှ ရိုက်ခတ်၍မမိပေ။ တစ်နာရီလောက် ညီအစ်ကိုနှစ်ယောက် အပင်ပန်းခံပြီး ခတ်ကြည့်ကြသော်လည်း ငှက်ကလေးပိန်တာရိုးနှင့် ခြေကျိုးတောင်ပံကျိုးလေး တစ်ကောင်သာ ရသောအခါ ကျွန်တော်တို့မှာ စိတ်ပျက်သွားကြလေသည်။

"ဒီမှာ အလကား အချိန်ကုန်နေမည့်အစား နတ်ချောင်းဖျားကွင်း သွားခတ်ရအောင်ကွာ"

ဟု အစ်ကိုက စိတ်မရှည်တော့သလို ဆိုသည်။

နတ်ချောင်းဖျားကွင်းမှာ တောင်ချိုင့်ပိုကျသဖြင့် နတ်ကြီးသည်ဟုလည်း ကျွန်တော်တို့ရွာက ငှက်ခတ်သမားများ အယူရှိထားကြသော ကွင်းဖြစ်သည်၊ ယခင်က ငှက်ခတ်သမားများ ရိုက်ခတ်လိုက်သော ငှက်များကို ငှက်ကောက်သမားက မကောက်နိုင်မီ သရဲတစ္ဆေများက လိုက်ကောက်ပြီး ငှက်အစိမ်းကို ကျွတ်ကျွတ်ဝါးစားပစ်ကြတာ ငှက်ခတ်သမားများ အတော်များများ ကြုံဖူးထားကြသည်ဆို၏။ ပြီးတော့ ငှက်ခတ်သမားများနောက်ကို တကောက်ကောက် လိုက်နေတတ်သော ကွင်းပိုင်ကြီး သရဲပြေးတို့ မြေးအဖိုးလည်း ရှိသည်ဟု ပြောကြ



www.burmeseclassic.com

www.burmeseclassic.com

သောကွင်းဖြစ်သည်။ ထို့ကြောင့်အစ်ကို့စကားကိုကျွန်တော်က မနှစ်မြို့ဖြစ်လိုက်မိသည်။ သရဲပြေးတို့ မြေးအဖိုးဆိုသည်မှာ ထိုကွင်းတွင် ကျွန်တော်တို့လိုပင် ငှက်ခတ်ရင်း ကျားကိုက်ခံရပြီး သေကာ ကွင်းစောင့်ကွင်းပိုင်ဖြစ်နေကြသည်ဟု ဆို၏။ သို့သော် ခုနစ်တန်း၊ ရှစ်တန်း လောကဓာတ်ကျောင်းသားများဖြစ်ကြသော ကျွန်တော်နှင့်အစ်ကိုတို့မှာ ဤအယူအဆကို များစွာလက်ခံကြသူ မဟုတ်ပေ။

ထို့ကြောင့် မည်သို့ဖြစ်စေ အဖေလည်း မြို့ဆင်းချိန်၊ ရတောင့်ရခဲ အခွင့်အရေးကိုလည်း ဆုံးရှုံးမခံလိုကြသဖြင့် ကျွန်တော်တို့သည် နတ်ချောင်းဖျားကွင်းဘက်ကို ထွက်လာကြသည်၊ ဤသို့စွန့်စားလာကြခြင်းမှာ ကျွန်တော်တို့၏မီးအုပ်ဆောင်းသည် သာမန်ငှက်ခတ်သမားများ၏မီးအုပ်ဆောင်းလို မဟုတ်ဘဲ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို အုပ်ဆောင်းထဲ ထည့်လာကြသဖြင့် အလင်းရောင်တန်းက ပိုမိုအားကောင်းပြီး အလင်းတန်းကလည်း ပို၍ဝေးဝေးပြေးသည်။ အဝေးပြေး သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးတန်းသည် တစ်ကွင်းလုံးရှိ မြေဝတ်ငှက်တွေကို သိမ်းကျုံးခေါ်ငင်နိုင်ကာ လိုသလောက် မြေဝတ်ငှက်များကိုလည်း ရနိုင်သည်ဟု တွက်ချက်လာကြသည်၊

သည်လိုနှင့် သရဲတစ္ဆေဆိုသည်ကိုလည်း တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသဖြင့် အယုံအကြည်မရှိသော ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်သည် နတ်ချောင်းကွင်းဘက်ကို ငှက်ခတ်ရန် ပျဉ်းမကွင်းက ကွင်းပြောင်းလာကြသည်၊

☺ အောင်မြင်စာပေ ☺



ပျဉ်းမကွင်းအစနားက ရိုးလေးတစ်ခုကို ဖြတ်ကျော်လိုက်သည်နှင့် နတ်ချောင်းဖျားကွင်းစနားသို့ ရောက်လာကြ၏။ အချိန်မှာ ည ကိုးနာရီကျော်နေလေပြီ။ တောင်ချိုင့်ကြား ပိုကျသောကွင်း ဖြစ်နေသဖြင့် နှင်းမှုန်တွေကလည်း ပျဉ်းမကွင်းထက် ပို၍ထူထပ်သည်၊ ပျဉ်းမကွင်းမှာလို ငှက်ခတ်သမားများ၏မီးအုပ်ဆောင်း ရောင်ခြည်တန်းများကိုလည်း များများမမြင်ရ၊ ဤသည်မှာတော့ နတ်ကြီးသောကွင်းဟု အယူသည်းထားကြသဖြင့် ဝါရင့်ငှက်ခတ်သမားများ မဟုတ်လျှင် ကောင်းစားရာသူများကား ဤကွင်းသို့ မလာရဲကြတာလည်း ပါပေသည်။

သို့သော် ကျွန်တော်တို့ နတ်ချောင်းဖျားကွင်းသို့ ရောက်၍ မကြာမီမှာပင် ငှက်ခတ်သမား နှစ်ဦးသုံးဦး ပြန်လှည့်သွားကြသည်ကို အတော်ဝေးဝေးက လှမ်းမြင်လိုက်ကြရသည်။

"တွေ့လားကွ…ဟိုငှက်ခတ်သမားတွေပြန်တော့ သွားကြပြီ၊ အချိန်က ဘယ်လောက်မှ မရှိသေးဘူး၊ စောစောစော ပလိုင်းအပြည့်ရလို့ ပြန်ကြတာနေမှာ၊ ဒီနတ်ချောင်းဖျားကွင်းမှာ မြေဝတ်ငှက်တွေ ထွက်ပေါ်ဆိုပဲ၊ ဘကြီးညိုနဲ့ ငါတစ်ခါလိုက်ဖူးတယ်၊ နှစ်နာရီလောက် အချိန်ကလေးမှာ ပလိုင်းတစ်လုံးပြည့်သွားလို့ လက်ကတောင် သုံးလေး ကောင် ကိုင်လာခဲ့ကြရတယ်၊ ကဲ…မီးပြင်တော့ကွာ၊ ဟင်းစားလောက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

တော့ ခဏလေး နေမှာ"

အစ်ကိုက တိုးတိုးပြော၍ ကျွန်တော့်ကို မီးဆင်ခိုင်းသည်။

မီးအုပ်ဆောင်းမှာ ကိုင်းတပ်ထားသော လေးထောင့်သံပုံးပြတ်တစ်ခုဖြစ်သည်။ သုံးဖက်ကို မှန်ရင်းအတိုင်း ထားပြီး ရှေ့ထားမည့် တစ်ဖက်ကို လက်နှိပ်ဓာတ်မီးထိပ်ဝ မရှိတရှိ အပေါက်တစ်ပေါက်ဖောက်ထားသည်။ ထိုအထဲတွင် ရေနံဆီမီးခွက်ကို ထည့်ရသည်။ မီးခွက်၏အလင်းရောင်မှာ ထိုအပေါက်က ထွက်ပြီး ဓာတ်မီးနှင့် ထိုးလိုက်သလို ရှေ့ကိုမီးရောင်မီးတန်းထွက်သွားမည်။ ဤသည်မှာ သာမန်ငှက်ခတ်သမားတို့၏ မီးအုပ်ဆောင်းဖြစ်သည်။

ယခု ကျွန်တော်တို့ မီးအုပ်ဆောင်းကမူ မီးခွက်အစား သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုဖေ့နှိပ်ပြီး ထည့်ထားသဖြင့် အလင်းအားနှင့်မီးတန်းအပြေးများလည်း ရှည်လျားသည်။ မီးခွက်အုပ်ဆောင်းထက် အဝေးကို မီးရောင်က ပြေးသည်။

မီးအုပ်ဆောင်းမျက်နှာရှေ့ပေါက်မှ အတော်ဝေးဝေးသို့ တန်းထွက်နေသော အလင်းတန်းကို ကျွန်တော်က ခပ်ဝေးဝေးအရောက်ဖြန့်ကြဲကစားပစ်လိုက်သည်။ ပြီးမှ တဖြည်းဖြည်းအနီးသို့ပြန်ရုပ်ယူလာသည်။

ကျွန်တော် တဖြည်းဖြည်း ဆွဲရုပ်ယူလာသော မီးရောင်တန်းထဲတွင် ရုန်းဆွဲရုန်းဆွဲနှင့် မြူးကြွပြေးလိုက်လာကြမည့် မြေဝတ်ငှက်များကို အစ်ကိုက မီးရောင်တန်းဘေး အမှောင်ရိပ်ကနေပြီး တုတ်နှင့် ရိုက်ကောက်ယူရမည်။ မြေဝတ်ငှက်များသည် မီးရောင်ကို ရွှေရောင်ထင်ပြီး မီးတန်းထဲတွင် ပျော်မြူးကခုန်ပျံလွှားနေကြသော ပိုးဖလံများကို စား





သောနှင့် မြေဝတ်ငှက်များက အစ်ကို့ကို အာရုံမထားနိုင်ကြပေ။

အစ်ကိုရိုက်ခတ်ထားခဲ့သော မီးတန်းလမ်းကြောင်း တစ်လျှောက်က မြေဝတ်ငှက်သေကောင်များကို ကျွန်တော်က တရွေ့ရွေ့ မီးထိုးကစားရင်း ကောက်ယူလာရမည်။

ကျွန်တော်သည် မီးတန်းကို တောစနားသို့ ဖြန့်လိုက်သည်။ ဘယ်ညာလှည့်၍လည်း မီးကစားလိုက်သည်။ မီးရောင်တန်းထဲ ပြေးဝင်လာကြမည့် မြေဝတ်ငှက်များကို အစ်ကိုသည် မှောင်ရိပ်ထဲက စောင့်ကြည့်နေပေလိမ့်မည်။ မီးရောင်တန်းအဖျားဘက် ရောက်နေလိမ့်မည်ဖြစ်သော အစ်ကိုနှင့် ကျွန်တော်တို့မှာ ကိုက်လေးငါးဆယ် ဝေးသွားပြီးဖြစ်လိမ့်မည်။

"ရှိုး"

ငှက်ကလေးတစ်ကောင် မြည်သံကဲ့သို့ အစ်ကို့ဆီမှ ငှက်ခေါ်သံကို ကြားလိုက်ရသည်နှင့် ကျွန်တော်က မီးရောင်တန်းကို တောစပ်သို့ ဖြန့်ကြဲလိုက်သည်။

"ရှိုး..ရှိုး..ပိယပ်..ပိယပ်"

အစ်ကို့ဆီက ဒုတိယငှက်ခေါ် အချက်ပေးသံကြောင့် ကျွန်တော်က မီးတန်းကို ညာဘက်တွေ့ ၍ စုစည်းလိုက်ရသည်။ သို့သော် ဘယ်မြေဝပ်ငှက်တစ်ကောင်တစ်မြီးမှ ကျွန်တော့်မီးတန်းထဲ ဝင်လာသည်ကို မမြင်ရသေး။ ဤသို့နှင့်ပင် နတ်ချောင်းဖျားတွင် နာရီဝက်ကျော်ကျော်အချိန်ကုန်သွား၏။

မြေဝတ်ငှက်တွေ အလွန်ပေါ်ပြီး နတ်ကြီးသည်ဆိုသော ဤနတ်ချောင်းဖျားတွင် ဤအချိန်ထိ မြေဝပ်ငှက်တစ်ကောင်တစ်မြီးမှ


www.burmeseclassic.com

www.burmeseclassic.com

မပစ်ခတ်ရသေးသည်ကို ကျွန်တော်တို့ မတွေးတတ်အောင် ဖြစ်မိကြသည်။

"ရှိ-ရှိ-ပိယပ်..ပိယပ်"

အစ်ကို့ဆီက ငှက်အော်သံ အဆက်မပြတ် ထွက်လာနေချိန်မှာကျွန်တော်သည်မီးတန်းကိုတောစပ်နားသို့လှမ်းကြဲဖြန့်ဆွဲလိုက်ပြန်၏။ ဤတစ်ခါလည်းကျွန်တော်ဖြန့်ကြဲလိုက်သောမီးရောင်တန်းထဲတွင် ဘယ်မြေဝတ်ငှက် တစ်ကောင်တစ်လေကိုမျှ လှမ်းမမြင်ရသေး။ ထို့ကြောင့် စိတ်ပေါက်ပေါက်နှင့် ကျွန်တော်က မီးရောင်တန်းကို ဝေးဝေးတောစပ်ို့လိုက်၊ ပြန်ရုပ်လာလိုက်နှင့် မြေဝတ်ငှက်ငယ်များ မြင်အောင် မီးကစားလိုက်သည်၊ မီးရောင်တန်း ပြေးရာဆုတ်ရာ မီးလမ်းကြောင်းထဲကိုလည်း မမိုတ်မသုန် ရှုစမ်းကြည့်နေလိုက်သည်။ ဤအချိန်မှာတော့ အစ်ကိုသည် အမှောင်ကွင်းပြင် ဘယ်နေရာကို ရောက်နေသည် မသိတော့။

"ရှိ..ရှရှရှဲ..."

"ဟိုက်..."

အစ်ကို၏ငှက်မြူသံက အ,ထစ်ထစ်နှင့် ပျောက်သွားသလို ချက်ချင်း ကျွန်တော့်ပါးစပ်ကလည်း "ဟိုက်" ကနဲ အသံထွက်သွား၏။ အကြောင်းမှာ ကျွန်တော်ဖြန့်ကြဲလိုက်သော မီးရောင်တန်း အဆုံးတစ်နေရာတွင် မီးကျီမီးခဲကဲ့သို့ရဲရဲနီနေသောမျက်လုံးကြီးနှစ်လုံးသည် ရုတ်တရက် ပေါ်ထွက်လာသောကြောင့် ဖြစ်သည်၊

ဤကွင်းကို နတ်ကြီးသည်၊ သရဲပြေးတို့ မြေအစိုး ရှိသည်။ ငှက်ခတ်သမားများ၏ရိုက်ခတ်ထားသော ငှက်များကို မီးရောင်တန်း





နောက်က တကောက်ကောက်လိုက်၍ လက်မည်းကြီးနှင့် လှမ်းကောက်ကာ ကျိုးကျိုးကျွတ်ကျွတ် အစိမ်းလိုက် ကောက်စားတတ်သည်ဟုလည်းကြားဖူးနားဝ ရှိထားခဲ့လေရာ သရဲပြေးတို့မြေအစိုးနှင့် ယခုတော့ပက်ပင်းတိုးနေကြလေပြီဟုကျွန်တော့်မှာခေါင်းနားပန်းကြီးပြီးတစ်ကိုယ်လုံးလည်းကြက်သီးထသွားလေ၏။

"ရှူး...ညီ..ညီလေး"

"ဗျာ...အစ်ကို"

အစ်ကိုသည် ချက်ချင်းကျွန်တော့်အနားသို့ ရောက်လာ၏။

"အစ်ကို...ကျွန်..ကျွန်တော်တို့သရဲပြေးနဲ့တွေ့ပြီ၊ ဘယ့်နှယ်လုပ်ကြ..."

"မင်းကလည်း...သိပ်အကြောက်ကြီးမနေပါနဲ့ကွ၊ ခု...ငါတို့မြင်နေရတဲ့ မျက်လုံးနှစ်လုံးဟာ သရဲပြေးမျက်လုံး မဟုတ်ဘူး၊ ဟင်း..ဟင်းမျိုးမျက်လုံးကွ"

ကျွန်တော့်စကား မဆုံးလိုက်မီမှာပင် အစ်ကိုက တီးတိုးပြောလိုက်၏။ အစ်ကိုမှာရေ့ဂငှက်ခတ်ရမည့်သူဖြစ်သဖြင့် မီးအလင်းတန်းအဆုံးနားကို ရောက်ခဲ့ပြီး ပြန်ပြေးလာသူဖြစ်ရာ သူက ဟင်းမျိုးဖြစ်ကြောင်းကို အသေအချာ သိလာရသူဖြစ်သည်။

အစ်ကိုက ပြောပြောဆိုဆိုနှင့် ကျွန်တော့်လက်ထဲက မီးအုပ်ဆောင်းကိုလည်း ဆွဲယူလိုက်သည်။ ဟင်းမျိုးဆိုသည်မှာ တောထဲတောင်ထဲ၌ ကျားကို ခေါ်ခြင်းဟု သိလိုက်ရရာ ကျွန်တော်မှာ ပို၍ပင် ထိတ်လန့်သွားပြီး ပါးစပ်ကလည်း သတိလစ်ကာဟင်းမျိုးကိုးဟု ပြောရသည့်အစား "ဟင်...ကျား...ကျား" ဟုသာ ထွက်သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com

အမှန်က ဤနတ်ချောင်းဖျားကွင်းတွင် တခြားနေ့ရက်များက မြေဝတ်ငှက်တွေ အလွန်ပေါသော်လည်း ယနေ့၌ ကျားရောက်နေသဖြင့် မြေဝတ်ငှက်တွေ အကုန်ရှောင်ပြေးသွားကြပြီ ဖြစ်သည်။ မုဆိုးတံငါအတွေ့အကြုံမရှိသော ကျွန်ုပ်တော်တို့ညီအစ်ကိုမှာ ဤသည်တို့ကိုလုံးဝမရိပ်မိခဲ့ကြပေ။ တောရိပ်တောင်ရိပ်ကို သိ၍ စောစောစီးစီး ပြန်လစ်သွားကြသော ငှက်ခတ်သမားများကိုပင် ငှက်တွေ အလျှံပယ်ခတ်ရ၍ ပလိုင်းပြည့်ကာ စောစောစီးစီးပြန်သွားကြသည်ဟု အထင်မှားခဲ့ကြသည်။

အမှန်က ထိုဝါရင့်ငှက်ခတ်သမားများသည် ဤကွင်းပြင်သို့ တောကောင်ဆင်းလာပြီဆိုသည်ကို ရိပ်မိကြသည်နှင့် စောစောကပင် ပြန်လစ်သွားကြခြင်းဖြစ်သည်။

ကွင်းပြင်ထဲ ဆင်း၍ မြေဝတ်ငှက်များကိုဖမ်းစားရန် လာသောကျားသည် ငှက်ခတ်ရန် ကွင်းပြင်ထဲ ရောက်နေကြသော ကျွန်တော်တို့ညီအစ်ကိုနှင့် ပက်ပင်းတိုးနေကြလေပြီ။

ကျားကြီးသည် အစ်ကို ကိုင်ထိုးထားသော မီးရောင်တန်းကို စန်း၍စန်း၍ ဝပ်ချလိုက် ပြန်စန် ရှေ့တိုးလာလိုက်နှင့် တရွေ့ရွေ့ မြေပြင်တွင် တွားလာလျက်လည်း ရှိ၏။

"ညီလေး...ဟင်းမျိုးတော့နီးလာပြီ"

"ဟုတ်...ဟုတ်တယ်အစ်ကို၊ အဲဒါကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော့်မှာ အကြောက်လွန်ကာ ငိုသံပါကြီးနှင့် ပြောမိလိုက်၏။





ကျားနှင့် ဤသို့ နဖူးတွေ့ဒူးတွေ့လည်း တစ်ခါမျှမကြုံဖူးသော ကျွန်တော်၏တစ်ကိုယ်လုံးမှာ နတ်ကျသလို တဆတ်ဆတ် တုန်လာသည်။

"မင်းဘာမှမကြောက်နဲ့၊ စိတ်ကိုနိုင်နိုင်မြဲမြဲရဲရဲဝံ့ဝံ့ထား၊ ကျားကို ငါသေသေချာချာ မြင်ခဲ့ပြီ၊ ရိုးမကျားကြီး မဟုတ်ဘူး။ ကျားကြုတ်လေးပါ၊ ဒါပေမယ့်ကြောက်လို့ထွက်ပြေးရင် မလွတ်နိုင်ဘူး၊ အော်ရင်လဲ ပြေးလိုက်လာတော့မှာပဲ၊ ငါပြမယ်...မီးကိုဒီလိုဒီလို ဖွင့်လိုက်ပိတ်လိုက်လုပ်ရမယ်၊ ကြားလား"

"ဟုတ်...ဟုတ်ကဲ့"

ပြောသာ ပြောလိုက်ရသည်။ ကျွန်တော့်မှာ အသံပင် မှန်တန်းမဟုတ်တော့။

"မင်း...မီးအုပ်ဆောင်းကို ဒီလိုဒီလို ဖွင့်လိုက်ပိတ် လိုက်လုပ်ပေးထားရင် ဟင်းမျိုးက မျက်စိကျိန်းပြီး ဇဝေဇဝါ ဖြစ်နေတုန်း ငါက မှောင်ရိပ်ခိုစောင့်ပြီး ကျားနဲ့မင်းနဲ့ နှစ်လံသုံးလံ အရောက်မှာ ဓားနဲ့ခုတ်မယ်၊ ဘာမှမကြောက်နဲ့နော်၊ ယောကျ်ားပဲကွာ...သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ကဲ... ရော့၊ မီးအုပ်ဆောင်းယူ၊ ငါသွားမယ်၊ ငါပြောသလို လုပ်နော်၊ ငါ့အစ်ကိုတစ်ယောက်လုံး ရှိတယ်၊ ငါဘာမှမကြောက်ဘူးလို့စိတ်ကိုတင်းထား၊ မီးကိုဒီလိုဒီလိုဖွင့်လိုက်ပိတ်လိုက် လုပ်ပေးဖို့သာ မမေ့နဲ့၊ ကဲ...အစ်ကိုသွားပြီ"

အစ်ကိုသည် ကျွန်တော်အား တီးတိုးသတိပေး သင်ပြထားခဲ့ပြီး မီးရောင်တန်း၏ညာဘက်အမှောင်ထဲကို ငှက်ကြီးတောင်ဓားဝင့်၍ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မှာ အစ်ကိုသင်ပြထားခဲ့သလို မီးအုပ်ဆောင်း ရေ့ပေါက်ကို လက်ဝါးတစ်ဘက်နှင့် လျှပ်တစ်ပြက် ပိတ်လိုက်၏။ ကွင်းပြင်တစ်ခုလုံး မှောင်ကျသွားသည်။ ပြီး ချက်ချင်း လက်ကို ပြန်ရုပ်ရပြန်၏။ မီးရောင်တန်းသည် စူးစူးရှရှ ပြန်ပေါ်လာသည်။ ကျားကြီးသည် အစ်ကို ပြောခဲ့သလို မျက်စိကျိန်း၍လား။ ရုတ်တရက် အံ့အားသင့်သွား၍လား မသိ။ ရှေ့လက်ကို စုံထောက်ကာ ခဏရပ်ကြည့်နေသည်။ ပြီးမှ ရှေ့ကတွေ့သောရန်သူကို ခုန်အုပ်ရန် တစ်လှမ်းချင်း တရွေ့ရွေ့လှမ်းလာတော့၏။

ကျားကြီးမှာ ကျွန်တော်နှင့် နီးသထက် နီးလာ၏။ မီးရောင်တန်းထဲတွင် ကျားတစ်ကိုယ်လုံးကို ထင်ထင်ရှားရှား မြင်လာရပြီ။ ထို့ကြောင့် ချွေးပြန်လာသည့်အထဲက အစ်ကို လက်တွေ့သင်ပြထားခဲ့သလို မီးအုပ်ဆောင်းအပေါက်ကို ဖွင့်လိုက်ပိတ်လိုက် လုပ်သာနေရသော်လည်း ကြောက်စိတ်နှင့် တစ်ကိုယ်လုံးမွှန်ထူကာ မီးအဖွင့်အပိတ်ပင် တစ်ချက်တစ်ချက် မှားချင်နေသည်။

တဖြည်းဖြည်းနှင့် မီးရောင်တန်းကို လျှောက်လိုက်လာသော ကျားမှာ ကျွန်တော်နှင့် နီးသထက် နီးလာ၏။ ကျွန်တော့်ကို မြင်သွား၍လားမသိ။ ကျားကြီးသည် ရန်သူကို ခုန်အုပ်ရန် မြေပြင်တွင် လက်ဆစ်ချိုးဝပ်ချလိုက်သည်။ အမြီးနံ့ကာ အင်အားစုစည်းနေသည်ကိုလည်း မြင်နေရ၏။ ကျွန်တော့်မှာ ရင်တခုန်ခုန်နှင့် ကျားကြီးကိုပင် ရဲရဲဝံ့ဝံ့ မကြည့်ရဲသလို ဖြစ်လာသည်။ အစ်ကိုက သူသည် အမှောင်ခိုကာ ကျားကြီးကို ဝင်ခုတ်မည်ဟု မှာသွားသော်လည်း ယခုတော့ ကျားကြီးကို ကြောက်၍ ထွက်များ ပြေးသွားလေပလား။





အစ်ကိုသည် ကျွန်တော့်အား ကျားစာအဖြစ် ထားခဲ့ပြီး သူက လွတ်ရာလွတ်ကြောင်း ထွက်ပြေးသွားလေပလားဟူသော လျှင်လျှားသည့် စိတ်အတွေးက ပေါ်လာသောအခါ ညီအစ်ကိုပင် ဖြစ်သော်လည်း အစ်ကို့အပေါ် သံသယ ဝင်လာသည်။ သို့သော် ထိုအတွေး ကြာကြာမတွေးအား။ မိမိနှင့် နီးသထက်နီးလာသော ကျားကို မျက်တောင်မခတ်ရဲဘဲ စိုက်ကြည့်ကာ မီးအုပ်ဆောင်းကို အသိမဲ့သလို ဖွင့်လိုက်ပိတ်လိုက်တော့ လုပ်ပေးထားသည်။

"ဟေး..."

"ကျားဘသားကွ...ဟေး"

ကျားကြီးက ကျွန်တော်နှင့် သုံးလံခန့်အကွာသို့ ရောက်လာပြီး ကျွန်တော့်ကို မီးရောင်ကြောင့် ရိုးတိုးရိပ်တိတ် မြင်လိုက်သောအခါ ချက်ချင်းခုန်အုပ်ကိုက်သတ်ရန် အားယူအထမှာ ကျွန်တော်က "ဟေး..." ဟု လန့်အော်လိုက်သည်။

ဤအချက်ကောင်းကို မှောင်ရိပ်က စောင့်ကြည့်နေသော အစ်ကိုကလည်း ကျွန်တော် လန့်အော်လိုက်သံနှင့် ထပ်တူထပ်မျှပင် "ကျားဘသားကွ...ဟေး" ဟု အော်လိုက်ပြီး ကျားကြီး၏လည်ပင်းကို ငှက်ကြီးတောင်ဓားရှည်နှင့် အပိုင်ခုတ်ချလိုက်၏။

ကျားကြီး၏အထိတ်တလန့် ဟိန်းအော်လိုက်သံနှင့် အစ်ကို၏ အသံကလည်း...

"ညီလေး...ညီလေး။ မီးကို မပိတ်နဲ့တော့၊ မီးပြ...မီးပြ"

အစ်ကို သတိပေးသံကြောင့် မီးကို ဖွင့်ချည်ပိတ်ချည် လုပ်နေရာက သည်အတိုင်း ဖွင့်ပြထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျားကြီးသည် မြေပြင်ပေါ် ပစ်ကျသွားပြီး ပြန်ထရန် ကြိုးစားလိုက်စဉ် ခေါင်းကြီးက စိုက်ကျကာပြန်လဲကျသွားသည်။ အစ်ကိုကြီး၏ ငှက်ကြီးတောင်မားချက်က ကျားကြီး၏လည်ပင်း တစ်ဝက်ကျော်ကျော်ကို တစ်ချက်တည်းနှင့် ခုတ်ဖြတ်ပြီးသားဖြစ်သွားသည်။ သွေးတွေကမူ မြင်မကောင်းပဲ မြေပြင်တွင် အိုင်ထွန်းနေသည်။

ကျွန်တော် မင်တက်နေမိစဉ် အစ်ကိုကြီးက…

"ဟော့ကောင်…ဘာငေးနေတာလဲ၊ ရော့…ဓားယူစမ်း"

ဟု ဓားကို လှမ်းပေးကာ ကျားကြီးကို သူ့ပခုံးနှစ်ဖက်ပေါ် ကောက်ထမ်းလိုက်သည်။

"မြန်မြန်သွားကြမယ်…လာ"

ဟု ပြောကာ ကျားသေကြီးကို ထမ်းပြီး ရှေ့က ပြေးသွား၏။ ကျွန်တော်မှာ နောက်က အစ်ကိုကြီးကို အမြန်မီအောင်လိုက်ရသည်။

အမှန်က ကျွန်တော်သည် ကြောက်စိတ်ကြောင့်သာ ကျားကြီးဟု မြင်မိသည်။ ချွေးသာသာရှိသော ကျားကြုတ်သာ။ ထို့ကြောင့်လည်း နွားကိုပင် မကိုက်ရဲသော ကျားကြုတ်သည် မြေဝတ်ငှက်များကို ဖမ်းစားရန် ကွင်းထဲ ဆင်းလာရင်း ကျွန်တော်တို့နှင့် ဆုံတွေ့ရခြင်းဖြစ်သည်။ အစ်ကိုကြီး ဤသို့အလျင်စလိုကျားသေကြီးကိုကောက်ထမ်းပြီး ရွာဘက်ကို ပြေးသွားသည်မှာ ထိုကျားကို ကွင်းတွင် ကြာကြာထားက တောမှီမှာ၊ အပဝင်မှာစိုး၍ ဆိုသည်ကို နောက်မှ သိရသည်။

ရွာကို ဝင်ကြသောအခါ ကျွန်တော်က အစ်ကိုကြီးရှေ့ အရောက်ပြေးရ၏။ ကျွန်တော်တို့ပြန်မလာကြသေးသဖြင့် မီးခွက်ထွန်းပြီးစောင့်နေသော အမေအား ကျွန်တော်က…





"အမေ…ကျွန်တော်တို့ ကြောင်ခေါင်းကြီးတစ်ကောင် ရလာတယ်၊ မီးခွက်မြန်မြန်ယူလာစမ်းပါ"

ဟု အိမ်ရှေ့က အော်ပြောလိုက်၏။ အမေဆင်းလာပြီး အိမ်ရှေ့ကို ရောက်သည်နှင့် အစ်ကိုကြီးကလည်း ရောက်လာရာ သူ့ပခုံးပေါ်က ကျားသေကို ဝုန်းခနဲ ပစ်ချလိုက်သည်။

"ဟိုက်…သောက်ပလုပ်တုတ်၊ ကျားမဟုတ်ဘူးလား"

ဟု အမေက လန့်အော်လိုက်သောအခါ အိမ်နီးပါးနားရှိ လူတွေကပါ ကျားဆိုသောအသံကြောင့် ပြေးဆင်းလာကြသည်။

အစ်ကိုကြီးကမူ မောလွန်း၍ စကားပင် မပြောနိုင်သေး၊ သူ့တစ်ကိုယ်လုံးတွင် သွေးအလိမ်းလိမ်းနှင့် မတ်တပ်ကြီး ရပ်နေသော အစ်ကိုကြီးကိုတစ်လှည့်၊ ကျားသေကိုတစ်လှည့်ကြည့်ကာ ဦးလေးသာညိုက

"အာဂကောင်တွေပါလား"

ဟု ရေရွတ်လိုက်သည်။

ကျွန်တော်တို့ညီအစ်ကို နတ်ချောင်းဖျားကွင်းက ခုတ်ထမ်းလာကြသော ကျားသေကို ဆီမီးခွက် တစ်ဆယ့်ကိုးလုံး ထွန်းကာ တစ်ရွာလုံး လာကြည့်ကြသည်။ ထိုညထိုအချိန်ကစ၍ ကျွန်တော်တို့ ညီအစ်ကို့ကိုလည်း သူ့ရဲကောင်းညီအစ်ကိုအဖြစ် ရွာသူရွာသားတွေက တင်စားခေါ်ကြလေသည်။

ပိုးကျော့



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယနိုင်ငံ၏မြောက်ပိုင်း၌ တည်ရှိသော ဟိမဝန္တာတောင်သည် ကမ္ဘာပေါ်တွင် နာမည်ကျော်ကြား အလွန်ထင်ရှားသော တောင်တန်းကြီးဖြစ်၏။

တောင်တန်းအရှည်နှင့် အကျယ်တွင် ဟိမဝန္တာတောင်တန်းထက်သာသော အခြားတောင်များ ရှိသော်လည်း အမြင့်တွင်မူ ဟိမဝန္တာတောင်ကို မီသောတောင် မရှိဟု ဆိုကြ၏။ ဟိမဝန္တာတောင်တန်း၌ တောင်ထွတ်ပေါင်း (၅၀) ရှိရာ ယင်းတို့အနက် ဧဝရတ်တောင်ထိပ်သည် အမြင့်ပေ(၂၉,၀၀၂)ပေ ရှိသည်ဖြစ်ရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ထွတ် တောင်ထိပ်ဖြစ်သည်။



# လျှမ်းထက်

## ဟိမဝန္တာ၏ဇာတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက အလယ်တန်း ကျောင်းသားများသည် အိန္ဒိယနိုင်ငံ ပထဝီဝင်ကို သင်ကြားခဲ့ရသည်။ ကျွန်တော်တို့သည် ထိုစဉ်ကပင် ဟိမဝန္တာတောင်တန်းအကြောင်း ဖန်တရာတေအောင် ကျက်မှတ်ခဲ့ကြရပြီး ဆရာတော်ဦးသြဘာသ ရေးသားတော်မူသော ဝေသန္တရာဇာတ်တော်ကြီးကိုလည်း သင်ကြားခဲ့ရ၏။ ယင်းဇာတ်တော်ကြီးလာ "ဟိမဝန္တာရိုးမွမ်းခန်း" ကိုလည်း အထပ်ထပ် အခါခါ ဖတ်ရှုခဲ့ရသဖြင့် ကျွန်တော်တို့အဖို့ ဟိမဝန္တာတောင်တန်းကြီးသည် မရောက်ဖူးမမြင်ဖူးရသော်လည်း စိတ်ကူးဖြင့် လွမ်းခဲ့ရ၏။

မှန်ပါသည်၊ ဟိမဝန္တာအကြောင်းကို အိန္ဒိယစာပေနှင့် ပါဠိစာပေကျမ်းဂန်များ၌ တခမ်းတနား ရေးသားဖော်ပြခဲ့သည်ကိုလည်း ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရ၏။ သာဓကအားဖြင့် မိလိန္ဒပဉှာကျမ်းတွင် ဟိမဝန္တာတောင်မင်းသည် ကောင်းကင်တွင် ယူဇနာငါးရာမျှ မြင့်မားစွာ တိုးထွက်နေသည်။ ယူဇနာသုံးထောင် ပြန့်ပြူးတည်ရှိနေသည်။ တောင်ထိပ်၊ တောင်ထွတ် ရှစ်သောင်းလေးထောင်တို့ဖြင့် တန်ဆာဆင်ထားသည်။ ဟိမဝန္တာမှ မြစ်ကြီးငါးရာ စီးဆင်းသည်။ သားရဲတိရစ္ဆာန်ကြီးများ၏နေရာအိမ်ဂေဟာဖြစ်သည်။ အမျိုးမျိုး အပြားပြားသော အမွှေးနံ့သာများ ကြိုင်လှိုင်နေသည်။ များစွာသော နတ်ဆေးဩသဓများရှိသည်။ ဟိမဝန္တာတောင်တန်း အမြင့်ပိုင်း၌ သားရဲတိရစ္ဆာန်များ နေထိုင်ကြသည်။ တစ်နှစ်လုံးလုံး ထာဝစဉ် ဆီးနှင်းများဖုံးလွှမ်းနေသောကြောင့် ဟိမဝန္တာဟု ခေါ်တွင်သည်ဟု ဆိုသည်။

သို့သော် လူတို့၏သဘာဝသည် မရောက်ဖူးသော နေရာဒေသကိုမှ ရောက်လိုသည်။ မမြင်ဖူးသောအရာကိုမှ မြင်လိုသည်။





သို့ဖြစ်၍ လူတို့သည် သမိုင်းအဆက်ဆက် ကမ္ဘာ့အမိုးဟု တင်စားသော ဧဝရက်တောင်ထွတ်ပေါ်သို့ အသက်စွန့်၍တက်ခဲ့ကြ၏။ ဤဘေးအန္တရာယ် ထူပြောသော စုံတောမြိုင်ကြီးထဲတွင် သူတော်ကောင်းတို့ တရားရှာမှီးရာ "ရှန်ဂရီလား" ဟူသော တရားဓမ္မစခန်း ရှိသည်ဟူ၍ ရှာပုံတော်ဖွင့်ခဲ့ကြ၏။ အချိန်စွန့်စားသူများကလည်း ကမ္ဘာတွင် အလွန်ရှားပါး၍ မျိုးသုဉ်းလုနီးပါး ရှိနေသော နှင်းကျားသစ်များ ရှိသည်ဟူ၍ အသက်စွန့်၍ ရှာဖွေခဲ့ကြသည်။ သို့ဖြစ်၍ ဟိမဝန္တာ၌ ဇာတ်လမ်းအထွေထွေ ရှိခဲ့ပါသည်။ အချို့ဇာတ်လမ်းများက တက်ကြွဖွယ်ရာ သည်းထိတ်ဖိုစရာဖြစ်ပြီး အချို့ဇာတ်လမ်းများမှာ ပျော်ရွှင်ဖွယ်ရာတို့ဖြစ်ပါသည်။ အချို့အချို့သော ဇာတ်လမ်းများကား လွမ်းမောတသ ကြေကွဲရာကောင်းမည်ဟု ထင်ရသည်။

ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်ဆန်းမှာ နှစ်ပေါင်းများစွာ ယနေ့တိုင် တစိုက်မတ်မတ် ရှာပုံတော်ဖွင့်ခဲ့ရသော်လည်း လက်တွေ့မပြနိုင်သေးသော နှင်းလူ(The Abominable Snowman) ရှာပုံတော်ဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်တော်တို့ နားမလည်နိုင်သေးသော သဘာဝတရားကြီးသည် ထူးခြားဆန်းပြားသော သတ္တဝါ အမြောက်အမြားကို ယနေ့ထိ လျှို့ဝှက်ထားဆဲဖြစ်ပါသည်။ လူသားတို့ကလည်း ထိုအမှောင်ချထားသည့် သဘာဝတံခါးကြီးကို နည်းလမ်းအမျိုးမျိုးနှင့် ဖွင့်နိုင်အောင် ကြိုးစားခဲ့ကြ၏။ ဟိမဝန္တာမှ ကြောက်မက်ဖွယ် ကောင်းသော နှင်းလူရှိသည်ဟူသော သဲလွန်စ အထောက်အထား မှိုင်မှိုင်မာမာရထားသော်လည်း ယနေ့ထိ လက်ဆုပ်လက်ကိုင် ပြနိုင်ခြင်းမရှိသေး။


www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာမှ တောင်တက်အဖွဲ့အမျိုးမျိုးတို့သည် ဟိမဝန္တာ တောင်တန်း၏ ထင်ပေါ်ကျော်ကြားလှသိများသော တောင်ထွတ်တိုင်းလိုလို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြပြီးဖြစ်ရာ နောက်ထပ် ကြိုးစားဆောင်ရွက်ရမည့်လုပ်ငန်းမှာ အထက်ဖော်ပြပါ "နှင်းလူ" ကို လက်ရဖမ်းမိရန်သာ လိုတော့သည်ဟု ဆိုကြ၏။ သို့ဖြစ်၍ "နှင်းလူ" ကို စွန့်စွန့်စားစား ရှာဖွေလိုသည့်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ နီပေါ(လ်)နိုင်ငံမှ ထုတ်ဝေသော သတင်းစာများနှင့် အိန္ဒိယမှ ဩဇာ ကိတ္တမ ကြီးမားသော သတင်းစာကြီးများဖြစ်သော အမာရိတာဘဇာ ပတိရကာ သတင်းစာ၊ ကာကတ္တားစတိတ်မင်း သတင်းစာကြီးများတွင် နှင်းလူရှာဖွေရေးအဖွဲ့ကြီးများ တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍များလာ သည်ဟု ရေးသားဖော်ပြခဲ့သည်၊ နီပေါ(လ်)အစိုးရအဖို့ ထိုအဖွဲ့များမှ တင်သွင်းသော "နှင်းလူ" ရှာဖွေခွင့်လျှောက်လွှာများ တစ်နှစ်ထက် တစ်နှစ် ပို၍ပို၍လက်ခံလာရသည်ဟု သိရသည်၊

အမှန်အားဖြင့် ဤ "နှင်းလူ" ရှာဖွေရေးကိစ္စရပ်သည် ယခုမှ ပေါ်သည့် ရွှေကြာပင်မဟုတ်ပါ။ သမိုင်းအဆက်ဆက် နိုင်ငံတကာမှ "နှင်းလူ" ရှာဖွေရေးအဖွဲ့များသည် အသက်စွန့်၍ရှာဖွေခဲ့ကြပါသည်။ ဟိမဝန္တာဒေသခံ တိုင်းရင်းသားများသည် ယုံကြည်နိုင်ဖွယ်မရှိသော ဤ "နှင်းလူ" ဆိုသည့် သတ္တဝါကြီးအကြောင်းကို လက်ဆင့်ကမ်း ပြောဆို လာခဲ့ကြ၏။ ပထမတွင်မူ အနောက်တိုင်းသားအများက ဒေသခံ တိုင်းရင်းသားတို့ဉာဏ်ကွန့်မြူးပြောကြသည့်ဒဏ္ဍာရီများသာဖြစ်သည် ဟု ယူဆကြပါသည်။ အချို့ကလည်း "နှင်းလူ" ကို ရယ်မောစရာအဖြစ် ယူဆထားခဲ့ပါသည်၊





(၁၉)ရာစုနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုမှ စွန့်စားသွားလာသူ ပေါ(လ်)ဂျူရြလုသည် အလွန်ကြီးမားသော လူသဏ္ဍာန် သတ္တဝါကြီးတစ်ကောင်၏အရိုးစုကို ဟိမဝန္တာတောင်စွယ် တစ်ခုတွင်တွေ့ခဲ့သည်၊ ထိုအရိုးစုကို အမေရိကန်ပြည်ထောင်စုသို့ ယူဆောင်ခဲ့ပြီး သဘာဝသိပ္ပံပညာရှင်အများ စူးစမ်းသုတေသနပြုခဲ့ကြ သည်၊ သဘာဝသိပ္ပံပညာရှင်အများ တအံ့တသြ ဖြစ်သွားခဲ့ကြပြီး "နှင်းလူ" ဆိုသည့်သည်းထိတ်ရင်ဖိုစရာကောင်းသော သတ္တဝါကြီးများ ရှိနိုင်သည်ဆိုသည့်အချက်ကို အတည်ပြုခဲ့ကြ၏။

ဟိမဝန္တာတောင်တန်းဒေသ၏ တောင်ကြောများတွင် ကြောင့်ကြမဲ့ နှစ်ပေါင်းရာစုပေါင်းများစွာ နေထိုင်ခဲ့ကြသော ဒေသခံ တိုင်းရင်းသားအများကမူ ထို "နှင်းလူ" ကြီးများကို (ယက်တီ) yeti ဟု ခေါ်ဝေါ်ကြသည်။ ထိုဝေါဟာရ၏အဓိပ္ပါယ်မှာ ကြောက်မက်ဖွယ် ကောင်းသော သတ္တဝါဟု ဆိုလိုသည်ဟု သိရ၏။ ယင်းဒေသခံလူမျိုး နွယ်တို့၏ပြောပြချက်အရ "နှင်းလူ" များသည် ဟိမဝန္တာ၏မြင့်မားလှ သော တောင်တန်းများရှိ သွားလာရန် ခက်ခဲသော ကျောက်ဂူကြီးများ တွင် နေထိုင်ကြသည်ဟု ဆိုသည်။

ရှားပါး(၁)ခေါ် ဟိမဝန္တာတောင်ပေါ်သားများ၏ ပြောပြသော ဇာတ်လမ်းများအရ နှင်းလူများသည် ကျောက်ဂူကြီးများအကြားရှိ ရေအိုင်များမှာ ဖားများ၊ ငါးများနှင့် သစ်ဥသစ်ဖုများ၊ သစ်ရွက်များ စားလေ့ရှိပြီး တစ်ခါတစ်ရံ တောင်ယာစပါးခင်းများကိုပါ ဝင်ရောက်၍ စပါးများကို စားသောက်လေ့ရှိသည်ဟု မှတ်တမ်းများအရ ဗြိတိသျှ အစိုးရ၏စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ အမှုထမ်း(၁၂)ဦးတို့အား



www.burmeseclassic.com

www.burmeseclassic.com

ဘစ်ကင်ပြည်နယ်၊ ဂျလက်တောင်ကြားတွင် အရပ်(၁၂)ပေကျော်ကျော်မြင့်သော နင်းလူသတ္တဝါကြီးတစ်ကောင်က သတ်ပစ်သည်ဟု သိရှိခဲ့ရ၏။

ထိုသတ္တဝါကြီးကို ဘစ်ကင်ပြည်နယ် နိုင်ငံရေးအရာရှိ ဖြစ်သော ဗြိတိသျှအမျိုးသား ဆာချာ(လ်)ဘဲလ်နှင့်အဖွဲ့က ပစ်သတ်ခဲ့ရာ ထိုသတ္တဝါကြီး၏အရပ်မှာ အလွန်မြင့်မားပြီး သူ၏ခန္ဓာကိုယ်ပေါ်တွင် နှစ်လက်မမှ သုံးလက်မထိ ရှည်သော အမွေးများ ဖုံးနေသည်ဟု ဆိုသည်။ ထိုသတ္တဝါကြီးကိုဒေသခံလူအများက "နင်းလူ" ဟုအသိအမှတ်ပြုခဲ့ကြသည်။

တရုတ်နိုင်ငံမှ မုဆိုးများ၏ပြောပြချက်အရ "နင်းလူ" ဆိုသော သတ္တဝါကြီးမှာ မဲနက်သော မျောက်တစ်ကောင်၏မျက်နှာနှင့် တူပြီး သူ့တစ်ကိုယ်လုံးတွင် ဖြူဖွေးသော အမွေးရှည်များ ဖုံးအုပ်နေသည်ဟု ဆိုသည်။

ဂရိအမျိုးသား တောင်တက်သမား အေဆင်တွမ်အကျီသည် ဟိမဝန္တာတောင်သို့ (၁၉၂၅)ခုနှစ်က လာရောက်ခဲ့သည်။ သူ၏မှတ်တမ်းတွင် ဇီမူတောင်ကြား၌ "နင်းလူ" ဟု ယူဆရဖွယ် ရှိသော သတ္တဝါတစ်ကောင်ကို တွေ့ခဲ့ရသည်ဟု ဖော်ပြခဲ့၏။ (၁၉၃၇)ခုနှစ်တွင် ဗြိတိသျှအမျိုးသား စွန့်စားသွားလာသူ မစ်စတာဖရင်စမစ် ဆိုသူသည် ဟိမဝန္တာတောင်တန်းအထက်ပိုင်းဒေသသို့ရောက်ရှိလာခဲ့သည်။ သူ၏ ထုတ်ဖော်ပြောပြချက်အရ ဟိမဝန္တာ၏ပေ(၁၄၀၀)ကျော်အမြင့်တွင် "နင်းလူ" ၏ ခြေရာဟု ယူဆရဖွယ်ရှိသော ခြေရာများကို တွေ့ရသည်။ သူ၏လမ်းပြဖြစ်သူ ရှာပါအမျိုးသားကမူ ယင်းခြေရာသည် လူအများက





"နင်းလူ" ဟု ကင်ပွန်းတပ်ထားသော သတ္တဝါကြီး၏ခြေရာဖြစ်ကြောင်း ၎င်းတို့သည် မြေပြင်ရှိပိုးမွှားများ၊ သတ္တဝါငယ်များ၊ တိရစ္ဆာန်ငယ်များကို သတ်ဖြတ်စားလေ့ရှိသည်ဟု ဆိုသည်။ ယင်းခြေရာကို မစ်စတာစမစ်က စနစ်တကျ လေ့လာကြည့်ရှုရာ လူ၏ခြေဖဝါးနှင့် အံ့ဩဖွယ် တူညီနေပြီး ခြေလှမ်းရာတွင် တစ်ဖဝါးနှင့်တစ်ဖဝါး ကွာ၍ လှမ်းခြင်းမရှိ၊ ခြေဖဝါးအရွယ်မှာ (၁၃)လက်မ ရှည်ပြီး (၅)လက်မ ကျယ်သည်ဟု ဆိုသည်။

မစ္စတာစမစ်၏ စူးစမ်းတွေ့ရှိချက်ကို အခြေခံ၍ တောင်တက်အဖွဲ့များနှင့် သဘာဝသိပ္ပံ လေ့လာရေးအဖွဲ့များက သည်းထိတ်ရင်ဖိုဖွယ်ကောင်းသော "နင်းလူ" ဆိုသည်မှာ ဟိမဝန္တာတောင်တန်းတွင် အမှန်တကယ်ရှိသည်ဟု ယူဆခဲ့ကြပြီး တစ်နေ့တွင် ၎င်းသတ္တဝါကြီးကို ဖမ်းဆီးနိုင်မည်ဖြစ်သည်ဟု ယူဆခဲ့ကြ၏။ (၁၉၃၆)ခုနှစ်ဦးပိုင်းက ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် ကြိုးစားခဲ့သော ရှစ်(ပ)တန် တောင်တက်အဖွဲ့ဝင်များကလည်း ဟိမဝန္တာတောင်ထိပ်များတွင် ထူးဆန်းသောခြေရာလမ်းကြောင်းများ တွေ့ရကြောင်း၊ ထိုခြေရာများကို ခြေရာခံကြည့်ကြရာ ကျောက်ဂူများ၊ ကျောက်ဆောင်ကြီးများအနီးတွင် ခြေရာများ ပျောက်သွားခဲ့သည်ဟု ဆိုသည်။

နင်းလူများသည် အများအားဖြင့် နှစ်ဦးသုံးဦးသာ စု၍နေလေ့ရှိသည်။ ဟိမဝန္တာတောင်တန်းဒေသများတွင် နေထိုင်ကြသော ရှာပါများသည် တောင်ယာစိုက်ခင်းများ ပြုလုပ်နိုင်ရန်အတွက် "နင်းလူ" များကို ပစ်ခတ် သတ်ဖြတ်ကြသဖြင့် "နင်းလူ" အရေအတွက်ဦးရေ နည်းပါးသွားဟန်ရှိသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၉၅၄)ခုနှစ် နှစ်ဦးပိုင်းတွင် အင်္ဂလန်နိုင်ငံမှ ဒေလီမေး(လ်) သတင်းစာကြီး၏ အကြီးတန်းသတင်းထောက် ရောလ်(ဗ)အစ်ဇတ် ခေါင်းဆောင်သော "နှင်းလူ" စူးစမ်းရှာဖွေရေးတစ်ဖွဲ့နီပေါ(လ်)နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ယင်းအဖွဲ့တွင် အဖွဲ့ဝင်ကိုးဦး ပါဝင်သည်။ သတင်းစာဆရာများ၊ သဘာဝသိပ္ပံပညာရှင်များနှင့် ဓာတ်ပုံသတင်းထောက်တစ်ဦးလည်း ပါဝင်သည်ဟု သိရ၏။ ထိုအဖွဲ့သည် ရှာပါလမ်းပြများ၏အကူအညီနှင့် နှင်းလူရှာပုံတော်ဖွင့်ခဲ့ကြ၏။ သူတို့သည် ပတ်ဝန်းကျင်လေ့လာရေးကို စနစ်တကျ စူးစမ်းလေ့လာခဲ့ကြသည်။ "နှင်းလူ" အား အကောင်အထည်နှင့် မမြင်တွေ့ခဲ့ရသော်လည်း အခြားခိုင်မာသော သက်သေအထောက်အထားများအရ "နှင်းလူ" သည် ဟိမဝန္တာ တောင်တန်းတွင် နေထိုင်ကျက်စားသည့် လူနှင့်တူသော သတ္တဝါ တစ်မျိုးဖြစ်သည်မှာ အမှန်တကယ် ဖြစ်သည်ဟု ထိုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စာနယ်ဇင်းသမားများအား ထုတ်ဖော်ပြောဆိုခဲ့သည်။

(၁၉၅၈)ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ သဘာဝသိပ္ပံပညာရှင် ဒေါက်တာနော်မန်ဒရိုင်ဖက်သည် နီပေါ(လ်)နိုင်ငံ ခက်မန္ဒူမြို့တွင် လပေါင်းများစွာ နေထိုင်ခဲ့ပြီး "နှင်းလူ" နှင့် ပတ်သက်၍ အသေးစိတ် လေ့လာခဲ့သည်။ ရှာပါလူမျိုး လမ်းပြများ အကူအညီနှင့် "နှင်းလူ" များ နေထိုင်ကျက်စားသည်ဟု ဆိုသော ဟိမဝန္တာ တောင်တန်းဒေသ တန့်တလျား သွားရောက်လေ့လာခဲ့ရာ ယင်း "နှင်းလူ" များ နေထိုင်သော ကျောက်လိုဏ်ဂူများကိုတွေ့ခဲ့ရပြီး ယင်းဂူများအတွင်းမှ "နှင်းလူ" များ၏အမွေးများဟု ယူဆရသော အမွေးများ၊ ထိုသတ္တဝါများ၏





တကြောင်းစားကျွန်များ၊ ခြေရာများနှင့် အခြားသာဓက အထောက်[illegible] များ တွေ့ရသည်ဟု ဆိုသည်။ ဒေါက်တာနော်မန်ဒရိုင်ဖက်၏ ထုတ်ဖော်ပြောဆိုချက်အရဆိုလျှင် "နှင်းလူ" ဆိုသည်မှာ အမှန်တကယ် ရှိကြောင်း၊ "နှင်းလူ" များတွင် မျိုးနွယ်အုပ်စု နှစ်အုပ်စုရှိသည်ဟူသော ခိုင်မာသော အထောက်အထား တွေ့ရကြောင်း၊ အလွန်ကြီးမားသော အုပ်စုနှင့် အခြားအုပ်စုမှာ အရပ်လေးပေခန့်သာမြင့်သော "နှင်းလူ" များ ဖြစ်ကြောင်း၊ "နှင်းလူ" ၏ အမှန်တကယ် သက်ရှိထင်ရှား ရှိနေခြင်းမှာ သံသယရှိစရာ မလိုကြောင်း ပြောပြခဲ့သည်။

ယခုအခါ နီပေါ(လ်)အစိုးရက "နှင်းလူ" အားပစ်ခတ် သတ်ဖြတ်ခြင်း၊ ဒဏ်ရာအနာတရဖြစ်စေခြင်း မပြုလုပ်ရန် ကြပ်တည်းစွာ ပိတ်ပင်ထားသည်ဟု သိရ၏။ ဓာတ်ပုံရိုက်ရာတွင်ပင် "နှင်းလူ" အား အနှောင့်အယှက်ပေးခြင်း မပြုပါမှ ဓာတ်ပုံရိုက်ခွင့်ပေးမည်ဟု ဆိုသည်။ ဟိမဝန္တာတောင်တန်းဒေသတွင် နေထိုင်သော ရှာပါလူမျိုးနွယ်များနှင့် တိဗက်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကလည်း "နှင်းလူ" များအား နိုင်ငံခြားသားများ ရှာဖွေခြင်းကို မကျေနပ်ကြဟု သိရ၏။ မည်သို့ပင်ဖြစ်စေကာမူ ယနေ့ထိ "နှင်းလူ" သည် သဘာဝတရားကြီး၏ဖုံးကွယ်ထားမှုကို ခံယူထားဆဲဖြစ်သည်ဟု ဆိုကြပါကြောင်း။

ကျမ်းကိုး။ ။(၁) The Abominable Snowman (By F.Wdwards)
(၂) Mysterious World (By A.C.Clarke)


www.burmeseclassic.com

www.burmeseclassic.com

# အောင်ခိုင်လင်း

## လှိုင်းအထန်အပြန်လမ်းမှာလ



(၈)

ပန်းချီ ရှုဝန်လ

သက်တောင့်သက်သာ အနေအထားမျိုးသို့ ရောက်အောင် မနည်းကြီး ကြိုးစားလှည့်ရသည်။ ထိနိုက်ဒဏ်ရာ ရထားသည်ထက် ဒဏ်ရာမရှိဘဲ အစံ့ရခက်သော "ခါးနာခြင်း" ဝေဒနာက ပိုဆိုးမည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုင်နေလျှင်လည်း ငြိမ်ငြိမ်ထိုင်ပါမှ၊ လှုပ်လိုက်လျှင် ခါးထဲက မျက်ကနဲ၊ အိပ်နေလျှင်လည်း ငြိမ်ငြိမ်အိပ်နေမှ၊ လှုပ်လိုက်လျှင် ခါးထဲက မျက်ကနဲဖြင့် အတော်ကို အခံရခက်သော ဝေဒနာတစ်ရပ်ပင်။

"အဘ...ခါးနာသက်သာအောင် "အိုး" စုပ်မလားဟင်"

ရျက်တည့်တည့်တွင် ရွှံ့စေးအရို့ ချကာ မီးထွန်း၍ အဝကျဉ်းသောအိုးဖြင့် မှောက်ချခြင်းကို ဆိုသည်၊ မြေးဖြစ်သူ လွမ်းမေ၏အမေးကို ဦးဘသာက ခေါင်းခါပြသည်။ လွမ်းမေက ဆေးမြစ်စုံ ထည့်ထားသော ဖာတောင်းငယ်နှင့် ကျောက်ပြင်ကို ယူလာလျက် ဦးဘသာအနီးတွင် ချသည်။ ပြီးမှ ရေတစ်ခွက် ခပ်ယူလာပြီး တောတောင်တန်ကြီးမြစ်နှင့် သက်ရင်းကြီးမြစ်တို့ကို ရော၍သွေးလေတော့သည်။

"တောတောင်တန်ကြီးမြစ်နဲ့ သက်ရင်းကြီးမြစ်က သွေးလိမ်းရင် ဒဏ်ကြေတယ် အဘရ"

"အတွင်းက နာတာ အပြင်က ဆေးလိမ်းရုံနဲ့ သက်သာနိုင်ပါ့မလား လုံမရယ်"

"ပျောက်လိုပျောက်ငြား‌ပေါ့ အဘရဲ့၊ ကျွန်မတို့မှာတွေက ဆရာတွေဘာတွေနဲ့ ကုနိုင်တာမှ မဟုတ်တာ၊ ဒါထက် အဘ မသက်သာသေးရင် အဘအစား ကျွန်မ အလုပ်ဆင်းလိုက်မယ်လေ"

"မဖြစ်ပါဘူး လုံမရယ်၊ တန်းချတယ်ဆိုတာ မလွယ်ဘူးကွယ့်"

"ကျွန်မလည်း အရင်က အဘနဲ့ လိုက်ဖူးနေသားပဲဟာ၊ ဒီလောက်မခက်ပါဘူးနော် အဘ၊ ကျွန်မ သွားလိုက်မယ်"

"ညနေကြီး...ဖြစ်ပါ့မလားကွယ်"

"ဖြစ်ပါတယ် အဘရဲ့...သွားမယ်နော်"



ဦးဘသာ မလှုပ်မယှက်ဖြင့် မြေးဖြစ်သူကို ကြည့်သည်။ သူ့ရျက်ဝန်းတွင် ညှိုးနွမ်းမှုအရိပ်အယောင်များ လွှမ်းနေသည်။ လွမ်းမေ၏ဆန္ဒကို နောက်တစ်ကြိမ် တားဆီးနိုင်ရန် အင်အားများ နည်းပါးနေသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသော ဘဝတွင် မိမိအလုပ်မဆင်းနိုင်တာ ကြာပြီ။

ခံစားနေရသော ခါးနာခြင်းဝေဒနာသည် ရက်မည်မျှကြာနေဦးမယ်မသိ၊ ဘယ်ရွှေဘယ်မျှကြာအောင် အိပ်ယာထက်တွင် ဆက်နေရမည်ကို ကြိုတင်၍ မသိနိုင်သောဘဝပေမို့ လွမ်းမေကို တားဆီးရန် တစ်ဆို့နေခြင်း ဖြစ်ပေလိမ့်မည်။

"ငါးလေးဘာလေး ဖြစ်မြောက်အောင်ရရင် အဘ ခါးနာနေတာကို ဆရာလေးဘာလေးခေါ်ကုနိုင်တာပေါ့၊ ဒါမှ ရျက်ချင်း သက်သာမှာတော့"

"လုံမ ဘယ်တန်းချက်ကို ဆင်းမှာလဲ"

"မဝေးပါဘူး...ပြန်မလောမြစ်ဘေးက ကန်ဘဲ့အဝချက်မှာ သွားချမယ် အဘရာ"

ပြန်မလောမြစ်ဆိုသည်မှာ လေမိုးပြင်းထန်လျှင် လှိုင်းထန်လွန်းသဖြင့် လေှသမ္ဗာန်သမားများကို ထိုနေရာမှပင် တပ်ခေါက်၍ ပြန်ပေတော့ဟု ပြောလွှတ်နေသယောင်ရှိသည်။

"လေမိုးက ထန်ပါဘိသနဲ့၊ နီးနီးနားနားမှာပဲ ဆင်းချင်ဆင်းပါလား လုံမရယ်"

"အို...အဘကလည်း၊ ဒီနားတန်းချက်တွေက ခဏခဏ ချနေတော့ ဘယ်သိပ်ရမှာလဲ၊ အခုလို လှိုင်းလေထန်တော့ ချောင်းထဲမှာ

www.burmeseclassic.com


ငါးရတတ်တယ်ဆိုတာ အဘလဲ သိသားနဲ့ဟာ၊ နောက်ပြီး သိပ်ဝေးတာမှ မဟုတ်တာ"

လွှမ်းမေသည် ဆေးမြစ်စုံများ ထည့်ထားသောတောင်းကို ဘေးသို့ဖယ်၍ ဦးဘသာခါးသို့ ဆေးမြစ်ရည်တို့ဖြင့် ညင်သာစွာ လူးပေးနေသည်။ ပြီးလျှင် မီးဖိုထဲတွင် စောစောက ပြုတ်ထားသော ဆန်ပြုတ်အနည်းငယ်ကို ပန်းကန်တစ်ခုတွင် ထည့်ယူလာပြီး အနားသို့ လာချပေးသည်။ ဦးဘသာအတွက် ဝေယျာဝစ္စများကို ပြီးအောင် ဆောင်ရွက်ပြီးမှ အိမ်ရှေ့ရေစင်တွင် တင်ထားသော တန်းကြိုး၊ ငါးမျှား၊ ကျောက်၊ အစာအိုး စသည်တို့ကို လှေသို့ ချကာ ဦးဘသာကို နှုတ်ဆက်၍ ခတ်ထွက်လာခဲ့သည်။ ဦးဘသာမှာ အိပ်ယာထက်မှနေ၍ ယောကျ်ားကလေးတစ်ဦးပမာ တောင့်တင်းသန်မာစွာ ခတ်ထွက်သွားသော လွှမ်းမေကို ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။



BURMESE CLASSIC .com

(ခ)

ရေစုန်ပေမို့ အားစိုက်၍ သိပ်မခတ်ရဘဲ လှေအသွားနှုန်းမှာ မြန်ဆန်လှသည်။ ယခုအခါတွင် ပြန်မလောမြစ်သည် မိုးလေကင်းရှင်းနေသဖြင့် လှိုင်းလေငြိမ်သက်စွာဖြင့် သင်ပြူးဖျာတစ်ချပ် ပြန့်ခင်းထားသည့်နှယ်ရှိ၏။

ဝါးခမောက်ပြန့်ကို မေးသိုင်းကြိုးတင်းတင်းဖြင့် ဆောင်းလျက် ခမေခေါက်ဆိုး ရှပ်အင်္ကျီပွပွဖြင့် လုံချည်တိုတို ဝတ်ကာ လှေခတ်နေသော လွှမ်းမေကို အဝေးမှ ကြည့်လျှင် ယောကျ်ားလေးတစ်ယောက်နှင့် မခြား မြင်ရသည်။

အသက်ဆယ့်ရှစ်နှစ်အရွယ် အလှသွေးကြွယ်ချိန် ဖြစ်သော်လည်း အလှပြင်ချိန် မရရှာ၊ ဝမ်းစာအတွက် ကြိုးပမ်းနေရသော ဘဝဖေ



www.burmeseclassic.com

www.burmeseclassic.com

မို့ ပင်ကိုယ်အလှကလေးများကိုပင် ကြည့်နိုင်မှ မြင်ရသည်။ ယခု အသက်အရွယ်အထိ အချစ်ဟူသည့် သစ်ပင်မှ ထုတ်ယူရသလားဟု မေးယူရလောက်အောင်ပင် ကင်းကွာခဲ့သူဖြစ်၏။

သူမစိတ်ထဲတွင် အလှအပ ဟူသည်များကိုလည်းကောင်း၊ အချစ်နှင့် ပတ်သက်သော အတွေးများကိုလည်းကောင်း နေရာမပေး နိုင်ခဲ့သော်လည်း စိတ်မပျက် အားမလျှော့ခဲ့ပေ။

မိမိဘဝအကျိုးပေး မကောင်းခဲ့၍သာ ယခုလို ဆင်းရဲချို့တဲ့စွာ နေရပေတာဟု ရိုးသားစွာ ယုံကြည်လျက် ဖြစ်လာသမျှကို ကြံကြံ ရင်ဆိုင်နိုင်ရန်သာ ဆုံးဖြတ်ထားသည်။ အတွေးကောင်းစွာဖြင့် ခပ်မှန် မှန် ခတ်လာရာ မကြာမီ ကန်ဘဲ့မြစ်သို့ ရောက်လာသည်။

တန်းရှက်ဟူသည်မှာ နေရာသိပ်မရွေးရဘဲ သင့်တော်မည့် ရေကြောင်းကို ကြည့်၍ ချကြလေသဖြင့် လွမ်းမေသည် ရေကြောင်း ပြောင်သောအတွင်းနားသို့ အတန်ငယ် ရောက်အောင်ခတ်ပြီး ကမ်းစပ် လမုပင်ကိုင်းတစ်ခုတွင် လှေကို ချည်ထားလိုက်လေသည်။

ပြီးမှ တန်းကြိုးများကို ရှင်းလင်းရလေသည်။ ယခင်အခါများ က မနီလာဟု ခေါ်သော ချည်ကြိုးများကို မမေခေါက်ရည်ဆိုး၍သုံးကြ သော်လည်း ယခုအခါ၌မူ လက်သန်းလုံးအရွယ်ရှိ နိုင်လွန်ကြိုးများကို အစားထိုး၍သုံးကြလေသည်။ နိုင်လွန်ကြိုးများမှာ ပို၍တောင့်တင်းပြီး ရှင်းလင်းရသည်မှာ လွယ်ကူလှသဖြင့် ပို၍သဘောတွေ့ကြလေသည်။

ကြိုးများကိုနေသားတကျ ရှင်းလင်းရပြန်လေသည်။ တန်းငါး များများကို နှစ်လက်မ၊ သုံးလက်မအရွယ်မှ လေးလက်မခွဲ၊ ငါးလက်မ ခန့်အထိ အရွယ်အစား အများအပြား သုံးကြလေသည်။ အစီခံကြိုးကိုမူ





နိုင်ခန့်အောင် ကျစ်ရပြီး အရှည်တစ်တောင်ခန့်မျှ ထားရသည်။ ဆို့ထက် အရှည်ထားလျှင်လည်း ရသည်။ တန်းချသောအခါ ရေပေါ် ဘန်း၊ ရေအောက်တန်းဟူ၍ ခွဲထားလေသည်။ ရေအောက်တန်းချလျှင် ရေအောက်မြေပြင်အထိ ခဲဆွဲချပြီး အစာကို အသားတစ်စ၊ ဝက်သားပုပ် စာနှင့် ဆပ်ပြာစသည်တို့ကို သုံးခြင်းဖြင့် ငါးထွေ၊ ငါးချောင်း၊ ငါးပတ်နှင့် ငါးရွှေအထိ ရနိုင်ပေသည်။ ရေပေါ်တန်းမှာ ရေပေါ်ယံတွင်သာ ထား၍ အစာကို လမုသီး၊ ငှက်ပျောသီး၊ ဖွဲနုဆုပ်၊ ထမင်းဆုပ်၊ မီးဖုတ်စာနှင့် ငါးရှင်စာ စသည်တို့ကို သုံးကြပြီး ငါးတန်၊ ငါးမြင်း စသော ငါးအဖိုးတန် များ ရကြလေသည်။

နယုန်လဆန်း(၁၂)ရက်နေ့၊ ရေထဦးဖြစ်သောကြောင့် ငါးမျိုးချိန်ဖြစ်သဖြင့် ရေပေါ်တန်းဆွဲရန် ဆုံးဖြတ်လိုက်သည်။ အချိန်က နေ့သက်တမ်းစီးချိန်၊ ပုစွန်ဆီရောင်ပမာ ဆည်းဆာရောင်များမှာ မြစ်ပြင်ပေါ်သို့ ကျဆင်းနေလေသည်။ ယခုအခါတွင် မိုးလေတာဖြူးဖြူး နှင့်မို့ ကြည်နူးဖွယ်ရာ ဖြစ်နေသည်။

သို့သော် လွမ်းမေအဖို့ သဘာဝအလှအပများကိုကြာရှည်စွာ ခံစားနေ၍မရပေ။ ရေစစ်တော့မည်မို့ တန်းကြိုးဆွဲရန် ပြင်ဆင်ရလေ တော့သည်။

ဦးစွာ အတန်ငယ် တောင့်တင်း၍ ရေစပ်နှင့် နီးသော လမု ကိုင်းတစ်ကိုင်းတွင်ကြိုးစတစ်ဘက်ကိုချည်၍ တစ်ဘက်ကမ်းသို့အရှိန် ဖြင့်ခတ်သည်။ လှေအရှိန်ကြောင့် အလိုက်သင့်တင်ထားသောကြိုးခွေ များ လျှောကျသွားလေသည်။ ရုတ်တရက် ကြည့်မည်ဆိုပါက လှေ၏ နောက်ဘက်မှ မြွေတစ်ကောင် ကူးလိုက်လာဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ကမ်းသို့ ရောက်လျှင် (၁၂)တောင်ခန့် ရှည်သော မျှောတိုင်တစ်တိုင်ကို ခိုင်အောင်စိုက်၍ ကြိုးစတစ်ဖက် ချည်သည်။ ရေပေါ်ယံတန်းပေမို့ ရေအောက်သို့ တလဲကျော်ကျော်အနက်မျှ ထားလျှင် သင့်တော်ပေပြီ။

လက်နားကြိုးကိုမူ တိုင်အထက်သို့လက်တလှမ်းအမီမျှမြှင့်၍ ချည်လိုက်သည်။ ထိုနေရာမှာပင် ငါးဆွဲလျှင် အလိုအလျောက် သိနိုင်ရန်အတွက် သစ်သားခလောက်တစ်ခုကို တပ်ဆင်ထားလိုက်သည်။ ပြီးမှ တန်းကြိုးတွင် ငါးမျှားများကို တလံကွာစီမျှ ခြားလျက် လိုက်ချည်လေသည်။ အစာကိုမူ ဝက်သားပုပ်စာနှင့် လမုသီးစာကို အသုံးပြုပြီး တစ်ချောင်းစီ ခြားလျက် တစ်ခါတည်း ထပ်၍ချခဲ့လေသည်။

ရေစစ်တော့မည်မို့ ရေစီးအား အတန်ငယ် လျော့သွားသည်။ ကမ်းဘေးခြုံများအတွင်းမှ ဘုတ်ငှက်အော်သံများ ပေါ်ထွက်လာသည်။ ရေတက်ဦးမှသည် ရေဝက်ခန့်မျှအထိ ရေစီးအား မပြင်းမီ အချိန်သည် တန်းသမားများအတွက် အချိန်ကောင်းဖြစ်သည်မို့ လွှမ်းမေသည် ငါးမျှားအားလုံးကို အစာတပ်၍ ရေသို့ ချပြီးသည်နှင့် သတိဖြင့် နားထောင်နေသည်။ ရေစီးအား ငြိမ်သွားသောအခါတွင် မြစ်တွင်းဝယ် အမှောင်ရိပ် သမ်းလာချေပြီ။ လရောင်ဖျဲဖျဲပါးပါးမို့ဝန်းကျင်ကိုအတန် အသင့်မြင်ရလေသည်။ အကယ်၍ မမြင်ရလျှင်သော်မှ ပူစရာမလိုပေ။ ငါးမိလျှင် ခလောက်မှ အချက်ပေးသံ ကြားရပေမည်။

ရေဦးပြန်လည်စတွင်ပင် ငါးတန်တစ်ကောင်နှင့် ကသပေါင်း တစ်ကောင် မိထားလေပြီ။ ကသပေါင်းမှာ ရှစ်ပိဿာခန့် ကြီးသဖြင့် အလွန်ရုန်းသောကြောင့် စလွတ်ဖြင့် ထိုးဖမ်းရသည်။ တန်းတွင်မိသော





ငါးမှာ အဘယ်မျှကြီး၍ ရုန်းအားသန်[illegible]မူ လွတ်မှာ မစိုးရိမ်ရပေ။

အဘယ့်ကြောင့်ဆိုသော် [illegible] အလိုက်သင့် ပါနေသောကြောင့်ဖြစ်သည်။ တန်းတွင် ငါးတန်မိပါက အခြားလက်နက်ဖြင့် ထိုးဖမ်းစရာမလိုဘဲ အမြီးကို ပိုင်ပိုင်[illegible] ဖမ်းနိုင်လျှင် အလွယ်တကူ ရနိုင်ပေမည်။ ရုန်းကန်အားများ၍ အဖမ်းရခက်သော ငါးများကိုမူ စလွတ်၊ မှိန်းစသည်ဖြင့် ထိုး၍ဖမ်းယူရလေသည်။

ငါးနှစ်ကောင်သာ မိပြီးနောက် အတော်ကြာသည်အထိ ထပ်မမိဘဲ ရှိနေပြီးမှ ခလောက်သံကြားသဖြင့် ကမျာကယာ တန်းဖော်ကြည့်သောအခါတွင် ငါးမျှားတစ်ချောင်း၌ ငါးစာကုန်နေသည်ကိုသာ တွေ့ရပြီး ငါးလွတ်သွားမှန်း သိရသဖြင့် စိတ်ညစ်သွားသည်။ သို့ကြောင့် နောက်ထပ်အစာသစ်တစ်ခု ထပ်တင်ထားပြီး ပြန်ချထားခဲ့သည်။ တိတ်ဆိတ်သောအခါတွင် ခလောက်သံ ခဏခဏ ပေါ်ထွက်လာခြင်းသည် ကောင်းသောလက္ခဏာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုလျှင် ရေမှုဆိုးများ ဖြစ်ကြသော ငမန်းမိကျောင်း စသည့်တို့သည် ခလောက်သံ ကြားလျှင်ကြားရာအရပ်က လာတတ်ပြီး တန်းငါးများတွင် မိနေသောငါးကို အပိုင်စားသွားသောကြောင့် ဖြစ်သည်။

ရေရှိန် အတန်ငယ် ရလာသောအခါတွင် တန်းတိုင်သည် နတ်ဝင်သည်ပမာ တလှုပ်လှုပ်ဖြစ်လာချေပြီ။ ထိုစဉ် ချောင်းဝမှ လူနှစ်ယောက် ပါသော လှေတစ်စင်း ခတ်ဝင်လာသည်ကို လှမ်းမြင်လိုက်ရသဖြင့် ရင်ထဲမှ ထိတ်ခနဲဖြစ်သွားမိသည်။ ထို့ကြောင့် မိမိနံဘေးနားသို့ ဓားလွတ်နှင့်စလွတ်ကို ယူ၍ ချထားလိုက်သည်။ ညအခါ မဆိုထားဘိ နေ့ခင်းဘက်အခါတွင်ပင် ယခုလို လူပြတ်သော တောချောင်းများတွင်



www.burmeseclassic.com

www.burmeseclassic.com

မိမိလို မိန်းကလေးတစ်ယောက်အဖို့ အဘယ်မျှ အန္တရာယ်များသည်ကို လွှမ်းမေ သိပြီးသား၊ အရေးကြုံလာလျှင် အသက်စွန့်၍ ခုခံကာကွယ်သွားရန် ဆုံးဖြတ်ထားလေသည်။

ဝင်လာသောလှေသည် သူမလှေအနီးမှ ကပ်ကာ ခယလာသည်။ အတန်ငယ် ကျော်သွားပြီးမှ ပြန်လှည့်လာလေသည်။ အနီးသို့ ရောက်လာသောအခါ မိမိရွာမှ သိန်းဖုံနှင့်သိန်းဟန်တို့မှန်း သိရလေ၏။ သိန်းဖုံနှင့်သိန်းဟံတို့မှာ ညီအစ်ကိုဝမ်းကွဲ တော်စပ်ကြသော်လည်း စရိုက်ချင်း မတူညီလှပေ၊ သိန်းဖုံသည် ရိုးရိုးအေးအေး နေလေ့ရှိပြီး သိန်းဟံသည် ရှုပ်ရှုပ်ပွေပွေ နေတတ်သူမှန်း သိသဖြင့် အတန်ငယ် စိုးရိမ်မှုဖြစ်မိလေသည်၊

"ဟဲ့...လွှမ်းမေ"

လှေချင်းယှဉ်လာသောအခါ လှေပဲ့မှ ခတ်နေသောသိန်းဖုံက ခေါ်လိုက်သည်။

"ကိုသိန်းဖုံတို့ ဘယ်သွားမလို့လဲ"

"တို့အဖျားဘက်ကိုရောင်းပိတ်သွားကြမလို့၊ အစက နင်မှန်း မသိဘူး၊ တူပါတယ်ဆိုပြီး ပြန်လှည့်လာတာ၊ နင့်နှယ်ဟာ...စွန့်စွန့်စားစား လုပ်လှချည်လား၊ အဘသာ ခါးနာမသက်သာသေးဘူးလား"

"သိပ်မသက်သာသေးလို့ ကျွန်မဆင်းလာရတာပေါ့"

"နင်မကြောက်ဘူးလား"

"ဘာကိုလဲ"

"အကုန်ပေါ့ဟ...အရပ်ရာသီမှာ မြစ်ထဲမှာ လှိုင်းလေလည်း ကြောက်ရတာပဲ၊ နောက်ပြီး ဒီလောက်ခေါင်တဲ့နေရာမျိုးမှာ နင့်လို





န်းကလေးတစ်ယောက်အဖို့ ဘယ်လောက် အန္တရာယ်များတယ် ဆိုတာ နင်သိရဲ့လား"

"ကျွန်မတို့မှာ မြေအဘိုးနှစ်ယောက်တည်း ရှိတာ၊ အားကိုး ရာ ယောကျ်ားလေးမှ မရှိတဲ့ဟာ၊ အဘကျန်းမာတဲ့အခါမှာ ကျွန်မပဲ လုပ်မယ့်သူ ရှိတာ၊ ကျွန်မ ဆင်းမလုပ်လို့ ဘယ်သူက ကူလုပ်ပေးမှာတဲ့ ဲ ဆင်းမလုပ်ပြန်တော့လည်း အငတ်နေရမှာပဲ၊ ဒီတော့ အငတ်ခံမယ့် အစား အလုပ်လုပ်ရင်းနဲ့ တွေ့ကြုံလာမယ့် ဒုက္ခတွေကို ရင်ဆိုင်သွားက ကောင်းပါတယ် ကိုသိန်းဖုံ"

"နင့်စိတ်ဓာတ်ကိုတော့ ငါလေးစားသွားပြီ၊ လုပ်ဝံ့တဲ့သတ္တိကို လည်း ချီးကျူးပါတယ်၊ တို့ ဘာအကူအညီပေးရဦးမလဲ"

"ရပါတယ်...တော်ကြာကျရင် တန်းဖြုတ်တော့မှာပဲ"

"အေး...သတိဝီရိယထားပြီး လုပ်ပါဟာယ်၊ ဒီနေရာတွေမှာ တစ်စုံတစ်ခုဖြစ်သွားရင် နင့်ကို ဘယ်သူမှ အကူအညီပေးနိုင်မှာ မဟုတ် ူး ကဲ...တို့သွားမယ်"

ဤသို့တိုင်အောင် လှေဦးမှ လွှမ်းမေလှေကို ဆွဲထားသော န်းဟံက လွှတ်မပေးသဖြင့် လှမ်းကြည့်သည်။ သိန်းဟံသည် တစ္စန်း မြင်နေရသော အလှများကို တပ်မက်စွာ ငေးကြည့်နေသည်။

"ဟေ့...သွားကြမယ်လေကွာ"

"အစ်ကိုကလည်း..."

သိန်းဟံက သိန်းဖုံဆီသို့ တစ်စုံတစ်ခုအတွက် အကူအညီ ာင်းသည့်အနေဖြင့် လှမ်းကြည့်လေသည်။ လွှမ်းမေသည် အခြေ နေ မကောင်းမှန်း ရိပ်မိသဖြင့် စလွတ်ရိုးပေါ်သို့ မသိမသာ လက်တင်



www.burmeseclassic.com

www.burmeseclassic.com

ထားလိုက်သည်။ အခြေအနေကို တွက်ဆမိသော သိန်းဖံက လှေထိုး နေ၍ ခတ်တက်ကို နောက်သို့ တအားကျုံးယက်လေတော့သည်။

"ဟော့ကောင်...လွှတ်လိုက်စမ်း"

သိန်းဟံမှာ မတတ်သာတော့သဖြင့် လွှတ်ပေးလိုက်ရသော် လည်း သိပ်မကျေနပ်ပေ။ လွမ်းမေလေ့နှင့်အတန်ငယ်ဝေးသောနေရာ ရောက်လျှင် ဒေါသဖြစ်စွာဖြင့် စကားစသည်။

"ဒီနေ့ အစ်ကိုပါလာတာ ဂြိုလ်ဝင်တာပဲ။ ခါတိုင်းလို သောင်း ကြည်နဲ့သာ လာရင် အပိုင်ပဲ၊ ပွဲကြီးပွဲကောင်းတစ်ခုတော့ လက်လွှတ် သွားပြီ၊ ဒီအခွင့်အရေးမျိုးက တစ်သက်တစ်ခါ ရခဲဘိခြင်း။ နာလိုက် တာ...ဟင်း"

"မင်း...အဲဒီလိုစိတ်မျိုးတွေ မမွေးစမ်းပါနဲ့ သိန်းဟန်ရယ် သူ့ဘဝအတွက် မတတ်သာလွန်းလို့ ရုန်းကန်နေရတဲ့သူလေးပါ၊ ဒီလို လူမျိုး တွေ့ရင် ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် အကူ အညီတောင်းရင်တောင် ပေးရဦးမှာ၊ ခုတော့ မင်းတို့က အကူအညီ မပေးတဲ့အပြင် နှိပ်စက်ဖို့လောက်သာ စဉ်းစားနေကြတာကို၊ တကယ် တော့ ဒီစိတ်မျိုးတွေဟာ မထားသင့်တော့ပါဘူး၊ ကိုယ့်မှာလည်း နှမသားချင်းတွေ ရှိတာပဲ...ကိုယ်ချင်းစာတတ်မှပေါ့၊ တခြားမတွက်နဲ့ မင်းအိမ်မှာ မင်းရှိနေလို့ မင်းညီမလေးဟာ အလုပ်ထွက်မလုပ်ရတာ မဟုတ်လား၊ တကယ်လို့သာ မင်းရှိမနေရင် မင်းအမေအိုကြီးကို ဘယ်သူက လာပြီးလုပ်ကျွေးမှာလဲ၊ မင်းညီမလေးပဲတာဝန်ယူလုပ်ကိုင် ကျွေးရမှာပဲ မဟုတ်လား၊ အဲဒီအချိန်မှာများ မင်းလိုလူစားတွေနဲ့ တွေ့ ရင်..."





"တော်ပါတော့ အစ်ကိုရယ်၊ ကျွန်တော် နားလည်ပါပြီ၊ ဒီတရက် ညဘက်မှာလည်းဖြစ်ပြန်၊ လူသူမနီးတဲ့နေရာမှာ မိန်းမပျို လေးတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရတော့ စိတ်တွေ သိမ့်ပြီး လှုပ်ရှားသွားမိတာပါ၊ နောက်ဆိုရင် ကျွန်တော် တတ်နိုင်သမျှ ဆင်ခြင် ပါ့မယ်လို့ ကတိပေးပါတယ်"

သိန်းဟံစကား ကြားရသောအခါ သိန်းဖံရင်ထဲမှာ ဝမ်းသာ ပီတိအဟုန်ဖြင့် လှိုက်တက်လာပြီး လှေခတ်အားအဟုန်သည် ပို၍တိုး လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၈)

သည်ညနေတွင် မှန်းချက်ကိုက်သည်ဟု ဆိုရမည်သာပင်၊ ရေလှည့်ကောင်း၍လား ရာသီဥတုအခြေအနေ ကောင်း၍လား မပြော တတ်၊ ငါးမျိုးစုံအကြီးအသေး ရှစ်ကောင်စန့်ရပြီးအချိန်လေးဆယ်နီးပါး ရထားသဖြင့် လွှမ်းမေ ကျေနပ်နေပေပြီ၊

သည်ငါးများကို ရွာထိပ်တွင် ဖွင့်ထားသော ဒိုင်သို့ သွင်းလိုက် လျှင် ငွေလေးငါးရာနီးပါး ရမည်ဖြစ်ရာ အဘ ခါးနာဝေဒနာအတွက် ဆရာခေါ်၍ ကုသနိုင်တော့မည့်အရေးကို တွေးမိသောကြောင့် ပီတိဖြစ် နေလေသည်။

တန်းကြိုးရုပ်သိမ်းနေစဉ်မှာပင် အခြေအနေတစ်ခု မမျှော် လင့်ဘဲ ပြောင်းလဲလာသည်။ စောစောက ကြည်လင်နေသော ကောင်





ကင်ပြင်တွင် မိုးသားမိုးရိပ်တို့ တက်ဆောလေသည်။ မြူးဖြူးတိုက်ခတ် နေသောလေသည် အချိန်အဟုန်ပြင်းစွာဖြင့် [illegible] ကမ်းနံဘေးရှိ သစ်ပင်ကြီးငယ်တို့မှာ လေအရှိန်တွင် အိကနဲ အို့ကနဲ ဖြစ်သွားကြပြီး ယိမ်းထိုးလှုပ်ရှားနေကြသည်၊ မိုးစက် တစ်စီပေါက် နှစ်ပေါက်ပင် လာရောက်ထိမှန်သဖြင့် မကြာမီ မိုးလေကျတော့မည်ကို တွက်ဆမိသဖြင့် တန်းကြိုးကို ပိုမိုလျင်မြန်စွာ ရုပ်သိမ်းလေသည်၊ လေထဲမိုးထဲမှာပင် ရေပြည့်ခါနီး ဘုတ်အော်သံကို ကြားရလေသည်၊

ထိုအချိန်မှာပင် ငါးမျှားတစ်ခုတွင် ငါးတစ်ကောင် မိနေသော ကြောင့် ဖမ်းယူနေရသဖြင့် အချိန်အတော်လင့်သွားသည်၊ အားလုံး သိမ်းပြီးသည်နှင့် တုံ့ဆိုင်းမနေတော့ဘဲ လှေကို ခပ်ကြမ်းကြမ်း ခတ် ထွက်လာသည်။ ချောင်းတွင်းမှ မြစ်ပြင်သို့ မရောက်မီ ရေဆန်ဖြစ်နေ သောကြောင့် အားစိုက်ခတ်သော်လည်း ခပ်ရွေ့ရွေ့မျှသာ ရှေ့သို့ တက် လေသည်၊ လှေကို အားသွန်ခွန်စိုက် ခတ်နေစဉ်မှာပင် ခတ်ကွင်း တစ်ဘက် ပြတ်ထွက်သွားသောကြောင့် ရေထဲသို့ ကျလုမတတ် ဖြစ် သွားသဖြင့် မနည်းထိန်းလိုက်ရသည်။

မှောင်ထဲပေမို့ လှေပဲ့ချောင်ထဲမှာ ထည့်ထားသော ခတ်ကွင်း ကိုအလွယ်တကူ ရှာမတွေ့ပေ၊ အချိန်ပြယ်သွားသဖြင့် လှေကလေးမှာ ရေစီးအားကြောင်းနောက်သို့ပင် ပြန်မျောကျနေပေပြီ။ ခတ်ကွင်းရှာ တွေ့သော်လည်း စိတ်လှုပ်ရှားနေမှုကြောင့် ပြန်တပ်ရသည်မှာ အလွဲလွဲ အချော်ချော်ဖြင့် အဆင်မပြေနိုင်အောင် ဖြစ်နေလေသည်။ မိမိစိတ် လောကြီးနေမှန်း ဆင်ခြင်မိသဖြင့် စိတ်ကို လျှော့ချလိုက်ပြီး သွေးအေး အေးထား၍လုပ်မှ ခတ်ကွင်း တပ်ဆင်မှု ပြီးသွားလေသည်။ တစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com

အသစ် တပ်ပြီးသော်လည်း ဗျာန်တစ်ဘက်ကို စိတ်မချသဖြင့် စမ်းကြည့်ရာ အနည်းငယ် ပွန်းဖန်ရုံမှအပ နိုင်သေးကြောင်း တွေ့ရသောကြောင့် စိတ်ချလက်ချ ခတ်ထွက်ခဲ့သည်။

"ရေတောင် ပြည့်ခါနီးပြီလားမသိဘူး"

လွှမ်းမေသည် ရေပြည့်သွားမည်ကို အလွန်ပင် စိုးရိမ်နေရှာသည်။ အဘယ့်ကြောင့်ဆိုလျှင် ရေစီးအားသန်သော ပြန်မလောမြစ်တွင်းဝယ် ရေဆန်မိပါက ဘယ်နည်းနှင့်မျှ ပြန်နိုင်မည် မဟုတ်ကြောင်း သိထားသောကြောင့်ဖြစ်သည်။

ထိုအချိန်တွင် လေသည် တောင်မှမြောက်ဆီသို့ မှန်မှန်ကြီးတိုက်ခတ်နေရာ ချောင်းတွင်းဝယ် ဘေးတိုက်ကြီး ဖြစ်နေသဖြင့် တက်မ.မပါသောလှေကို မနည်းကြီး ထိန်းခတ်ရသည်။ ခတ်တက်နှစ်ချောင်းရှိသော်လည်း တစ်ချောင်းကိုသာ ခတ်နိုင်ပြီကျန်တစ်ချောင်းကိုမူ တက်မထိန်းရန် ဆွဲထားရသဖြင့် ထင်သလောက် ခရီးမတွင်လှပေ။ နာရီဝက်ကျော်ကျော်မျှ အားစိုက်ခတ်လိုက်မှ မြစ်ပြင်သို့ ရောက်လေသည်။

ထိုအချိန်တွင် ပြန်မလောမြစ်ပြင်ဝယ် လှိုင်းလုံးကြီးများနှင့် ပြည့်နေချေပြီ။ ကမ်းခြေသို့လှိုင်းရိုက်ခတ်သံကို အတိုင်းသားကြားနေရသည်။ လှေကိုလှိုင်းလွတ်ရာနေရာတွင် ခေတ္တရပ်၍မြစ်ပြင်မှလှိုင်းလေအခြေအနေကို ကြည့်လေသည်။

မြွေဟောက်ကြီးများ ပါးပျဉ်းထောင်လိုက်သလို မိုးလိုက်လာပြီး အနီးရောက်ကာမှ အုပ်ချလေ့ရှိသော လှိုင်းခါးပြတ်ကြီးများ၊ ဖျာလိပ်ကြီးများလို ဖြည်ချလိုက်သကဲ့သို့ တလိပ်ပြီးတလိပ် လိုက်လာရင်း





ပို၍ပို၍ကြီးလာတတ်သော ဒီလှိုင်းကြီးများ၊ လှိုင်းဦးလှိုင်းဖျား ခွဲခြားရန် မလွယ်ကူသဖြင့် ရေလုပ်သား၊ လှေသမှာန်သမားတို့ အထူးရှောင်ကြဉ်ရမည်။ လှိုင်းကြက်ခွပ်များ၊ အဝေးမှကြည့်လျှင် မှို့မွှတ်ကြီးများကို စီတန်းပုံထားသည့်နှယ် အနိမ့်အမြင့်ကြီးစွာသော လှိုင်းခေါင်းဖြူကြီးများ၊ ရေပြည့်ခါနီးမှ ရုတ်တရက် ပေါ်လာတတ်သည့် ဒီလှိုင်းဂယက်များ။

စသည်ဖြင့် အမျိုးအစားများစွာ ရှိသည့်အနက်မှ ယခုဖြစ်ပေါ်နေသော အမျိုးအစားမှာ လှိုင်းခေါင်းဖြူ အမျိုးအစားဖြစ်သဖြင့် အတန်ငယ် စိတ်သက်သာမှုရသွားသည်။ လှိုင်းအနိမ့်အမြင့်ကြီးသည်မှအပ သွားတတ်လျှင် အန္တရာယ်မဖြစ်မှန်းကို လွှမ်းမေ သိထားလေပြီ။

သို့သော် ခတ်အားဖြင့် သွားသည်ထက်စာလျှင် ရေစုန်လေစုန်ပေမို့ ရွက်အားဖြင့် သွားလျှင် ပို၍ကောင်းမည်ကို သိထားသော်လည်း ရွက်တိုင်နှင့်ရွက် မပါလာသဖြင့် နာတာပဲဟု တွေးနေမိသည်။ သို့သော်လည်း လက်ရည်းခတ်နေ၍ဖြင့် အချိန်မမီနိုင်ပဲ ရွက်အားဖြင့်လျှင် အဆင်ပြေနိုင်မည်ကို သိသဖြင့် ကြာကြာတွေးမနေတော့ဘဲ ကမ်းနံဘေးရှိ ဓနိတောမှ ဓနိလက်နှစ်လက်ကို ခုတ်ယူလိုက်ပြီး ရွက်တိုင်ပေါက်နေရာတွင် နိုင်ခံ့စွာ စိုက်လိုက်လေသည်။ တန်းကြိုးဖြင့် ဓနိနှစ်လက်ကို ပူးချည်ပြီး ပဲ့တွင် ရှိသော ခတ်တက်တိုင်၌ ရွက်ဆိုင်းကြိုးသဖွယ် ချည်ထားလိုက်လေသည်။ အားလုံးပြီးစီးသောအခါမှ လှေကိုမြစ်လယ်ထဲသို့ ခတ်သွင်းလိုက်လေသည်။ အားလုံးပြီးစီးသွားသောအခါမှာ ချောက်ကမ်းပါးအတွင်းသို့ ကျနေသကဲ့သို့ ရှိပြီး လှိုင်းထိပ်သို့ရောက်လျှင် တောင်ထိပ်သို့ ရောက်နေသလိုရှိ၏။

ယခုလိုလေမိုးထန်ချိန်ဝယ် ခရီးသွားသူဟူ၍ တစင်းတလေ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရဘဲ ကြည့်လေရာ လှိုင်းခေါင်းဖြူကြီးများကိုသာ မြင်နေရသော်လည်း အားငယ်ကြောက်ရွံ့စိတ် မဖြစ်မိပေ။ ခနိုကိုင်းများကို လေတိုးသည့်အရှိန်ကြောင့် လှေကလေးမှာ ရှေ့သို့ ဟဲကနဲ ဟဲကနဲ ထိုးတက်သွားလေသည်။ လွမ်းမေသည်အသွားဖြောင့်စေရန် လှေပဲ့မှနေ၍လှော်တက်ဖြင့် တက်မထိန်းပေးနေသည်။ လေသည် တစတစ ပို၍ပို၍တိုးလာလေလေ လှိုင်းလုံးကြီးများပိုကြီးလာလေလေ လွမ်းမေ လှေကလေးမှာ ပို၍သွားလေလေဖြစ်နေပြီ။

လေနှင့်အတူပါလာသော မိုးစက်တို့သည် အရှိန်အဟုန်ပြင်းစွာ သူမ၏ခန္ဓာကိုယ်တစ်ဝိုက်သို့ ထိမှန်လေသည်။ လေတိုက်လွန်းသဖြင့် ခမောက်ချွတ်ထားသောကြောင့် တပတ်လျှို ထုံးထားသော ဆံပင်တို့မှာ မျက်နှာတစ်ဝိုက် လွန့်လူးလှုပ်ရှားနေလေသည်။

လွမ်းမေသည် လောလောဆယ် ကြုံတွေ့နေရသော အခြေအနေကို ခေတ္တမေ့လျော့ကာ ယခုအချိန်ဆိုလျှင် အဘစိတ်ပူနေရှာရော့မည်။ ယခုရလာသော ငါးများကို ရောင်းပြီးလျှင် အဘဝေဒနာကို ကောင်းမွန်သည်အထိ ကုသနိုင်တော့မည်ကို တွေးတောနေမိသည်။

ရုတ်တရက်ကြည်နူးမှုကြောင့် သတိလက်လွတ်ဖြစ်သွားချိန်တွင် တက်မတစ်ချက်မှားယွင်းသဖြင့် လှေထဲ လှိုင်းတစ်လုံး ဝေါကနဲဝင်လာလေရာ ရုတ်တရက် လန့်ဖြန့်သွားမိသည်။ ကပျာကယာပင် သတိကို ထိန်း၍ တက်မကိုပြန်မတ်လိုက်သည်။ ရေသည် လှေတံကူမြှုပ်ခန့်မျှသာ ဝင်လာသဖြင့် သက်ပြင်းချမိလေသည်။ နောက်ထပ် ထိုမျှလောက် လှိုင်းတစ်လုံး အဝင်ခံရလျှင် လှေမြှုပ်သွားမည်ကို သိထားသဖြင့် စိတ်မပျံ့မိအောင် ထိန်းနေရသည်။





လေသည် အဟုန်ပြင်းစွာ [illegible] ဖြင့် နာမည်ကျော်ပြန်မလောမြစ်[illegible]လှိုင်းလုံးကြီးများမှာ တိုး၍တိုး၍ ကြီးလာပြီ။ လေထဲမိုးထဲမှာပင် ကမ်းခြေဆီမှ ရေပြည့်ဘုတ်[illegible]သံ သဲ့သဲ့ကို ကြားလိုက်ရသည်။

ထိုစဉ်မှာပင် ရွာဆီမှ မှုန်ဝါးသော မီးရောင်ပျပျကို လှမ်းမြင်လိုက်သဖြင့် ဝမ်းသာပီတိအဟုန်များသည် ပြန်မလောလှိုင်းထက် အရှိန်အဟုန်များမည်ကို တွေးတော၍ သံသယဖြစ်ဖွယ် မလိုပါချေ။

ခနိုရွက်လှေကလေးသည် ရွာခြေဆီသို့ ဦးတည်သွားလေပြီ တကား။

# အောင်ခိုင်လင်း


www.burmeseclassic.com

www.burmeseclassic.com

# သန်းငြိမ်းအေး

## လူနှင့်နတ်ပြိတ္တာ ချစ်ကြရာဝယ်



(တာစ)

နတ်ဆိုလည်းနတ်ပေါ့။

ပြိတ္တာဆိုလည်းပြိတ္တာပေါ့။

ခုတော့နတ်ပြိတ္တာတဲ့။

အဲဒီနတ်ပြိတ္တာနှင့်လူက ချစ်ကြတယ်တဲ့လား။

ချစ်လို့ရကြလား။

အတူကော နေလို့ရကြရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပဋိသန္ဓေနေပုံ ဖွားမြင်ကြပုံတွေက အစ ကွဲပြားခြားနားတာလေ။

လူက ကိုးလလွယ် ဆယ်လဖွားတဲ့။ ကိုးလ၊ ဆယ်လ ပဋိသန္ဓေနေပြီးမှ ဖွားတာ။ လမစေ့တဲ့သူတွေတောင် ခုနစ်လ၊ ရှစ်လတော့ ကိုယ်ဝန်အနေနဲ့ နေကြရတယ်။

နတ်ဆိုတာက ဘွားကနဲ ပေါ်လာတာ။ နတ်ဖြစ်တာနဲ့ (၁၆)နှစ်သားအရွယ်။ နတ်ရေကန်ထဲ ပစ်ချတယ်ဆိုတဲ့ ဇကားကို ကြည့်။ နတ်သား၊ နတ်သမီးတွေဟာ စုတေခါနီးမှာ အနစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတွေပြ၊ အိုမင်းပြီး ဘဝပြောင်းကြတာ။

ပြိတ္တာဆိုတာက သရဲတစ္ဆေ။

သရဲတစ္ဆေဆိုတာကလည်း များသောအားဖြင့် ဘွားကနဲ ဖွားမြင်တတ်တာမျိုး။

ဘွားကနဲ ဖွားမြင်တာကတော့ နတ်နဲ့ပြိတ္တာ တူတယ်။

နတ်ဆိုတာက အလုပ်မလုပ်ဘဲ စားရတယ်၊ နတ်သုဒ္ဓါဆိုတဲ့ နတ်အစားအစာဆိုတာ သိပ်ကောင်းတာ။ နေစရာလည်း ပူစရာ မလိုဘူး။ စားစရာ၊ နေစရာ၊ ဝတ်စရာ ဘာမှပူပန်စရာမလိုဘူး။ ဒါကြောင့်နတ်စည်းစိမ်လို့ ပြောကြတာ။

ပြိတ္တာဆိုတာကတော့ နေစရာလည်း ခက်တယ်၊ ဝတ်စရာလည်း ခက်တယ်၊ စားစရာလည်း ရှားတယ်။ သရဲတစ္ဆေရဲ့ဘဝဟာ စက်ဆုပ်ရွံရှာဖွယ်ကောင်းတယ်၊ သနားစရာလည်း ကောင်းတယ်၊ ရုပ်ရည်ကလည်း မြင်သူ ကြောက်မက်ဖွယ်ကောင်းအောင် ရုပ်ဆိုးတယ်။ တချို့သရဲတွေဆို နံရိုးပြိုင်းပြိုင်းတဲ့၊ ရုပ်ဆိုးတဲ့သူကို သရဲရုပ်လို့





ခေါ်ကြတာကြည့်။

လူကတော့ နတ်နဲ့လည်း မတူဘူး။ သရဲနဲ့လည်း မတူဘူး။ စားဝတ်နေရေးအတွက် အလုပ်လုပ်ရတယ်။ လူမှာ ကံ၊ ဉာဏ်၊ ဝီရိယ အပြည့်ရှိတယ်။ ဆင်းရဲတဲ့သူလည်း ရှိတယ်။ ချမ်းသာတဲ့လူလည်း ရှိတယ်။ ပြိတ္တာလို ဆင်းရဲတဲ့လူ၊ ရုပ်ဆိုးတဲ့သူလည်း ရှိတယ်၊ နတ်လို စားဝတ်နေရေး မပူရဘဲ ချမ်းသာတဲ့လူလည်း ရှိတယ်။

လူ့အသက်က နေရလှ အနှစ်တစ်ရာပေါ့။ နတ်သက်ကတော့ အနိမ့်ဆုံး စတုမဟာရာဇ်နတ်တွေတောင် နတ်သက်ငါးရာ။ လူ့အသက်နဲ့တွက်ရင် နှစ်ပေါင်းကိုးသန်း။ အသက်ငါးဆယ်ရှိတဲ့လူဟာ နတ်သက်နဲ့ဆိုရင် တစ်ရက်ပဲရှိတယ်။ အသက်တစ်ရာရှိတဲ့လူတောင် နတ်သက်နဲ့ ဆိုရင် နှစ်ရက်ပဲ ရှိတယ်။

ပြောရရင် နေရာနဲ့အချိန်ပေါ့။

နေရာက နတ်ပြည်နဲ့လူ့ပြည် ကွဲပြားနေတော့အချိန်ကလည်း ကွာတာပေါ့။ နေရာကွာတော့ သက်တမ်းကလည်း ကွာတာပေါ့။

အဲဒီလို ဘာမျှမဆိုင်တဲ့ လူနဲ့နတ်ပြိတ္တာ ချစ်ကြတယ်တဲ့။ အတူတူ နေကြတယ်တဲ့။ မဆန်းကြယ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



## (နှစ်)

လူ့ပြည်မှာ ဂေါတမမြတ်စွာဘုရား မပွင့်ခင် နှစ်ပေါင်းခုနစ်ရာ နေရာက သာဝတ္ထိပြည်အနီးက ရွာတစ်ရွာမှာ အစုဇာတ်လမ်းကို စတင်ခဲ့တာပါ။

သားအမိနှစ်ယောက်စီသာ ရှိတော့တဲ့ အိမ်ထောင်စုနှစ်စု ရှိကြတယ်။

တစ်စုက သားဖြစ်သူ မောင်သုတ္တနဲ့ မိခင်အို။

နောက်တစ်စုက သမီးဖြစ်သူ မသုန္ဒရီနဲ့ မိခင်အို။

သုတ္တနဲ့သုန္ဒရီတို့က အသက်နှစ်ဆယ်စီလောက်တောင် မရှိကြသေးဘူး။ ရှိလှ (၁၇)နှစ်၊ (၁၈)နှစ်အရွယ်တွေပေါ့။ တစ်ရွာတည်း နေပေမယ့် သိရုံမြင်ရုံပဲ ရှိကြတယ်။





တစ်ဖန်မှာ သုတ္တရဲ့မိခင်က သုန္ဒရဲ့မိခင်နဲ့ စကားစပ်မိပြီး ကလေးတွေကို အိမ်ထောင်ချပေးဖို့စီစဉ်ကြတယ်။ ကလေးတွေကလည်း မိခင်တွေရဲ့စကား နားထောင်ကြပြီး အိမ်ထောင်ပြုဖို့ သဘောတူကြတယ်၊ ဒီလိုနဲ့ တစ်ရက်မှာ မင်္ဂလာဆောင်ကြတယ်။ ဘိသိက်ဆရာက သုတ္တရဲ့လက်နဲ့ သုန္ဒရီရဲ့လက်ကို ဆွဲကိုင်ပြီး ထပ်ပေးတယ်၊ အတွေ့အထိဆိုလို့ အဲဒါလောက်ပဲ ရှိတယ်။ ဘာအိမ်ထောင်ရေးသုခမှ မခံစားကြရသေးဘူး။ လင်ရယ်မယားရယ်လို့ မပေါင်းကြရသေးဘူး။

ဒါပေမယ့် အဖြစ်က ဆိုးတယ်၊ သနားစရာကောင်းတယ်။ မနက်ခင်းကမှ အကြောင်လင်မယားအဖြစ်ပုဆိုးတန်းတင် လက်ထပ်ထားတာ ပူပူနွေးနွေးလို့တောင် ပြောရခက်တယ်။

ဖြစ်ချင်တော့ မောင်ရီချုပ်စ ညချမ်းမှာ အပေါ့အပါးသွားတဲ့ သုတ္တ မြွေကိုက်ခံရပြီး မကြာခင်မှာ သုတ္တဟာ မြွေဆိပ်တက်ပြီး သတိလစ်သွားတယ်။

"မောင်...မောင်" လို့ သုန္ဒရီက ခေါ်တယ်။ သုတ္တဟာ သုန္ဒရီရဲ့ အသံကိုကြားပေမယ့်ပြန်မထူးနိုင်ဘူး။ မျက်လုံးတွေက သုန္ဒရီကို မမြင်ရဘူး။ သူ့လက်ကိုဆုပ်ထားတဲ့ သုန္ဒရီရဲ့လက်အတွေ့ကိုတော့ သိတဲ့အခါ သိလိုက်၊ မသိတဲ့အခါ မသိလိုက်ဘဲ။

သုတ္တရဲ့အတွေးတွေထဲမှာ သုန္ဒရီလည်း ရှိလိုက် မရှိလိုက်။ မိခင်လည်း ရှိလိုက် မရှိလိုက်။ အပ်ချည်လုံး လောင်းလှုနေကျ ဖြစ်တဲ့ ပစ္စေကဗုဒ္ဓါကလည်း ရှိလိုက်၊ မရှိလိုက်။

သုတ္တက ရွာကို ဆွမ်းခံကြွလေ့ရှိတဲ့ ရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းလောင်းတယ်၊ သင်္ကန်းတွေဘာတွေ ချုပ်ရအောင် အပ်ချည်လုံးလည်း



www.burmeseclassic.com

www.burmeseclassic.com

လှူလေ့ရှိတယ်။

သုတ္တာအဖို့ ဒီနေ့မှ လက်ထပ်လိုက်တဲ့ သုန္ဒရီကို ခွဲရတော့မယ် ဆိုတဲ့အသိက အခံရခက်စေတယ်။ ရှေးဦးမဆွက သမီးရည်းစား မဖြစ်ခဲ့ ပေမယ့် ချစ်တာတော့ ချစ်တယ်။ ဒီနေ့မှ လက်ထပ်ရပေမယ့် သံယော ဇဉ်ဖြစ်တယ်။ သံယောဇဉ်ဟာ တော်တော်ဒုက္ခပေးတယ်။ သေတောင် မဖြောင့်ဘူး။

သုတ္တာရဲ့အတွေးထဲမှာ ရှင်ပဒ္မေကဗုဒ္ဓါနဲ့ ပူပူနွေးနွေးမယားလေး သုန္ဒရီတို့က လွှမ်းမိုးနေရာယူထားတယ်။ ဒီလိုနဲ့ သုတ္တာ ကွယ်လွန်သွား တယ်။ သုတ္တာကွယ်လွန်တာနဲ့ စက္ကန့်မဆိုင်းဘဲ နတ်ပြိတ္တာဖြစ်တယ်။

သုတ္တာဟာ ပူပူနွေးနွေးမယားလေး သုန္ဒရီကိုသာ စွဲလမ်းပြီး သေမယ်ဆိုရင် ကျိန်းသေပြိတ္တာဖြစ်တယ်။ အခုတော့ အသက်ရှင်စဉ် က ရှင်ပဒ္မေကဗုဒ္ဓါကို အပ်ချည်လုံး လှူထားတဲ့ ကုသိုလ်က ရှိနေတော့ နတ်ပြိတ္တာဖြစ်ရတာ။ ပြိတ္တာသရဲသာဖြစ်ရင် စားဝတ်နေရေး ဆင်းရဲ လိုက်မယ့်အမျိုး။ အခုတော့ နတ်ပြိတ္တာဖြစ်တယ်။ စတုမဟာရာဇ်နတ် အနွယ်ဝင် နတ်ပြိတ္တာ။ ဒီတော့ ပြိတ္တာလောက် မဆင်းရဲဘူး။

နတ်ပြိတ္တာ သုတ္တာဟာ ဘွားကနဲ နတ်ပြိတ္တာဖြစ်တယ်။ အသက်မရှိတဲ့ သူ့အလောင်းကောင်ကို ဖက်ပြီးငိုနေတဲ့ မိခင်အိုကြီးနဲ့ သုန္ဒရီကို မြင်တွေ့နေရတယ်။ သုန္ဒရီကို သနားလိုက်တာ။ ယောကျ်ားနဲ့ တစ်ရက်တောင် မပေါင်းလိုက်ရဘဲနဲ့ မုဆိုးမဖြစ်သွားပြီ မဟုတ်လား။

သုန္ဒရီနဲ့ မိခင်အိုတို့က သုတ္တာအတွက် သက်ပျောက်ဆွမ်းနဲ့ ရက်လည်ဆွမ်းကျွေးကြတယ်။ အမျှဝေကြတယ်။ ဒါပေမယ့် နတ်ပြိတ္တာ ဖြစ်နေတဲ့အတွက် သုတ္တာဟာ သာဓုခေါ်ခွင့်မရှိဘူး။ ရိုးရိုးပြိတ္တာ၊ သရဲ





ဆွေဆိုရင် သာဓုခေါ်နိုင်ရင် နတ်စည်းစိမ် [illegible] ချမ်းသာလာတယ်။ ဝေမာနိက နတ်ပြိတ္တာကတော့ ကုသိုလ်နဲ့ အကုသိုလ်အကျိုး တစ်ပြိုင်နက် ခံစားထားပြီးသူဖြစ်လေတော့ အလှူရဲ့ အဖို့ဘာဂကို မခံစားရတော့ဘူး။ လက်ရှိ နတ်ပြိတ္တာဘဝမှာ နတ်စည်း စိမ် ခံစားနေရတယ်လေ။ လိုလည်း မလိုအပ်တော့ပါဘူး။

သုတ္တာ လိုအပ်နေတာက မယားဖြစ်သူ သုန္ဒရီနဲ့ ပေါင်းသင်းချင် တဲ့ဆန္ဒ။ သူက နတ်ပြိတ္တာ၊ သုန္ဒရီက လူသား။ ဘယ်လိုခေါ်ယူပြီး ပေါင်း သင်းရမလဲ။ ပေါင်းသင်းနိုင်တဲ့နည်းလမ်းကို စဉ်းစားတယ်။ နောက်ဆုံး သူ့မယား သုန္ဒရီက ရှင်ပဒ္မေကဗုဒ္ဓါကို အပ်ချည်လုံး လောင်းလှူရင် နဲ့သူ့မယား ဘဝမတူပေမယ့် ပေါင်းသင်းနိုင်မယ်ဆိုတာ သိသွား တယ်။

ဒီမှာတင် သူ့မယား သုန္ဒရီကို အိပ်မက်ပေးရတယ်။ သုန္ဒရီက ခုဆို မိခင်အိမ် ပြန်ရောက်နေပြီ။ ယောကျ်ားအိမ်မှာ မနေတော့ဘူး။ က်လည်ပြီးတာနဲ့ မိခင်အိမ် ပြန်သွားတယ်။

"သုန္ဒရီ...မင်းကို ငါချစ်တယ်၊ အခု ငါဟာ နတ်ပြိတ္တာ ဖြစ်နေ တယ်၊ နေစရာ ဗိမာန်ကောင်းကောင်းနဲ့ နေရတယ်၊ နတ်သုဒ္ဓါတွေ စား ရတယ်၊ မင်းနဲ့ငါ နတ်သုဒ္ဓါတွေ စားပြီး ချစ်ချစ်ခင်ခင် နေကြရအောင် ၊ ငါနဲ့အတူ နေရအောင် ရှင်ပဒ္မေကဗုဒ္ဓါကို အပ်ချည်လုံး လောင်းလှူ ဆုတောင်းပါ အချစ်ရယ်" လို့ အိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ န္ဒရီကလည်း သဘောတူတယ်။ ထုထည်ကြီးမားလိုက်ပါတဲ့ ကာမ ကျာ။ တစ်နည်းအားဖြင့်တော့ အချစ်ပေါ့။ ချစ်ကြတာ၊ ချစ်ကြတာ။

အပြင်မှာလည်း သုန္ဒရီက လက်တွေ့အကောင်အထည် ဖော်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွလာတော့ အပ်ချည်လုံး လောင်းလှု
တယ်။

"အရှင်ဘုရား...ယခု အပ်ချည်လုံး လောင်းလှူရသော
ကုသိုလ်ကြောင့် နတ်ပြိတ္တာဖြစ်နေသော ချစ်လင်သုတ္တာနှင့် ပေါင်းရ
လိုအံ့ အရှင်ဘုရား" လို့ ဆုတောင်းတယ်။ ရှင်ပစ္စေကဗုဒ္ဓါက...

"ဆုတောင်းတိုင်းပြည့်စေ" လို့ မိန့်တော်မူတယ်။

ရှင်ပစ္စေဗုဒ္ဓါတို့မည်သည် ဘုရားငယ်များပင်။ မြတ်စွာဘုရား
ပရိနိဗ္ဗာန် စံဝင်ပြီးနောက်တွင် ပွင့်ထွန်းပေါ်ပေါက်လေ့ရှိတယ်။ ဘုရား
ပွင့်ကာနီးအထိ ရှိနေတတ်တယ်။ တရားကို ကိုယ်တိုင်သိကြသော်
လည်း တရားဟောကြားလေ့ မရှိဘူး။ ပစ္စေကဗုဒ္ဓါတို့အား ပေးလှူပြီး
ဆုတောင်းလျှင် ဆုတောင်းပြည့်သည်ဟု ဆိုကြတယ်။

သုန္ဒရီကလည်း ဆုတောင်းပြည့်တယ်။ သုန္ဒရီကို သုတ္တာ
လာခေါ်တယ်။ သုန္ဒရီရဲ့မိခင်အိုကြီး အလုပ်မလုပ်ဘဲ ထိုင်စားဖို့ ရွှေငွေ
များ ပေးခဲ့တယ်။ သုန္ဒရီဟာ လူသားစင်စစ်ဖြစ်လျက် နတ်ပြိတ္တာနောက်
လိုက်သွားတယ်။ နတ်ပြိတ္တာရဲ့ဘုံဗိမာန်မှာ နေတယ်။ အစားအစာ
တော့ နတ်သုဒ္ဓါလည်း စားနိုင်တယ်။ လူ့အစားအစာလည်း စားနိုင်တယ်
နှစ်မျိုးစလုံး စားနိုင်သူ ဖြစ်တယ်။

သုန္ဒရီဟာ နတ်ပြိတ္တာနဲ့ ပေါင်းဖက်ပြီး ပျော်နေတယ်။ သုန္ဒရီရဲ့
နပျိုမှု၊ လှပမှုကလည်း နတ်သမီးအတိုင်းပဲ။ လူပေမယ့် လူတွေလို မအို
ဘူး။ အစဉ်အမြဲ နပျိုနေတယ်။ ဘယ်အချိန်ကြည့်ကြည့် (၁၆) နှစ်သမီး

သုန္ဒရီဟာ နတ်ဗိမာန်မှာ နေပြီး ရွာက မိခင်နဲ့ ဆွေမျိုးတွေ
လည်း ရွှေငွေထောက်ပံ့တယ်။ သိပ်မကြာခင်မှာပဲ မိခင်တွေနဲ့ ဆွေမျိုး





တွေ ကွယ်လွန်ကုန်ကြတယ်။ လူ့အသက်တစ်ရာက နတ်သက်
သက်ပဲကြာတယ်မဟုတ်လား။ သုန္ဒရီကတော့ လူပေမယ့် နတ်သမီး
ဖြစ်နေတယ်။ အသက်ကြီးလာတယ် အိုမင်းလာတယ်ရယ်လို့ မရှိ
။ သုတ္တာနဲ့ သုန္ဒရီတို့ အချစ်ရေအလျဉ်မှာ မမောမပန်း ကူးခတ်နေကြ
ဘာလိုလိုနဲ့ လူ့သက်တမ်း ခုနစ်ရာ ကြာသွားခဲ့လေပြီ။


www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

လူ့ပြည်၌ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းလာခဲ့ချေ
မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်
သုံးနေတော်မူခဲ့လေပြီ၊

လူ့ပြည်၌ လူတွေဟာ အလှူဒါနလည်း ပေးလှူနိုင်ကြ
ကိုယ်နှုတ်နှစ်ပါး စောင့်စည်းထိန်းသိမ်းသော သီလကိုလည်း ဆေ
ထိန်းနေကြပြီ။ သမထ၊ ဝိပဿနာတရား အားထုတ်ပြီး သောတာ
သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများ ဖြစ်ခဲ့ကြလေပြီ။

သုန္ဒရီ မြင်တွေ့နေရသည်မှာ ဒါန၊ သီလ၊ ဘာဝနာ မြင်ကွ
များမဟုတ်။ တေပြတ်ဆင်းရဲနေသော ပြိတ္တာ၊ သရဲ၊ တစ္ဆေများ။ သုန္ဒ
မောင်တော် နတ်ပြိတ္တာသုတ္တက နတ်စည်းစိမ်နှင့် နေရသော်လ





အခြားသောပြိတ္တာများမှာ ဆင်းရဲလှပေစွ။

ဒါနမရှိ။

သီလမရှိ။

ဘာဝနာ မရှိ။

သုန္ဒရီဟာ နတ်ပြိတ္တာနဲ့ ပြိတ္တာတို့ကြားမှာ အနေကြာခဲ့ပြီမို့ ငြီးငွေ့လာပြီ။ လူ့ပြည်သို့ ပြန်၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုလုပ် အားထုတ်လိုလာခဲ့ပြီ။ ဘုရားပွင့်ပြီမို့ ဘုရားထူးချင်ပြီ။

တစ်နေ့တွင် သုန္ဒရီက သုတ္တအား...

"မောင်တော်...နှမလေးကို လူ့ပြည်ပြန်ခွင့်ပြုပါနော်၊ လူ့ပြည် ပြန်ပို့ပေးပါနော်၊ ဒီမှာနေရတာ ငြီးငွေ့လှပါပြီ၊ လူ့ပြည်ပြန်ပြီး ဒါန၊ သီလ၊ ဘာဝနာ အားထုတ်ပါရစေ" လို့ ခွင့်တောင်းတယ်။

နတ်ပြိတ္တာ သုတ္တဟာ မျက်နှာပျက်သွားတယ်။

"နှမလေး...သင် နတ်ဗိမာန်သို့ ရောက်နေတာ နတ်သက်တမ်းနဲ့ဆိုရင် (၁၄)ရက်သာ ကြာသေးပေမယ့် လူ့သက်တမ်းနဲ့ဆိုရင် နှစ်ပေါင်းခုနစ်ရာ ရှိပြီနော်၊ လူ့ပြည်မှာ သင့်မိခင်လည်း မရှိတော့ဘူး၊ သင့်ဆွေမျိုးလည်း မရှိတော့ဘူး၊ နောက်ပြီးတော့ သင် လူ့ပြည်ရောက်တာနဲ့ အဘွားကြီးဖြစ်မှာနော်၊ ဒီရုပ်မျိုး ရှိမှာမဟုတ်ဘူး၊ တောင်ဝှေးနဲ့ လမ်းလျှောက်ရတဲ့အဘွားအိုကြီး ချက်ချင်းဖြစ်သွားမှာနော်" လို့သုန္ဒရီကို ချော့လည်းချော့၊ခြောက်လည်းခြောက်တယ်။ အမှန်တော့ အမှန်တိုင်းပဲ။

"ဘာပဲဖြစ်ဖြစ် လူ့ပြည်ကို ပြန်ပါရစေ မောင်တော်"

"သင်လူ့ပြည်ရောက်ရင် ခုနစ်ရက်ပဲ အသက်ရှည်မှာနော်...



www.burmeseclassic.com

www.burmeseclassic.com

မပြန်ပါနဲ့နော်"

"တစ်ရက်ပဲ အသက်ရှင်ရှင် လှူပြည်ကို ပြန်ပို့ပေးပါ မောင်တော်"

"တကယ်သွားတော့မှာလား"

"သွားချင်ပါတယ် မောင်တော်"

"အေးလေ…တားမရရင်တော့ပြန်ပို့ပေးရမှာပေါ့၊ ပို့ပေးချင်လို့တော့မဟုတ်ဘူး"

သုန္ဒရီက ဘာမှမပြောဘဲ ဆိတ်ဆိတ်နေတယ်။

"လှူပြည်ပြန်ရောက်ရင် မောင်တော်အတွက် တစ်ခုတော့ လုပ်ပေးရမယ်နော်"

"ဘာများလဲ မောင်တော်"

"ကောင်းမှုပြုလုပ်တိုင်း မောင်တော်နဲ့ ဘဝဆက်တိုင်း ပေါင်းဆုံရပါစေသားလို့ ဆုတောင်းရမယ်နော်"

နတ်ပြိတ္တာသုတ္တရဲ့မျက်လုံးတွေဟာ အချစ်ရည် တလက်လက် တောက်ရှန်းနေတယ်။ တကယ်တော့ နတ်ပြိတ္တာသုတ္တဟာ သုန္ဒရီကို အလွန်ချစ်ရှာတယ်။ တားလို့မရလို့ ခွင့်ပြုရတာ။ မချစ်လို့ ပြန်ခွင့်ပြုတာမဟုတ်ဘူး။ ချစ်လွန်လွန်းလို့ လှူပြည်ကို ပြန်ခွင့်ပြုရတာ။

"ဘယ့်နှယ်လဲ"

"ဆုတောင်းပါ့မယ် မောင်တော်၊ နှမလေးကလည်း လှူပြည်ကို ပြန်တာ မောင်တော်ကို မချစ်လို့ မဟုတ်ပါဘူး၊ ဘုရားဖူး၊ တရားနာ၊ သံဃာတော်တွေကို ဆွမ်းလုပ်ကျွေးချင်လို့ပါ"

"အေး…အေး…နားလည်ပါတယ်ကွယ်၊ ကတိသာ တည်ပါစေ"

"ကတိတည်ပါတယ် မောင်တော်"

"ကောင်းပါပြီကွယ်…လှူပြည်ကို မောင်တော် လိုက်ပို့ပါ့မယ်"

နတ်ပြိတ္တာ သုတ္တက သုန္ဒရီကို လှူ့ပြည်အရောက် လိုက်ပို့တယ်။

လှူ့ပြည်လူ့ရွာ ရောက်တာနဲ့ တစ်ပြိုင်နက် သုန္ဒရီဟာ နတ်သမီးလေးလို မနုပျိုတော့ဘူး။ အရိုန်နဲ့နေရာကို လိုက်ပြီး ရုပ်ချင်း ပြောင်းလဲသွားတယ်။

အသက်ခုနစ်ဆယ် အဘွားအိုကြီးဖြစ်သွားတယ်။

တောင်ဝှေးမပါရင် လမ်းမလျှောက်နိုင်လောက်အောင် အိုမင်းရှုံ့နွဲ့သွားတယ်။

အမယ်အို ရှုတ်တွကြီးဖြစ်သွားတယ်။

အဘွားအို သုန္ဒရီဟာ လှူပြည်ရောက်တာနဲ့ ပေးကမ်းစွန့်ကြဲ လှူဒါန်းတယ်။

မရှိနွမ်းပါးတဲ့သူတွေကို ပေးကမ်းစွန့်ကြဲတယ်၊ သံဃာတော်တွေကို လှူဒါန်းတယ်။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စောင့်တယ်၊ ငါးပါးသီလမြဲအောင် ကြိုးစားစောင့်ထိန်းတယ်။

ဘုရားဖူးတယ်၊ တရားနာတယ်၊ ဝိပဿနာတရား အားထုတ်တယ်။

အဘွားအို သုန္ဒရီဟာ ဒါနပြု၊ သီလစောင့်ထိန်း၊ ဘာဝနာ အားထုတ်ပြီးတိုင်း "နတ်ပြိတ္တာနဲ့ ဘဝတိုင်းဆုံတွေ့ရပါလို၏" လို့ ဆုတောင်း




www.burmeseclassic.com

www.burmeseclassic.com

တယ်၊ နတ်ပြိတ္တာကိုလည်း အမျှဝေတယ်။

အဘွားအို သုန္ဒရီက လူတွေကို ကြုံတိုင်း...

"ကပ်စေးမနည်းကြနဲ့နော်...ဘုရားနဲ့သံဃာတော်တွေကိုလှူကြ၊ ဣသာမနာလို မစ္ဆရိယဝန်တိုခြင်း မရှိကြနဲ့၊ အိမ်ထောင်ရှင်မတွေကလည်း ကိုယ့်ခင်ပွန်းယောကျ်ားကို ရိုရိုသေသေ ဆက်ဆံကြနော်၊ မလိမ်ကြနဲ့၊ မညာကြနဲ့၊ ကျိန်တွယ်ပြီးမပြောကြနဲ့၊ ကျိန်စာလည်း မတိုက်ကြနဲ့၊ ဥစ္စာကို အလွန်တရာ မမက်မော မခင်တွယ်ကြနဲ့၊ ဥစ္စာဆိုတာက ကိုယ်သေရင် ကိုယ့်နောက်ပါတာ မဟုတ်ဘူးနော်၊ တရားသဖြင့် ရှာပြီး တရားသဖြင့် လှူကြ၊ ကုသိုလ်အထုပ်ကမှ ကိုယ့်နောက်ပါတာနော်၊ လိမ်တစ်ပြစ်၊ ကျိန်တစ်ပြစ်နော်၊ လောဘနဲ့ သေရင် ပြိတ္တာဖြစ်လိမ့်မယ်၊ ဒေါသနဲ့ သေရင် ငရဲကျလိမ့်မယ်၊ မောဟနဲ့ သေရင် တိရစ္ဆာန်ဖြစ်လိမ့်မယ်၊ သဒ္ဓါတရားနဲ့ ပေးလှူကြ၊ ဥပုသ်သီလစောင့်ကြ၊ တရားအားထုတ်ကြပါ၊ ပြိတ္တာ၊ သရဲတစ္ဆေ ဖြစ်ရင် ကိုယ်ကျိုးနည်းလိမ့်မယ်...ဆင်းရဲတယ်နော်" လို့ သတိပေးတတ်တယ်။

သုန္ဒရီဟာ ပြိတ္တာမဖြစ်ဖူးပေမယ့် ပြိတ္တာတွေရဲ့ဘဝနဲ့ ဆင်းရဲပုံကို ကိုယ်တွေ့ကြုံဖူးတာ မဟုတ်လား၊ သိတာပေါ့။

သုန္ဒရီဟာ လူ့ပြည်မှာ ခုနစ်ရက်ပဲ နေရတယ်။ သေတော့ တာဝတိံသာနတ်ပြည်ကို လားရောက်ရတယ်။ သူ့ယောကျ်ားဟောင်း နတ်ပြိတ္တာသုတ္တက စတုမဟာရာဇ်မှာ။

သုတ္တက နတ်ပြိတ္တာ စတုမဟာရာဇ်မှာ၊

သုန္ဒရီက နတ်သမီး တာဝတိံသာမှာ။

ဒုတိယဘဝမှာ ထပ်မဆုံတော့ဘူး။





တတိယ၊ စတုတ္ထ၊ ပဉ္စမ ဘဝတွေမှာတော့ ဆုံသလား၊ မဆုံသလား မသိဘူး။

လူနဲ့ နတ်ပြိတ္တာတို့ရဲ့ဘဝကတော့ တော်တော်ဆန်းတယ်။ ဗုဒ္ဓစာပေမှာ နတ်ပြိတ္တာသုတ္တရဲ့ ဇာတ်လမ်းတစ်ခုတည်း ရှိတယ်လို့ ဆိုကြတယ်။

# သန့်ပြင်ပြီးအေး

**ကျမ်းကိုး ။** ။ ပေတဝတ္ထုတော်ကြီး

ဥဗ္ဗရီဝဂ်၊ သုတ္တပေတဝတ္ထု။


www.burmeseclassic.com

www.burmeseclassic.com



## အသက် အသက်ချင်း ပေးဆပ်ရခြင်း

"ကောင်းပြီ…ကောင်းသောညပါ ဒေါက်တာ၊ ခုလို ရင်းရင်းနှီးနှီး ဆွေးနွေးခွင့်ရတာ ကျေးဇူးတင်ပါတယ်"

မစ္စတ်ဆန်းမေယာသည် အဝါရောင်သန်းနေသောမျက်နှာဖြင့် ဟန်လုပ်၍ပြုံးလိုက်ရင်း အခန်းတံခါးဝသို့ လျှောက်သွားရင်း ဆရာဝန်အား ပြုံးပြလိုက်လေသည်။ သူမ၏ ဖျော့တော့သောမျက်လုံးများက တစ်ဝက်ကျိုးနေပြီဖြစ်သော ဝီစကီပုလင်းမှ ခင်ပွန်းဖြစ်သူ၏ မျက်နှာပေါ် ဖြတ်ကျော်ကြည့်လိုက်ပြန်သည်။

"ရှင်…သိပ်မကြာတော့ဘူး မဟုတ်လား၊ ဟား…ဟာတ်၊ ဟုတ်တယ် မဟုတ်လား"

သူမ ထပ်၍ပြုံးပြလိုက်ပြန်သည်။ တဝက်က မလိုလားဟန်၊ တစ်ဝက်က ဒေါက်တာအား တောင်းပန်ဟန်။ တံခါးဝတွင် ရပ်၍ပြုံးပြနေခြင်းဖြစ်သည်။

"ကျွန်မက သူ့ ကျွန်မအနားမှာ မရှိဘဲ အိပ်မပျော်လို့ပါ၊ ဒါရယ်စရာတော့ အကောင်းသား" ဟု ပြောလိုက်ပြန်လေသည်။

ဖင်ဖန်းနေဟန်ရှိသော ဆရာဝန်လေးသည် သူ၏ဆံပင်များကို သပ်လိုက်ရင်း သူမအား ခေါင်းညိတ်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မိနစ်အနည်းငယ်လောက်ပါပဲ...မကြာတော့ပါဘူး မစွက်ဆန်းမေယာ၊ တောင်းဆောင်ညဖြစ်ပါစေဗျာ" ဟု ပြန်ပြောလိုက်လေသည်။

သူ၏ဖနီးသည် နောက်မှ အခန်းတံခါး ပိတ်သွားပြီးနောက် ဟားဗတ်ဆန်းမေယာသည် စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။ သူ၏ညစာစားအပြီး ညအိပ်ယာဝင်တွင် ကြုံတွေ့ရသော အခြေအနေတစ်ရပ်အတွက် ဆရာဝန်ထံ အကြံဉာဏ်တောင်းရန် စဉ်းစားခဲ့ခြင်းသာဖြစ်ပြီး ဆရာဝန် အိမ်ရောက်လာချိန်ကလည်း အတော်နောက်ကျနေခဲ့သည်။ ဆရာဝန်မှာ သူ၏တာဝန်ချိန်ကာလအတွင်း ထွက်လာရဟန်ရှိလေသည်။ ဖနီးကား သူ၏အိပ်ယာဆီသို့ ဝင်ရောက်သွားလေပြီ။ သူနှင့်ဆရာဝန်လေးသာ ကျန်တော့သည်။

"ကောင်းပြီ...ဘာများ အခက်အခဲ တွေ့နေရသလဲဗျာ"

ဆရာဝန်လေးက တွေးတွေးဆဆဖြင့် မေးလိုက်သည်။ သူက ဆန်းမေယာ နောက်ဝီစကီတစ်ခွက် ထပ်ငှဲ့နေသည်ကို ကြည့်နေမိသည်။

"ဒါကို ဆရာနားလည်အောင် ပြောရမှာတော့ အတော်ခက်မယ်၊ ဒါ့ပြင် ဆရာက ကျွန်တော့်ကို အရူးလို့တောင် ထင်လေမလားပဲ"

"ဒါ...မခန့်လေးစား ပြောရမယ့်အချိန်မဟုတ်ဘူး"

ဆရာဝန်လေးက ဖန်ခွက်ကို လှမ်းယူလိုက်သည်။

"အခု ဆရာ ကလေးမွေးပေးရမယ့်ကိစ္စတစ်ခု ရှိနေသေးတယ်၊ (၁၁)နာရီလောက်မှာ မွေးလိမ့်မယ်ထင်တယ်၊ ဒါကြောင့် ခင်ဗျားကို အချိန်သိပ်ကြာကြာမပေးနိုင်ဘူး...မြန်မြန်ပြောပါဗျာ"

ဆန်းမေယာသည် အရက်တစ်ခွက် ထပ်ငှဲ့လိုက်ပြီး တုန်ယင်





သောလက်များဖြင့် သောက်ချလိုက်လေသည်။ မှန်ထဲတွင် ရောင်ပြန်ဟပ်ဖြစ်နေသော သူ၏ သေတော့မတတ် ဖြူလျော့လျော့ မျက်နှာအား ကယောင်ချောက်ချား လှည့်၍ကြည့်လိုက်လေသည်။ ခဏအကြာတွင် စိတ်ကို အတော်ထိန်း၍ ပြောလိုက်လေသည်။

"ကျွန်တော်ကြောက်တယ်ဗျာ၊ ဒါဘာလဲ ကျွန်တော်ကြောက်တယ်"

"ဘာကိုလဲ"

ဆရာဝန်လေးက အမြန်ပင် မေးလိုက်လေသည်။

ဆန်းမေယာသည် ဆရာဝန်အား ကယောင်ချောက်ချား လှည့်ကြည့်လိုက်သည်။

"ကျွန်တော် အရူးလား...ပြောပါဦး၊ ကျွန်တော်ရဲ့လက်ရှိ အသက်အရွယ်နဲ့ ရက်စရာများ ဖြစ်နေမလားပဲ၊ ဒါပေမယ့် ကျွန်တော် အိပ်ယာဝင်ရမှာ ကြောက်နေမိတယ်ဗျာ"

"ခင်ဗျား...အလုပ်ဒဏ်ပိနေတယ် ထင်တယ်၊ ဒါကြောင့် အိပ်မပျော်နိုင်တာဖြစ်မယ်၊ အား...ဒီလိုကာလဲရောက်ရင် ဒီဒေသမှာ နာစေးများနာလည်း ဖြစ်တတ်တယ်ဗျ"

ဆန်းမေယာသည် ဝီစကီခွက်ကို ဆောင့်ချလိုက်ရင်း သူ၏ ဦးခေါင်းကို ခပ်သွက်သွက် ခါလိုက်လေသည်။

"ဒါမျိုးမဟုတ်ပါဘူး...ဒါက သာမန်အာရုံကြောထိခိုက်တာမျိုး ပါ၊ ကျွန်တော်ပြောပြရင် မရယ်ပါဘူးလို့ ဆရာကတိပေးပါဗျာ၊ ကတိပေးမယ် မဟုတ်လား"

"ပေးပါတယ်ဗျာ...ဆရာဝန်အလုပ် လုပ်ရတဲ့ ကျွန်တော့်လို



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးအဖို့ လူနာတွေရဲ့လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးရမယ့်တာဝန်ရှိတယ်လေ၊ လူနာတွေ သေဆုံးတဲ့တိုင်အောင် မပေါက်ကြားအောင် စောင့်ထိန်းပေးရတယ်ဗျာ"

"မဟုတ်ဘူး...မဟုတ်ဘူး၊ ကျွန်တော်အဖြစ်က အဲဒီလို မဟုတ်ဘူး၊ ကျွန်တော့်အဖြစ်က အိပ်မက် မက်တာပါဗျာ၊ အိပ်ယာဝင်ပြီးရင် ထူးဆန်းလွန်းတဲ့အိပ်မက်မျိုး မက်တာပါဗျာ"

ဆရာဝန်က ခေါင်းတညိတ်ညိတ် လုပ်လိုက်ရင်း...

"ကျွန်တော် သိပြီ၊ ခင်ဗျားရဲ့အာရုံကြောတွေက တကယ့်ကို ပျက်စီးနေပြီပဲ၊ ခင်ဗျားအတွက် အားဆေးတစ်မျိုး လိုအပ်တယ်၊ ဒါမှ အပြောင်းအလဲဖြစ်သွားမှာ"

ဆရာဝန်၏မျက်လုံးများက ဆန်းမေယာက ဝီစကီကို ထပ်၍ငှကာ သောက်ချလိုက်သည်ကို လိုက်ကြည့်နေမိသည်။

"ဒါ...သာမန်အာရုံကြောဆိုင်ရာကိစ္စမျိုး မဟုတ်ဘူးလို့ ကျွန်တော် ခင်ဗျားကို ပြောချင်တယ်ဗျာ"

ဆန်းမေယာက စားပွဲကို သူ၏လက်သီးဖြင့် ဒေါသတကြီး ထုချလိုက်ရင်း ပြောလိုက်သည်။

"ဒါ...စိတ်ဒုက္ခ တစ်မျိုးပါဗျာ၊ ဒီလိုပဲ ကျွန်တော် ခင်ဗျား သမ္မာကျမ်းဟောင်းက "မျက်လုံးတစ်လုံးချင်း"၊ "သွားတစ်ချောင်းချင်း"။ "အသက်တစ်ချောင်းချင်း" ပေးဆပ်ရမယ်ဆိုထားတာကို ယုံရဲ့လား"

"ကောင်းပြီ...ယုံဖို့တော့ ခက်ပါတယ်ဗျာ"

ပင်ပန်းနေသော ဆရာဝန်လေးက လူနာအား ပြုံးပြရင်း ပြောလိုက်လေသည်။





"ကျွန်တော် ခင်ဗျား ဘာကိုဆိုလိုတယ်ဆိုတာကို အပြည့်အဝတော့ နားမလည်ဘူး၊ ခင်ဗျားဇနီးကို ပြောမပြဘူးဆိုတာတော့ ယုံပါဗျာ"

"ကိစ္စမရှိပါဘူး...သူက သူ့ယုံကြည်ချက်နဲ့ သူ့ဝတ်ပြုရာ ဘုရားကျောင်းနဲ့ပါ၊ သူ့ကိုသာ ဒီအကြောင်း ပြောပြလိုက်ရင် သူက ကျွန်တော် စိတ်ကစားချင်လို့ ထင်မှာ၊ ကျွန်တော့် ဒီည အိပ်မက်ဆိုးက နိုးလာရင် အသက်ပြင်ပြင်းရှူနေပြီး တဆတ်ဆတ် တုန်နေတတ်တယ်၊ သူက အစာမကြေရောဂါ စွဲနေတယ်ဆိုပြီး ပြန်အိပ်နိုင်းတာပဲဗျာ"

"ခင်ဗျားသေချာလို့လား၊ အဲဒီလိုမျိုးရော အစာမကြေ မဖြစ်ဘူးလား"

"သေချာတာပေါ့ဗျာ...ကျွန်တော်က ငှက်ကုလားအုပ်လိုပဲ အလွန်အစာကြေတာဗျ၊ ဒါ...စိတ္တဇတစ်မျိုးပါပဲ၊ ခင်ဗျားသာ ကျွန်တော့်ကို ကောင်းမွန်အောင် မကုသပေးနိုင်ရင် ကျွန်တော် နောက်ဆရာဝန်တစ်ဦး ပြောင်းပြရတော့မှာပဲ"

ဆရာဝန်က သူ၏နဖူးခေါင်းကိုလက်နှင့်ပွတ်ရင်း စိတ်ကိုထိန်းနိုင်အောင် ကြိုးစားလိုက်သည်။

"ခင်ဗျား အကြောင်းအရာကို ရှင်းရှင်းလင်းလင်း စပြောရင် ကောင်းမယ်" ဟု ဆရာဝန်လေးက ခပ်အေးအေး ပြောလိုက်သည်။

"ဒါကို ပြန်ပြောရရင် အတော်ရှည်မယ်"

ဆန်းမေယာက မျှော်လင့်ချက် လုံးဝမရှိတော့ဟန်ဖြင့် ဆရာဝန်လေးအား ကြည့်လိုက်ရင်း ခပ်မြန်မြန် ပြောချလိုက်လေသည်။

"ကျွန်တော် ကလေးတစ်ယောက်လို စိတ္တဇဖြစ်ပြီး ကြောက်နေတာ ခင်ဗျားအပြစ်ပဲ မဟုတ်လား၊ ကျွန်တော်ရဲ့မိတ်ဆွေတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

အနာဂတ်ကို ဟောပေးနိုင်တဲ့ ပညာမျိုး ရှိတဲ့လူတစ်ဦး ရှိခဲ့ဖူးတယ်၊ ကျွန်တော် အဆက်အသွယ်ဖြတ်ပစ်လိုက်တယ်၊ မကောင်းတာကိုသာ ကြိုဟောရင် ကျွန်တော် သိပ်ကြောက်နေရောဗျ...ဒါကြောင့်ပါ ကျွန်တော့်မှာ လိမ်တတ်တဲ့မိတ်ဆွေတစ်ဦး ရှိခဲ့ဖူးတယ်ဗျ၊ ဒေါ်ဆင်လို့ ခေါ်တယ်၊ သူက ကျွန်တော့်ရဲ့ဇနီးကို ကျွန်တော်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို လိမ်ပြောတယ်ဗျ၊ ကျွန်တော် တောင်းပန်တာ လည်း မရဘူး...ခဏခဏပဲ၊ နောက်တော့ ကျွန်တော် သူ့ကို အဆက် ဖြတ်လိုက်ရတယ်"

"ဒါပေမယ့် ကျွန်တော့်ဇနီးကိုတော့ဘာမှပြောပြမနေတော့ပါ ဘူး၊ အခုနှစ်တွေမှာ စီးပွားရေးကိုလည်း အတော်အောင်မြင်အောင် လုပ် နိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ယောက်ဖက ပြီးခဲ့တဲ့ တစ်လ လောက်က ဒီကိုလာလည်တယ်၊ အရှူးတစ်ယောက်လိုပါပဲဗျာ၊ သူ့ကို ဗြိတိသျှပြတိုက်က အီဂျစ်ဆိုင်ရာ ပြခန်းဆီ သွားပြခဲ့ရတယ်၊

အဲဒီမှာ မမ္မီတွေကို ပြထားတာ မှားတယ်ထင်တယ်ဗျာ၊ ကျွန်တော်တော့ ဒီလိုပဲ အမြဲထင်မိတော့တာပဲ၊ သူတို့က သေဆုံးသွား ပြီးတဲ့လူတွေ မဟုတ်လားဗျာ၊ အီဂျစ်ဆိုင်ရာပြခန်းထဲ ရောက်သွားတော့ ကျွန်တော့်ပတ်ဝန်းကျင်မှာ ထူးဆန်းတဲ့အင်အားမျိုးတွေ ဝန်းရံရွေ့လျာ နေတယ် ထင်မိတော့တာပါပဲဗျာ၊

ဒါပြင် ဖရန့်စ်ဒေါ်ဆင်ကလည်း ဒီပြခန်းရဲ့တစ်နေရာရာက နေပြီး ကျွန်တော့်ကို စောင့်ကြည့်နေတယ်လို့ ခံစားမိရတယ်ဗျ၊ သူ တရုတ်ပြည်ကို ထွက်သွားပြီးနောက်ပိုင်း မတွေ့ရခဲ့တော့တာ နှစ် အတော်ကြာခဲ့ပြီဟာ၊ ဘာလို့ ဒီလိုခံစားတွေးတောမိရလဲ မသိတော့ပါ





ဘူးဗျာ၊ နံရံကပ် ဘီဒိုတစ်ခုနားမှာ ကျွန်တော်တို့ ရပ်မိတော့ အဲဒီက သစ်သားခေါင်းတစ်ခုထဲမှာ ရှေးအီဂျစ်အရုပ်စာတွေ ရေးဆွဲထားတာ တွေ့ရတယ်၊ ခေါင်းထဲမှာ ခန္ဓာကိုယ် ရုပ်အလောင်းတစ်ခု ရှိပြီး မျက်နှာ ကို မျက်နှာဖုံးတစ်ခုနဲ့ ဖုံးထားတာ တွေ့ရတယ်၊ ဒါက မမ္မီသက်သက် မဟုတ်ဘူးဆိုတာ ကျွန်တော် အလိုလို ခံစားမိတယ်ဗျ၊

ခင်ဗျား ကျွန်တော်ပြောတာကို ယုံပါ့မလားပဲ၊ မျက်နှာဖုံး အောက်က မျက်လုံးအနက်တစ်စုံဟာ ရုတ်တရက် အသက်ဝင်လာ သလိုပဲဗျ၊ မျက်လုံးတွေရဲ့အရောင်ကလည်း မီးလို တောက်လာတယ်၊ ကျွန်တော့်ယောက်ဖ စကားလှမ်းပြောလိုက်ချိန်ထိ ကျွန်တော် အဲဒီ နေရာမှာ စိတ်ညှို့ခံရသူလို ရပ်နေခဲ့မိတယ်၊ ကျွန်တော်သတိမေ့သွား တော့မယ့်ဆဲဆဲလို ဖြစ်သွားခဲ့ရတာပါ၊ ယောက်ဖက လှမ်းခေါ်လိုက်လို့ သာ ပြခန်းအပြင်ဘက် ပြန်ထွက်နိုင်ခဲ့တာ၊

ဒါပေမယ့်ပြီးခဲ့တဲ့တစ်လလုံးလုံးတော့ဒါကိုကျွန်တော်ပြန်ပြီး တောင် မတွေးမိခဲ့ပါဘူး၊ သို့ပေမယ့် ပြီးခဲ့တဲ့ သုံးရက်လောက်က စပြီး အိပ်မက်ဆန်းကို စမက်ခဲ့တော့တာပါပဲဗျာ၊

ကျွန်တော်တို့ဇနီးမောင်နှံ ထုံးစံအတိုင်း (၁၀)နာရီလောက် မှာအိပ်ယာဝင်ခဲ့ကြတယ်၊ ဘာမှစိုးရိမ်ပူပန်စရာမရှိဘဲ အိပ်ပျော်သွားခဲ့ ရတာပါ၊ ဒါပေမယ့် နောက်ပိုင်းမှာ ကျွန်တော့်အတွက် ပုံမှန်မဟုတ်တဲ့ အိပ်မက်ဆန်းကို မြင်မက်ခဲ့တော့တာပါပဲ၊

ကျိုးပြတ်နေတဲ့လှေခါးထစ်တွေကိုဖြတ်ပြီး အောက်ကိုဆင်း နေရသလိုပဲဗျ၊ နေရာက ဘုရားကျောင်းတစ်ခုရဲ့အောက်က သင်္ချိုင်း အဖြစ် အသုံးပြုတဲ့ လိုဏ်ဂူတစ်ခုခုထဲမှာလိုပဲ၊ နံရံတွေက ရေရှိုးတဲ့ည


www.burmeseclassic.com

www.burmeseclassic.com

လိုခပ်ကျဉ်းကျဉ်းပဲဗျ၊ အရိုးနံရံတွေက သစ်သားတွေ၊ အချို့က ကျောက်ခန်းတွေလိုပဲ၊ ဘေးဘက်တွေမှာ အီဂျစ်အရုပ်စာတွေ ခြယ်သထားတယ်၊ ပြတိုက်ထဲက အီဂျစ်ဆိုင်ရာပြခန်းထဲ ဝင်ကြည့်ရသလိုပါပဲဗျာ၊

အဲဒီနေရာရဲ့တံစက်စွန်း အဆုံးသတ်နေရာဆီ ကျွန်တော်လျှောက်သွားပြီး အောက်ကို ကိုယ့်ဖာသာ ငုံ့ကြည့်လိုက်တယ်၊ သေတ္တာကြီးရဲ့အဖုံး ပွင့်သွားတယ်၊ အဲဒီမှာ အမျိုးသမီးတစ်ယောက်ကို တွေ့ရတယ်ဗျ၊ တွေ့ရလောက်အောင်လည်း အလင်းရောင်က ရနေတယ်၊ ပုံစံက သေဆုံးနေတဲ့ပုံမျိုးနဲ့တော့ မတူဘူးဗျ၊ မဲမှောင်နေရမယ့်အစား သူမရဲ့အသားအရေတွေက ဖြူဖွေးပြီး ကျန်းမာနေပုံပေါ်တယ်၊ ကိုယ်ခန္ဓာကို ရစ်ပတ်ထားတဲ့ အဝတ်အစားတွေကတော့ ပျက်စီးနေပုံပေါ်တယ်၊ သူမရဲ့ဦးခေါင်းမှာ ရွှေဝါရောင်ဆံပင်တွေနဲ့ဗျ၊ အီဂျစ်အမျိုးသမီးတွေက ဆံပင်နက်မှောင်တတ်ကြတယ်၊ ဒါပေမယ့် သူမကတော့ ဂရိကနေ ကျွန်အဖြစ် ရောက်လာပြီးမင်းညီမင်းသားတစ်ပါးပါးက တော်ကောက်ထားခဲ့ဟန် တူတယ်ဗျ၊

ခဏလောက်နေတော့ သူမရဲ့မျက်လုံးတွေ ပွင့်လာပြီး ကျွန်တော့်ကို လှဲနေရာကနေ စိုက်ကြည့်နေတော့တာပဲ၊ ပြတိုက်က ခေါင်းထဲမှာ တွေ့ခဲ့ရတဲ့ မျက်လုံးတွေနဲ့ တစ်ထပ်ထဲပဲ၊ ကျွန်တော် ကျောချမ်းလာမိတယ်၊ သူမက အသက်ရှင်နေတဲ့သူလိုပဲ ဝိညာဉ်တစ်ခုခု ကိန်းနေသလိုမျိုးပဲပေါ့ဗျာ၊

သူမ စကားပြောလိုက်တာလား ဘာလားတော့ မသိဘူး။ ကျွန်တော့်ဦးနှောက်ထဲ စကားသံတစ်ခုခု ကြားလိုက်ရတယ်။ သူမရဲ့နှုတ်ခမ်းတွေကတော့ မလှုပ်သွားဘူးဗျ။ စကားသံလိုတော့ ပီပီသသကြီး ကြားလိုက်ရတာ။

"ရှင်...ကျွန်မ ထလာနိုင်အောင် ကူညီရမယ်"

ဒီစကားသံ ကြားလိုက်ရတော့ ကျွန်တော် အတော့်ကို ကြောက်ပြီး အေးစက်တုန်ခါသွားရတယ်။ ကိုယ်လုံးကလည်း ချမ်းပြီး တဆတ်ဆတ် တုန်နေခဲ့တယ်။ ဒီကြောက်စရာနေရာက ထွက်ပြေးဖို့ စဉ်းစားလိုက်တယ်။ ဒါပေမယ့် ကျွန်တော် ကိုယ်ကို ကိုင်းချလိုက်ပြီး သူမရဲ့လည်ပင်းနောက်က ပခုံးပေါ်ကနေ လက်နဲ့ ပွေ့ပြီး ဆွဲထူနေမိတယ်။

သူမက ရေခဲတုံးကြီးလို အေးစက်နေတယ်။ ကျွန်တော် ကြိုးစားပြီး မ.ပေမယ့် မ.မနိုင်ဘူးဗျ။ ကျောက်တုံးတစ်တုံးကို သေတ္တာထဲမှာ သံကြိုးနဲ့ စုတ်ထားသလို ဖြစ်နေခဲ့တယ်။ ခဏအကြာမှာ သူမရဲ့ပါးပြင်မှာ အရောင်ပြောင်းသွားတယ်။ သူမရဲ့လက်တွေက တဖြည်းဖြည်း မ.ပြီး ကျွန်တော့်ပခုံးတွေကို သိုင်းဖက်လိုက်တယ်။ သူမရဲ့နှုတ်ခမ်းတွေမှာ ပြုံးရိပ်လေး သန်းနေတယ်။ သူမရဲ့လက်တွေက ကျွန်တော့်ရဲ့လက်မောင်းတွေပေါ်မှာ ခဲတုံးကြီးလိုဖိစီးနေတယ်။ ဒါပေမယ့်ပခုံးတွေ အနည်းငယ်လောက် မ.ကြွလာပြီး ခေါင်းအောက်ကနေ မြင့်တက်လာတယ်။

"ကျွန်မကို ကယ်ပါဦး...ကယ်ပါဦး"

သူမက အချိန်ရှိသ၍ တဖွဖွ ပြောနေတယ်ဗျ။ သူမ ထနိုင်ဖို့ အရှိအတော်ကြာအောင် ကြိုးစားရမယ် ထင်မိတယ်။

ကျွန်တော့်ပုံစံက အတော်သန်မာပုံပေါက်ပါတယ်။ ဒေါက်တာ မြင်တာနဲ့ သိမှာပါ။ တော်ရုံတန်ရုံ ကိုယ်လုံးကိုယ်ထည်ရှိတဲ့ မိန်းမတစ်ယောက်ကို လေခါးပေါ် မ.ချီယူသွားဖို့ ကောင်းကောင်းနိုင်နင်းပါ


www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါပေမယ့် သူမကတော့ တစ်တန်လောက် လေးနေပုံပေါ်တယ်။ သူမရဲ့ပခုံးတွေက သိုင်းမထားဘဲ ကျွန်တော့်လက်မောင်းတွေကို ဆုပ်ကိုင်ထားတာ အတော်တင်းတယ်ဗျ။ ကျွန်တော့်အားတွေ ဆုတ်ယုတ်လာသလိုပဲ ခံစားရတယ်။ နောက်ဆုံး တော့ သူမကို ထိုင်နေတဲ့အနေအထား ရောက်အောင် အားကုန်ဆွဲအမ.လိုက်မှာ ကျွန်တော် အိပ်ယာကနိုးသွားတော့တာပဲ။

ကျွန်တော်နိုးလာတော့ တစ်မိုင်လောက်ခရီးကို တလကြမ်း ပြေးထားရတဲ့လူလိုပေဟာဟဲဆိုက်အောင် မောနေတယ်။ ခိုက်ခိုက်တုန်အောင် ချမ်းပြီး တစ်ကိုယ်လုံး တုန်လှုပ်နေတယ်။ ဆယ်မိနစ်လောက်ကြာမှ အသက်ကိုပုံမှန်ရှူနိုင်တော့တယ်။ ဒါတောင်ခပ်ပြင်းပြင်း ရှူနေရတယ်၊ နောက်တော့ အိပ်ယာထဲ ခက်ခက်ခဲခဲ ပြန်လှဲချလိုက်ရတယ်။ ပြီးတော့အားကုန်ပြီး ပုံလဲသလိုဖြစ်သွားတယ်။ ပြန်ပြီးအိပ်မောကျသွားတော့တာပဲ။

နောက်နေ့ကျတော့ ကျွန်တော်သိပ်ပင်ပန်းနေပြီး စိတ်ဓာတ်လည်းကျနေမိတယ်။ ဒါပေမယ့်ပြတိုက်ကိုသွားကြည့်မိလို့ဒီလိုကြောင့် အိပ်မက်မက်တာပဲလို့ တွေးလိုက်မိတယ်။ ပြီးတော့ စိတ်ထဲက မေ့ပျောက်ထားလိုက်တယ်။ နောက်တော့ ညဖက်မှာ ထုံးစံအတိုင်း အိပ်ယာဝင်ခဲ့တယ်။ အိပ်ပျော်သွားတော့ ချောက်အိပ်မက်ဆိုးကို ဆက်မက်ပြန်တယ်ဗျာ။

ဒီတစ်ခါမှာတော့ သူမက သေတ္တာရှည်ကြီးထဲမှာ မတ်မတ်ထိုင်နေပြီး သူမရဲ့အဝတ်အစားတွေ စုတ်ပြဲနေလို့ ဖြူဖွေးနေတဲ့ အသားတွေဂုကိုတောင် မြင်နေရတယ်။ ပြီးခဲ့တဲ့ အိပ်မက်တုန်းက သူမကို





နောက်ဆုံးမြင်ခဲ့ရတဲ့ပုံစံအတိုင်းပဲ။

"ရှင်…ကျွန်မ ထနိုင်အောင် ကူညီရမယ်"

သူမက ပြောလိုက်ပြန်သည်။

ကျွန်တော်လည်း အဝေးကို ထွက်ပြေးဖို့ အတတ်နိုင်ဆုံး ကြိုးစားခဲ့တယ်။ အဲဒီနေရာရဲ့မခံမရပ်နိုင်အောင် အေးစိမ့်နေမှုက ကျွန်တော့်ရဲ့အရိုးတွေကိုတောင် စားမျိုပစ်သလို ခံစားရတယ်။ ဒါပေမယ့်သူမဆီကိုကိုယ်ကိုညွတ်ကိုင်းပြီး မကူညီဘဲ မနေနိုင်ခဲ့ပါဘူး။

သူမမှာ ကိုယ်ပိုင်ခွန်အားအချို့ရှိပုံရတယ်။ သူမကို မ.ဖို့ ကျွန်တော် မထိမကိုင်ခင်မှာပဲ သူမရဲ့လက်တွေကို ပင့်မြှောက်လိုက်တယ်၊ ကျွန်တော် ကိုယ်ကို ကိုင်းလိုက်စဉ်မှာပဲ ကျွန်တော့်ရဲ့လည်ပင်းတွေကို သိုင်းဖက်လာတယ်။

သူမဆီက ထွက်ပြေးဖို့ ချိချိနဲ့နဲ့ပဲ ကြိုးစားမိပြန်တယ်။ ဒါပေမယ့် ကျွန်တော့်လည်ဂုတ်ကို ဖက်တွယ်ထားတဲ့ သူမကို ကျွန်တော်ကိုယ်တိုင်ကြိုးစားပြီး ထူမနေမိပြန်တယ်။ ကျွန်တော့်ကိုထိကပ်လာတဲ့ သူမရဲ့အသားတွေက အေးစက်နေတယ်။ ကျောက်ရုပ်တစ်ခုလိုပါပဲ။ ဒါပေမယ့်တဖြည်းဖြည်းပျော့ပျောင်းနူးညံ့လာတယ်။ အဲဒီနောက် သူမရဲ့ရင်ဘတ်နဲ့ထိကပ်နေတဲ့ကျွန်တော့်နှလုံးမှာသူမရဲ့နှလုံးခုန်ခြင်းကိုသိရှိခံစားလာရတယ်။

ကျွန်တော်လဲကျတော့မယ်လို့ ထင်လိုက်မိတယ်။ အလန့်တကြား ထအော်လိုက်တယ်။ ကျွန်တော်ကုတင်ပေါ်မှာ ထထိုင်လျက်သားနဲ့နိုးလာတယ်။

ကျွန်တော့်ဇနီး နိုးလာတယ်။ မီးခလုတ်ကို ဖွင့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

သူမက ကျွန်တော် ညစာမှာ ပဲပါတဲ့ဟာတွေ အစားများလွန်းလို့ အစာမကြေဖြစ်တာဆိုပြီး အစာကြေဆေးတွေ ဖျော်တိုက်တယ်။ ကျွန်တော့်အားနဲ့ ပင်ပန်းလွန်းလို့ကုတင်ပေါ်က မနည်းထခဲ့ရတယ်၊ ဒါပေမယ့် သူမက တဖျစ်တောက်တောက် ပြောနေတုန်းပဲ၊ သူမကို အမှန်အတိုင်း ပြောဖို့ ကျွန်တော်ကြိုးစားပါတယ်။ ဒါပေမယ့် သူမက လက်မခံခဲ့ဘူး။

အဲဒီအတွက် မောမောပန်းပန်းနဲ့ပဲ ကျွန်တော်အိပ်ပျော်သွားပြန်တယ်။ နောက်နေ့နံနက်ကျတော့ ကိုယ့်ကိုယ်ကို လူသေတစ်ဦးလိုပဲ ခံစားနေမိတယ်။ အလုပ်သွားရတာတောင် ခြေဒရွတ်ဆွဲနေသလိုပဲ။ ဒါပေမယ့် ရုပ်ပုံတွေကို ကော်လံဖြည့်ရတာတောင် အပန်းတကြီးဖြစ်နေရတယ်။ သူဌေးကတော့ စိတ်ဆိုးတာပေါ့၊ ကျွန်တော်လည်း တတ်နိုင်သမျှ ကြိုးစားပြီး လုပ်ပေးခဲ့တယ်။

အဲဒီနေ့ ညနေပိုင်း (မနေ့က ညနေ) မှာတော့ ကျွန်တော် ဒီညမှာ မအိပ်ဘဲ နေရရင်ကောင်းမှာပဲလို့ စဉ်းစားမိတယ်။ လမ်းထဲမှာ နေဝင်သွားတဲ့အချိန်ထိ လမ်းလျှောက်နေမိတယ်။ ကျွန်တော့်ဇနီးကတော့ ဘာမှမသိရှာပါဘူး။ ကျွန်တော်နဲ့အတူ လမ်းလိုက်လျှောက်ရှာပါတယ်။

ကျွန်တော့်ဇနီးက ကျွန်တော်မရှိရင် ညဖက် အိပ်ယာဝင်လို့မရဘူး၊ အစွဲတစ်ခုပေါ့၊ ဒါကြောင့် အိပ်ယာဝင်ချိန်ကျရင် သူက ခေါ်တော့တာပဲ။ အဲဒီညက ဆယ်နာရီခွဲလောက်မှာ အိပ်ယာဝင်ဖြစ်ခဲ့တယ်။

ကျွန်တော်အိပ်ပျော်သွားတာနဲ့ အိပ်မက်မက်တော့တာပါပဲ၊ ဒီတစ်ခါတော့ ဘုရားကျောင်းအောက်ဖက် သချိုင်းလိုဏ်ထဲ ရောက်သွားချိန်မှာ ရွှေရောင်ဆံပင်နဲ့ အမျိုးသမီးက တစ်ဖက်မှာ ရပ်စောင့်နေတယ်၊ ကျွန်တော် သူမကို မကြည့်မိဖို့ ကြိုးစားပါတယ်။ ကြောက်လည်း





အတော်ကြောက်နေမိတယ်၊ ဒါပေမယ့် ခေါင်းအနားမှာ ရပ်မိတော့ သူမက လက်တွေကို ဆန့်ရင်း ကျွန်တော့်ရင်ခွင်ထဲ တိုးဝင်လိုက်တယ်။ သူမ စကားပြောလိုက်တယ်လို့ ခံစားလိုက်ရတယ်။

"ရှင်…ကျွန်မကို ဒီက ထွက်လို့ရအောင် ကူညီရမယ်"

နောက်တစ်မိနစ်လောက်ကြာတော့ သူမက ခေါင်းထဲက ခုန်ထွက်လိုက်တယ်။ သူမ ထအခုန်မှာ ကျွန်တော်လည်း ထွက်ပြေးဖို့ ကြိုးစားတာပါပဲ၊ ဒါပေမယ့် သူမရဲ့သိုင်းဖက်ထားတဲ့လက်တွေကြောင့် ပြေးလို့မရခဲ့ဘူး။

သူမရဲ့လက်တွေကို ဖြည်ထုတ်ဖို့ ကြိုးစားခဲ့ပေမယ့် သူမရဲ့မျက်နှာက ကျွန်တော့်မျက်နှာနဲ့ နီးကပ်လာတယ်။ အတော်လှတယ်။ ဒါပေမယ့် လူသားတစ်ဦးရဲ့အလှမျိုး မဟုတ်ဘူး။ ကျွန်တော်ပြောတာ ဒေါက်တာ နားလည်မလား မသိဘူး။ မြင်ဖူးခဲ့သမျှ အမျိုးသမီးတွေမှာ အလှဆုံးဖြစ်ပေမယ့် သူမရဲ့မျက်နှာက မကောင်းဆိုးဝါးရဲ့အသွင်မျိုး။

"ကျွန်မကို ကူပြီးထုတ်ပေးပါ။ ကျွန်မကို ကူပြီးထုတ်ပေးပါ"

သူမ၏ဖြူဖွေးနေသော သွားများကြားမှ ထွက်သော အော်သံဖြင့် အော်လိုက်တယ်။ ကျွန်တော့်ကို ဆုပ်ကိုင်ထားတဲ့ လက်တွေက သံမဏိလိုပဲ မာကျောနေတယ်။

"ကျွန်တော် မတတ်နိုင်ဘူး" လို့ ကိုယ့်ဖာသာ အော်ပြောဖို့ ကြိုးစားလိုက်ပေမယ့် ကျွန်တော့်နှုတ်ခမ်းတွေက အသံထွက်မလာဘူး။ ပါးစပ်တောင် မဟနိုင်ခဲ့ဘူး။

"မင်းက အခု ကိုယ့်ထက် သန်မာနေတာပဲ၊ မင်းကသာ ကိုယ့်ကို ကူညီရမှာပဲ" လို့ ကျွန်တော်အားတင်းပြီး ပြောလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ရယ်မောလိုက်တယ်။ ဒီလိုရယ်သံမျိုး ကျွန်တော့်ဘဝမှာ တစ်ခါမှ မကြားခဲ့ဖူးဘူး၊ သူမဆီက ရုန်းထွက်ဖို့ အားကုန်ကြိုးစားရင်း အခန်းရဲ့အလယ်ဆီ ရောက်လာခဲ့တယ်။

"လေ့ခါးပေါ်တက်...လေ့ခါးပေါ်တက်"

သူမက အသက်ရှူသံမြန်မြန်နဲ့ အော်ပြောနေပြီ၊ သူမရဲ့ မျက်လုံးတွေကလည်း ဘုရားကျောင်းဝင်ပေါက်ပေါ်က မီးတောက်တွေလို ရဲရဲတောက်နေတယ်။

သူမ ကျွန်တော့်ကို ဆုပ်ကိုင်ထားတာ ပိုတင်းကျပ်လာတယ်လို့ ခံစားလိုက်ရတယ်။ သူမရဲ့လက်သည်းတွေက ကျွန်တော့်လက်မောင်းတွေ ပခုံးတွေထဲ လုံးဝနစ်ဝင်နေသလိုပဲ၊ စက္ကန့်တိုင်းမှာ ကျွန်တော့်ရဲ့ခွန်အားတွေကို သူမက စုပ်ယူနေတယ်လို့ ခံစားနေရတယ်။ ကျွန်တော့်ဒူးတွေ ညွှတ်ကျလာနေတယ်၊ သူမလက်က ဘယ်လိုမှ မလွှတ်နိုင်တော့ဘူးဆိုတာ အသေအချာ သိနေမိတယ်၊ ကျွန်တော် ဒီဘဝမှာ ဘယ်တော့မှ မနိုးထနိုင်တော့ဘူးလို့ ထင်မိနေတော့တယ်၊

ကျွန်တော်မှတ်မိသလောက် နောက်ဆုံးအနေနဲ့ အားကုန်ထုတ်ပြီး ကြိုးစားပြီးရုန်းထွက်ကြည့်လိုက်တယ်၊ ဒါပေမယ့် မျက်လုံးထဲမှာ အမှောင်ကျသွားသလိုပဲ၊ ပတ်ဝန်းကျင်တစ်ခုလုံး မဲမှောင်ကျသွားတော့တယ်။ နောက်တော့ မှတ်မိသလောက် ကုတင်အောက် ကျပြီး လဲလျောင်းရက်သားကနေ ရွေ့လျားဖို့တောင် မတတ်နိုင်အောင် အားနည်းနေတယ်၊ ဇနီးသည် ရှိတဲ့ ကုတင်ပေါ် တက်လဲဖို့တောင် အနိုင်နိုင်ဖြစ်နေခဲ့တယ်၊

ကျွန်တော် တက်အိပ်လို့ မရတော့ဘူး။ ကျွန်တော် သူမဆီ



ပြန်သွားရတော့မယ်လို့ တစ်[illegible]ခဲ့ပြန်[illegible]ခံစား[illegible] အခု သူမက သိပ်အားသန်နေပြီလေ၊ ကျွန်တော့်ဆီက အင်အားတွေကို စုပ်ယူပြီး အားကောင်းနေခဲ့ပြီပဲ။ တကယ့် မကောင်းဆိုးဝါးမပါပဲဗျာ၊ သူမက အချိန်ရှိသ၍ သူမဆီ လာဖို့ ခေါ်နေသလိုပါပဲ၊ ကုတင်အောက်မှာလှဲရင်း သွားတွေကိုရော ကာ မျက်လုံးတွေကို အမှောင်ထဲမှာ ခပ်ဟဟ ဖွင့်ထားလိုက်မိတယ်၊ ဒါပေမယ့် ခြေလက်တွေကိုတောင် လှုပ်ရှားဖို့ အနိုင်နိုင် ဖြစ်နေခဲ့ရတယ်ဗျာ၊

မနက်(၅)နာရီလောက် ရောက်တော့မှ အားတင်းပြီး ထလို့ရတော့တယ်၊ မျက်နှာကို ရေအေးအေးနဲ့ သစ်လိုက်တယ်၊ ခွန်အားနည်းနည်းပြန်ရလာသလိုပါပဲလေ၊ ဇနီးသည်ကတော့ သူ့ဖာသာနိုးလာပြီး သူ့ဖာသာ စိတ်တိုနေတယ်။ ကျွန်တော်ကတော့ ဒီအိပ်မက်အတွက်ပဲ စိတ်ပူပန်နေမိတယ်၊ ဒါကြောင့် ကိုယ်လက်တွေ ကိုက်ခဲနေတယ်လို့ ပြောပြီး မီးဖိုထဲ ဝင်ခဲ့တယ်၊ ဒါပေမယ့် အားနည်းနေသလို ခံစားရပြီး ကော်ဖီနှပ်တဲ့အိုးကို မီးဖိုဆီ မ,ယူလာရတာတောင် အတော် အားတင်းပြီးလုပ်ရတယ်၊

အလင်းရောင်ရလာတဲ့အထိ အဲဒီမှာပဲ ရပ်နေမိတယ်၊ ကော်ဖီ သောက်ရတာ ကျွန်တော့်အတွက် အတော်ကောင်းပါတယ်။ အသားအေးအေးအချို့ကို ကိုယ့်ဖာသာ လှီးပြီး အသားသွပ်ပေါင်မုန့် လုပ်လိုက်တယ်၊ တစ်ပတ်လောက် အစာမစားခဲ့ရသူလို အလွန်ဆာလောင်နေတယ်လေ၊ ကိုယ့်ကိုယ်ကိုတောင် အံ့ဩမိရတယ်၊

ကျွန်တော့်ဇနီးကတော့ အိပ်ယာပေါ်ပြန်နှပ်နေခဲ့ပြီ၊ သူ့ဆီ ဘ ဟောက်သံကြားလိုက်ရတယ်၊ အိပ်ခန်းထဲ ကျွန်တော်ပြန်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ နံနက်(၇)နာရီ ထိုးနေပြီ။

ကျွန်တော်တို့ နံနက်စာ စားခဲ့ကြတယ်။ အသားညှပ်ပေါင်မုန့်စား၊ ကော်ဖီသောက်ထားတာတောင် ကျွန်တော် အာသာမပြေနိုင်ခဲ့ဘူး။ အစာအငတ်ခံထားရသူလိုပဲ အတော်ဆာလောင်နေခဲ့တယ်။ နောက် အလုပ်သွားမယ်ဆိုပြီး ထွက်ခဲ့တယ်။ ဇနီးသည်ကတော့ စိတ်ကောက်ပြီးကျန်ခဲ့တယ်။ သူမကတော့ အနည်းဆုံး ကျွန်တော်အလုပ်သွားတယ်လို့ ထင်မိမှာပါပဲ။ တကယ်တော့ ကျွန်တော် ဒီနေ့အတွက် အလုပ်မသွားခဲ့ပါဘူး။ လူသေတစ်ယောက်လို ခံစားနေရတဲ့အတွက် အများပြည်သူသုံး စာကြည့်တိုက်တစ်ခုကိုသွားပြီး တစ်မနက်လုံး အချိန်ဖြုန်းခဲ့တယ်။ နေ့လည်ရောက်တော့ ပန်းခြံတစ်ခုက ခုံတန်းရှည်မှာ ထိုင်ရင်း အချိန်ကုန်ခဲ့ပြန်တယ်။

ကျွန်တော် အလုပ်က ပြန်နေကျအချိန်လောက်မှာ အိမ်ကို ပြန်ခဲ့တယ်။ အသေးအဖွဲ့ကိစ္စလေးတွေဟာ တကယ့်အခက်အခဲကြီးကို ကြုံစေရတယ်ဆိုတာ အဲဒီမှာ နဖူးတွေ့ဒူးတွေ့ ကြုံရတာပဲ။ ဇနီးသည်က ကျွန်တော်အလုပ်မဆင်းတဲ့အကြောင်း အလုပ်ရှင် သူဌေးဆီက တနည်းနည်းနဲ့ ကြားခဲ့ပြီးပြီလေ"

ဆန်းမေယာက စကားကို ရပ်လိုက်သည်။ သူ၏မျက်လုံးများတွင် ခရမ်းရောင်မျက်ကွင်းများ ထနေသည်။ ဒေါက်တာ(ဆရာဝန်)ကို ဦးခေါင်းညွှတ်ပြ၍ တုန်တုန်လှုပ်လှုပ်နှင့် သက်ပြင်းချကာ ပြောလိုက်ပြန်သည်။

"ကောင်းပါပြီ...ဆရာသဘောပဲလေ၊ ကျွန်တော်ပြောတာကို မယုံဘူးမဟုတ်လား၊ ဒါပေမယ့် ကျွန်တော်ကြောက်နေတယ်၊ ဒီလော့ခ်



ပေါ် တက်သွားပြီး အိပ်ခန်းထဲမှာ အိပ်ယာဝင်ရမှာ ကြောက်တယ်ဗျာ"

ဆရာဝန်လေးမှာ ငယ်ရွယ်သေးပြီး အတွေ့အကြုံ နည်းပါးသေးရကား သူ၏ဘဝတွင် မသင့်လျော်သော နယ်ပယ်နေရာတွင်သာ အချိန်များစွာ ကုန်ဆုံးခဲ့ရသူဖြစ်ပေမည်။ သူက ဟားဗက်ဆန်းမေယာ၏ ရောဂါကို ဆန်းစစ်ရန် စဉ်းစားနေသော်လည်း ဆန်းမေယာကား စိုးရိမ်ပူပန်မှုဖြင့် အရက်တစ်ခွက် ထပ်သောက်လိုက်ပြန်သည်။ ဆရာဝန်လေး၏မျက်လုံးက ကုန်တော့မည့် အရက်ပုလင်းဆီ ရောက်သွားလေသည်။ ထို့နောက် ဆန်းမေယာကို ကြည့်လိုက်မိပြန်သည်။ သူ့အနေနှင့် ဤမျှ အရက်သောက်နေသူအတွက် တစ်ရက်နှစ်ရက်ခန့် အချိန်ယူ၍ စဉ်းစားကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

"ကျွန်တော် ခင်ဗျားကို မယုံဘူးလို့ မပြောရသေးပါလား၊ ဒါပေမယ့် ခင်ဗျားကြုံနေရတဲ့ကိစ္စမျိုးကို ကျွန်တော် အတွေ့အကြုံ မရှိခဲ့သေးဘူး၊ ဒီတစ်ညတော့ အိပ်လိုက်ပါဦး၊ ပြီးရင် နောက်နေ့ နံနက်(၁၀)နာရီမှာ ကျွန်တော့်ဆေးခန်းကို လာခဲ့ပါ"

"ဒါပေမယ့် ဆရာနားမလည်ပါဘူး"

ဆန်းမေယာက အလောတကြီး ပြောလိုက်သည်။

"ဒီနေ့ညမှာ ကျွန်တော် မအိပ်ချင်ဘူး၊ ဒီလိုနေရာမျိုးကိုလည်း ကျွန်တော် ထပ်မရောက်ချင်တော့ဘူး၊ အဲဒီမကောင်းဆိုးဝါးမက ကျွန်တော့်အသက်ကို ဆွဲယူသွားတော့မှာ၊ ကျွန်တော်အိပ်လိုက်ရင် ဘယ်တော့မှ ပြန်နိုးတော့မှာ မဟုတ်ဘူးနော်"

အခန်းအထက်ကြမ်းပြင်မှ ပြင်းထန်သော ခြေလှမ်းသံကို ကြားလိုက်ကြရသည်။ အမျိုးသားနှစ်ဦးသားတို့ မျက်နှာကျက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



မျှော်ကြည့်လိုက်မိကြသည်။

"ဒါ...ခင်ဗျားဓနီးပါ"

ဆရာဝန်က ပြောလိုက်လေသည်။

"ခင်ဗျားဒီဘာရိုဟိုက်ဆေးပြားလေးတွေကိုသောက်လိုက်ရင် တကယ်ပိုကောင်းသွားမှာပါ"

ဆရာဝန်က အိတ်အမည်းထဲမှဆေးပုလင်းတစ်ခုကိုထုတ်ယူကာ သူ၏လက်ဝါးထဲသို့ ဆေးပြားအချို့သွန်ချပေးလိုက်သည်။

ဟားဗတ်ဆန်းဓမယာ၏ခန္ဓာကိုယ်သည် ရုတ်တရက် မာတောင့်တောင့်ဖြစ်သွားလေသည်။ သူ့အတော် စိတ်မာတ်ကျသွားပုံပေါ်သည်။ သူ၏မျက်လုံးအစုံမှ ဖျားနာနေသူ၏အရောင်မျိုး မှိန်ထိမ်ထိုင်းမှိုင်း၊ စိတ်ညှိုးငယ်ဟန်များဖြင့် ဆရာဝန်အား ပြန်ကြည့်နေလေသည်။

ထို့နောက် ခွန်အားပင် မရှိတော့သော အသွင်မျိုးဖြင့်...

"နေပါစေတော့...ကျေးဇူးတင်ပါတယ်၊ ဆရာ ကျွန်တော့်ကို မယုံကြည်နိုင်ပေမယ့်ကျွန်တော်ကြုံနေရတာတော့အမှန်ပါပဲ" ဟုပြောလိုက်လေသည်။

ဆရာဝန်က သူ၏လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်ရင်း...

"ဘုရားသခင် စောင်မပါစေ၊ အခု ည(၁၁)နာရီ ထိုးနေပြီ၊ ကျွန်တော်အမြန်ပြန်ရတော့မယ်၊ သနားစရာ ကလေးအမေ တစ်ယောက် ခရိုင်သူနာပြုဆရာမတစ်ယောက်နဲ့ပဲ ကလေးမွေးရတော့မှာ၊ ကျွန်တော်သွားကူညီရဦးမယ်"





"အသက်(၁၁၀) ဆိုတာ ထူးခြားဆန်းပြားပါတယ်၊ မဟုတ်ဘူးလား ဒေါက်တာ"

ဆန်းဓမယာက ခပ်ဖြည်းဖြည်းလေး ပြောလိုက်သည်။

"လူတစ်ဦး ဒီလောကက ထွက်သွားချိန်မှာ နောက်တစ်ဦးကတော့ အမြဲတမ်း ဝင်ရောက်နေရာယူလာတာပဲလေ"

"ဘာလဲဗျ"

ဆရာဝန်လေးက ပြောပြောဆိုဆိုနှင့် သူ၏ကုတ်အင်္ကျီအညိုရောင်ကြီးကို ဖြန့်ခါ၍ ဝတ်ဆင်လိုက်လေသည်။

"အိုး...ဘာမှမဟုတ်ပါဘူး"

ဆန်းဓမယာက အခန်းလမ်းကျဉ်းလေးမှ လမ်းပြရင်း ပြန်ပြောလိုက်လေသည်။

"ခင်ဗျား ဘာမှားနေလဲဆိုတာ ကျွန်တော်စဉ်းစားကြည့်နေပါတယ်"

ဆရာဝန်လေးက မှတ်ချက်ချရင်း လှေခါးထစ်များမှ ဆင်းသွားလေသည်။

"နောက်နေ့နံနက်မှာ တွေ့ကြသေးတာပေါ့ဗျာ"

"ကျေးဇူးပဲ ဒေါက်တာ"

ဟားဗတ်ဆန်းဓမယာက ပြန်၍နှုတ်ဆက်လိုက်သည်။

"ဒီည ဒေါက်တာ့ကို ခေါ်ယူရတာ ကောင်းပါ့တယ်... ကောင်းသောညပါ"

သူ တံခါးပိတ်လိုက်ပြီးသည်နှင့် လှေခါးအထက်မှ ဖနီးဖြစ်သူ၏ပိတ်တိုသောအသံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟားဗတ်...တက်မလာသေးဘူးလား"

"တက်လာပါပြီကွယ်...ခဏလေးပါကွာ"

သူက အခန်းဆီသို့ နောက်ပြန်လှည့်ကြည့်ရင်း ခပ်တောင့်တောင့်ဟန်ဖြင့် နောက်ဆုံး ဝီစကီဖန်ခွက်ကို ငုံ့သောက်လိုက်လေသည်။

မှန်ထဲမှာ ပေါ်နေသော သူ၏စိတ်ကယောင်ချောက်ချားကြည့်နေပုံကို စိုက်ကြည့်လိုက်သည်။ သူ၏ပါးပြင်တွင် အရေးအကြောင်းများ ထ၍ အိုစာဖျော့တော့နေသည်ကို တွေ့လိုက်ရသည်။

"အိုး...ဘုရားသခင်၊ သူမ ငါ့ကိုယူတော့မယ်၊ သူမလာနေပြီ...ငါသိတယ်"

သူကြောက်လန့်တကြား ရေရွတ်လိုက်သည်။

ထို့နောက် သူ၏မျက်နှာပြင်တွင် မဲ့ပြုံးရိပ် စွန်းထင်သွားပြီး ပဟေဠိဆန်သောအသံဖြင့် တစ်စုံတစ်ရာကို ရေရွတ်ပြောဆိုလိုက်လေသည်။

"ဒေါက်တာကို ဖရန့်စ်ဒေါ်ဆင်ရဲ့အကြောင်း ငါ ဘာ့ကြောင့်များ ပြောမိပါလိမ့်၊ သူ တရုတ်ပြည် ဒါမှမဟုတ် ရပ်ဝေးတစ်နေရာရာကို သွားတယ်လို့၊ တကယ်တော့ သူသေခဲ့ပြီပဲ၊ ငါ့ကြောင့် သေခဲ့ပြီပဲ၊ ဒါပေမယ့် ဒီလောက် နှစ်တွေကြာပြီးမှ အခု သူ ငါ့ဆီ ပြန်ရောက်လာပြီ၊ ငါ့ကို လာခေါ်နေပြီ၊ ဒီ အသက် အသက်ချင်း ပေးဆပ်ရမယ်ဆိုတဲ့ ရှေးသမ္မာကျမ်းဟောင်းရဲ့အဆို မှန်ပြီပဲ"

သူက ဝီစကီ ငုံ့ထားသော ဖန်ခွက်ကို ရေမရောဘဲ ကောက်သောက်ချလိုက်သည်။ သူ၏လည်မျိုတွင် မီးတိုက်ကဲ့သို့ ပူဆင်းသွား





သည်။

"ဟားဗတ်"

လှေခါးထက်မှ ဖနီးသည်၏ဒေါသတကြီး အော်ခေါ်လိုက်သံ ပေါ်လာပြန်သည်။

"အခု ဇနီးသည်ဆီ သွားဖို့ပဲ တွေးလိုက်တာ ကောင်းမယ် ထင်တယ်"

သူ့ဖာသာ ခပ်တိုးတိုး ရေရွတ်ပြောဆိုလိုက်သည်။

"ဟားဗတ်"

ဒေါသတကြီး အော်ခေါ်သံ ထွက်ပေါ်လာပြန်သည်။

"ကောင်းပြီ...ငါလာပါပြီကွာ"

သူက ပြန်၍အော်ပြောလိုက် သည်။

ထို့နောက် ဟားဗတ်ဆန်းမေယာသည် စည့်ခန်းကို နောက်ဆုံး လှည့်ကြည့်လိုက်ပြီး ခါတ်ငွေ့ပိုက်ကို ပိတ်ကာ အိပ်ယာဝင်ရာ လှေခါးပေါ်သို့ တက်သွားလေတော့သည်။

ပြီးပါပြီ

ကျမ်းကိုး။ ။ Quiver of Horror(Tales of Strange Happening) မှ QDENNIS WHEATLEY ၏ A Life for A Life ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဝေယံလင်းခေါင်

## ကိုယ်တွေ့ကြုံမှယုံလေသူ

ကျွန်ုပ် ရန်ကုန်ရောက်သော နှစ်ကို ကောင်းစွာမမှတ်မိ၊ ဆဋ္ဌ သံယာယနာ တင်ပြီးစဟုသာ မှတ်မိနေသည်။

ထိုသို့မှတ်မိနေခြင်းမှာလည်း ကျွန်ုပ်နေသော စမ်းချောင်းရှိ လူကြီးများလိုလို ပြောဆိုနေကြသံ ကြား၍ မှတ်မိနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးများပြောကြသည်မှာရန်ကုန်၌အစည်ကြီးသုံးစည်ရှိခဲ့သည်။ ပထမအစည်မှာ ဗိုလ်ချုပ်အောင်ဆန်း အသုဘ ဖြစ်သည်။ ဒုတိယအစည်ကားဆုံး အသုဘမှာ မင်းသမီးမေရီမြင့် အသုဘဖြစ်သည်၊ နောက်ဆုံးအစည်ဆုံးပွဲကြီးမှာ ဆဋ္ဌသံဃာယနာတင် ပွဲတော်ကြီး ဖြစ်သည်။

ထိုအချိန်က ကျွန်ုပ်သည် စမ်းချောင်းရှမ်းလမ်း၌ နေရာ စမ်းချောင်း ကြည့်မြင်တိုင်ရှိ အိမ်တိုင်းတွင် ဆဋ္ဌသံဃာယနာတင်ပွဲတုန်းက ဧည့်သည်မရှိသောအိမ်ဟူ၍ တစ်အိမ်မှ မရှိဟု ပြောနေကြသံကို ကြားခဲ့ရသည်။

တစ်ခါမှ ဗလာပွဲ မကပြသော ရွှေမန်းတင်မောင်ဇာတ်နှင့် စိန်အောင်မင်းဇာတ်တို့သည် ဆဋ္ဌသံဃာယနာပွဲတွင် ဗလာပွဲ ကပြကြသည်။

ထိုပွဲ၌ပင် ရွှေမန်းတင်မောင်အား အလင်္ကာကျော်စွာဘွဲ့ကို နိုင်ငံတော်က ချီးမြှင့်သည်၊ မင်းသားစိန်အောင်မင်းကိုလည်း ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်သည်ဟု ဆိုသည်။

(၁၉၅၈)ခုနှစ်တွင် နိုင်ငံတော်အစိုးရက "လက်နက်နှင့်ငြိမ်းချမ်းရေးကို ညီအစ်ကိုတွေ အမြန်လဲဖို့ရန် တောထဲက သူပုန်တွေရယ် ရဂုံမြေ စုံခြေက ထွက်ခဲ့ကြ" ဟု ငြိမ်းချမ်းရေး ဖိတ်ခေါ်သောအခါ ရဲဘော်ဖြူများ လက်နက်ချ အလင်းဝင်ကြသည်။

ထိုစဉ်က ကျွန်ုပ်သည် အာလာဒင်မီးခွက် ပြောင်းလုပ်သော ဖန်ချက်စက်ရုံမှ အလုပ်ပြုတ်သဖြင့် ယောင်ချာချာဖြစ်နေသည်။

တစ်နေ့ လေဟာပြင်ဈေး၌ နှစ်ကျပ်တန် ရှမဝ၊ မြဝတီ





ငွေတာရီ၊ သွေးသောက်၊ မဂ္ဂဇင်းအဟောင်းများကို ပြား(၅၀)နှင့် ရွေးဝယ်နေရာ စာအုပ်အဟောင်းဆိုင်၌ ဦးအေးသန်းကို အမှတ်မထင်ဘဲ တွေ့ရသည်။

ကျွန်ုပ်မှာ လူငယ်ဖြစ်သဖြင့် ဦးအေးသန်းကို ကောင်းစွာမှတ်မိသလို ဦးသန်းအေးကလည်း ကျွန်ုပ်ကို ကောင်းစွာမှတ်မိသည်။

ကျွန်ုပ်အား ဦးသန်းအေး မှတ်မိနေသည့်အကြောင်းမှာ သူတောခိုနေတုန်းက ကျွန်ုပ်တို့အိမ်မှာ ဦးအေးသန်း၏စားအိမ်သောက်အိမ်ဖြစ်သည်။ အစ်ကိုကြီးတို့နှင့် တစ်ဖွဲ့တစ်ပါတီတည်း ဖြစ်သည်။

ဦးအေးသန်း ကျွန်ုပ်တို့ရွာသို့ ရောက်လာခြင်းမှာ ရဲဘော်ဖြူနိုင်ငံရေးသမားဟူသော ဂုဏ်ထူးနှင့်ဖြစ်သည်။ ခါးမှာ ခြောက်ချိတ်တပြည့်နှစ်ယောက်နှင့် ရွာစဉ်လှည့်နေခဲ့သူဖြစ်သည်။ ကျွန်ုပ်တို့ နယ်တစ်ဝိုက်တွင် ဦးအေးသန်း(ထိုစဉ်က ဗိုလ်အေးသန်းလူငယ်)သည် ဗညာတတ်ရဲဘော်ဖြူဗိုလ်ဖြစ်သည်။ သူ၏ဇာတိမှာ မြေလတ်ပိုင်းကဟု သိရသည်။ ရန်ကုန်တက္ကသိုလ်တွင် အိုင်အေ၊ ဒုတိယနှစ် ပညာသင်နေရာက တောခိုလာသော တကသ ကျောင်းသားဟောင်းဖြစ်သည်။

(၁၉၅၈)ခုနှစ်တွင် ရဲဘော်ဖြူများ လက်နက်ချတော့ သူရန်ကုန်ရောက်လာသည်။ ကျွန်ုပ်နှင့် တွေ့ချိန်တွင် ကလေးနှစ်ယောက်အဖေ၊ ရာထူးဌာနနန္တရှနှင့် အစိုးရအရာရှိကြီးဖြစ်နေသည်။

သူသည် ရန်ကုန်တက္ကသိုလ်ထွက် ခေတ်ပညာတတ်ဖြစ်သဖြင့် အလင်းဝင်လာသောအခါ အစိုးရက ရာထူးပေးထားခြင်းဖြစ်သည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်သည် အလွန်နာမည်ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com

မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားတို့က ရန်ကုန်တက္ကသိုလ် လာတက်ကြသော ကျောင်းသားကျောင်းသူများ ရှိသည်။ ရန်ကုန်တက္ကသိုလ်က ဘွဲ့တစ်ခုခု ရသွားလျှင် အရှေ့တောင်အာရှ၌ အလွန်ဂုဏ်ရှိသည်။ ရန်ကုန်တက္ကသိုလ်ထွက် ဘွဲ့ရများကို အရှေ့တောင်အာရှ၌ အလုပ်ခေါ်သည်။ မလေးရှားကဆိုလျှင် ရန်ကုန်ဆေးကျောင်းထွက် ဆရာဝန်များကို နှစ်စဉ်လိုလို ငါးယောက်ခြောက်ယောက် ခေါ်ခန့်လေ့ရှိသည်။ ထိုသို့သော အခြေအနေကြောင့်လည်း ရန်ကုန်တက္ကသိုလ်ထွက် ဦးအေးသန်းတို့ကို မိမိတို့ အစိုးရက ရာထူးဌာနန္တရ ပေးထားခြင်းဖြစ်သည်။

ဦးအေးသန်းသည် နိုင်ငံတော်အစိုးရက ပေးထားသည့် ရန်ကင်းတိုက်ခန်း၌ နေနေသည်။

ကျွန်ုပ်ကို လဟာပြင်စျေး၌ ညစာကျွေးကာ သူတို့တိုက်ခန်းသို့ သူ့ကားနှင့် ခေါ်သွားသည်။ သူ့မိန်းမနှင့် မိတ်ဆက်ပေးသည်။ သူ့အိမ်တွင် တစ်ညအိပ်နိုင်းသည်။ ရွာက မိဘဆွေမျိုးများနှင့် သူ့သူငယ်ချင်း အစ်ကိုတို့အကြောင်း မေးသည်။ ကုန်ခဲ့သော နွေလက အစ်ကိုကြီး ဒုလ္လဘဝတ်ကြောင်း ပြောပြလိုက်မိပြီးမှ အားနာသွားသည်။

သူ့အိမ်တွင် ဘုရားစင်မရှိ။ ဘုရားရှိခိုးသံလည်း မကြားသဖြင့် ကျွန်ုပ်တို့ဆီ၌ နေစဉ်ကကဲ့သို့ လက်ဝဲအယူအဆကိုမူ လက်နက်ချလာသော်လည်း မစွန့်လွှတ်သေးမှန်း သိရသည်။ သူပုန်ဘဝကိုသာ စွန့်လွှတ်သော်လည်း သူကား ယခုအထိ လက်ဝဲအယူအဆကို မစွန့်လွှတ်သေးသည်မှာ ထင်ရှားသည်။

ကျွန်ုပ်မှာ လူငယ်သာ ဖြစ်သဖြင့် ထိုကိစ္စကို သူနှင့် ဘာမှ





ပြောဆိုဆွေးနွေးစရာ မရှိပေ။

သည်လိုနှင့် နောက်တစ်နေ့အကြာမှာ ဝေဖဏ်ဝင် အရာရှိ တစ်ယောက် ထောက်ခံချက်ပါမှ ထိုခေတ်အခေါ်ပြောတာ၊ ပြွန်းရုံးအကူ ရမည်ဆိုသဖြင့် ဦးအေးသန်းဆီ ထောက်ခံစာ သွားတောင်းရသည်။ ထိုအခါမှာတော့ ဘုရားဆောင် အကျအနန၊ ဘုရားဆောင်ပေါ်ရှိ ဒကွ်ကာသာခါ ရုပ်ပွားတော်ရှေ့တွင် ပန်းတွေ့ တဝေဝေ၊ သောက်တော်ရေက ငါးခွက်၊ သစ်သီးမျိုးစုံနှင့် အမွှေးတိုင်ထုပ်ကိုလည်း တွေ့နေမြင်နေရသည်။

ကျွန်ုပ်တို့အရပ်ထဲတွင် ရဲဘော်ဖြူဘဝနှင့် ရှိခဲ့စဉ်က ရဟန်းသံဃာတော်များကို "သာလှဦး" တွေဟု အမနာပ ပြောသည်။ သာလှဦးဟု သူပြောခြင်းမှာ အသာစီးက နေသည်။ အဦးအဖျားလည်း စားသည်။ ထို့ကြောင့် သာလှဦးတွေဟု သူက ဆိုသည်။

ထိုသို့သော လက်ဝဲအယူအဆ ကြီးမားလွန်းသော ဦးအေးသန်းတစ်ယောက် မည်သို့မည်ပုံ ပြောင်းလဲသွားသည်ကို ကျွန်ုပ်မှာ မတွေးတတ်အောင် ဖြစ်ခဲ့ရသည်။

သို့သော် လူငယ်ဖြစ်သဖြင့် မမေးဝံ့။ မိမိကိစ္စပြီးသည်နှင့် ရန်ကင်းက ပြန်လာခဲ့သည်။

နောက်တစ်နေ့တွင် အစ်ကိုကြီး စက်ပစ္စည်းဝယ်ရန် ရန်ကုန် ရောက်လာသည်။

ကျွန်ုပ်က ဦးအေးသန်းနှင့် တွေ့ကြောင်း၊ အလုပ်ကိစ္စအတွက် ထောက်ခံစာ သွားတောင်းရကြောင်း၊ အရာရှိကြီးဖြစ်နေကြောင်း စကားစပ်မိရင်း ပြောပြသောအခါ အစ်ကိုကြီးလည်း ဦးအေးသန်းနှင့် တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com

သူဖြင့် ကျွန်ုပ်ကိုရန်ကင်းတိုက်ခန်းရှိဦးအေးသန်းဆီကို အစ်ကိုကြီးအား လိုက်ပို့ရသည်။

အစ်ကိုကြီးကို တွေ့တော့ ဦးအေးသန်း ဝမ်းသာအားရနှင့် ယခင်တောမှာတုန်းကလိုပင် အစ်ကိုကြီးကိုဖက်လှဲတကင်းပင်။ ကျွန်ုပ် မှာ စက်ရုံလုပ်သား သုံးလေးယောက်နှင့် အခန်းငှားနေရသူဖြစ်ရာ ကျွန်ုပ်ဆီ မတည်းဘဲ သူ့အိမ်၌ တည်းရန် ခေါ်ထားလိုက်သည်။

အစ်ကိုကြီးကလည်း ရှေးဟောင်းနောက်ဖြစ်တွေ ပြောပြီး ဦးအေးသန်းအိမ်၌ ကျန်နေခဲ့သည်။

သူ့ကိစ္စပြီး၍ အရပ်ပြန်ခါနီးမှ ကျွန်ုပ်ဆီ ရောက်လာ၏။

ဦးအေးသန်းသည် အစ်ကိုကြီးအား လိုင်စင်ရရန် လိုလေသေး မရှိ ကူညီလိုက်သည့်အပြင် ယခင်က လက်ဝဲအယူအဆ အစွဲကြီးခဲ့သူ ယခု သူ့အိမ်တွင် ဘုရားစင်နှင့် ဒက္ခိဏာသာခါ ပုံတော်ကို ကိုးကွယ်ခဲ့ရ သည့်အကြောင်း အစ်ကိုကြီးကို ပြောပြသည်ဟု အစ်ကိုကြီးက ကျွန်ုပ် အား တစ်ဆင့် ဖောက်သည်ချ ပြောပြသည်မှာ...





အရောရှိကြီး ဦးအေးသန်းသည် ခါတိုင်းလိုပင် ရုံးက ညနေပြန် လာသည်။ တိုက်ခန်းရှေ့ဝရန်တာတွင် ပက်လက်ကုလားထိုင်တစ်လုံး နှင့် အနားယူ လေညှင်းခံပြီး မှေးနေသည်။ ထိုစဉ်...

"မောင်လေး အေးသန်း...မမကြီး သွားတော့မယ်၊ နင်ကတော့ ခုထိ မိုက်တုန်းပဲလား၊ ငါတို့အမျိုးမှာအားလုံး ဘုရားဒကာ ကျောင်းဒကာ တွေချည်းပဲ၊ နင်တစ်ယောက်တည်း ခုထိ မိုက်တွင်းနက်နေတာ၊ နင့်ကို စိတ်မချလို့ မမကြီး လာပြောရတာ၊ နင်လိမ္မာရစ်ပါတော့ မောင်လေး ရယ်၊ မမကြီး သွားပြီနော်"

သူ့မမကြီး ရန်ကုန်လာလျှင် ကန်တော်လေးရှိ ဒေါ်လေးတို့ အိမ်မှာ အရင်တည်းသည်။ ပြီးတော့မှ သူတို့အိမ် လာ၍ တစ်ညနှစ်ည အိပ်တတ်သည်။ ဦးအေးသန်း တိုက်ခန်းက တောအမြင့်မှာ ကျဉ်းသည်။ ကလေးက သုံးယောက်ဆိုတော့ အစ်မအပျိုကြီး မျက်စိနောက်ပုံ ရသည်။ ဦးအေးသန်းကလည်း ကလေးတွေကို ခေတ်မီအောင် မှန်တာ ကို ပြောရဲဆိုရဲ လုပ်ရဲအောင် ပြောင်းဆန်အောင် ဆော့ကစားတက်က


www.burmeseclassic.com

www.burmeseclassic.com

အစ လွှတ်ပေးထားရာ နည်းနည်းကြီးလာတော့ ကလေးတွေက မိဘကို ပင် ပြန်ဆုံးမလာကြသည်။ ဤသည်ကို အပျိုကြီးမမ မျက်စိနှင့် မတွေ့။ ထို့ကြောင့် အလွန်ချစ်သော သူ့မောင်လေးအိမ်တွင် အစ်မကြီးက နစ်ညပြည့်အောင်ပင် မအိပ်မနေပေ။

ထို့ကြောင့် ရန်ကုန်လာသော သူ့အစ်မကြီးသည် ကန်တော်လေးရှိ ဒေါ်လေးတို့အိမ်၌သာ တည်းပြီး သူ့ဆီ လာရောက်ပြောသည်ဟုပင် ရုတ်တရက် ထင်မိလိုက်သည်။ သူ့ကိုအလွန်ချစ်သော သူ့အစ်မကြီးသည် သူအလုပ်က ပြန်လာပြီး ဝရန်တာတွင် မှိန်းနေသည်ဆိုသဖြင့် မန္တနိုင်းဘဲ အိမ်က မိန်းမ ကလေးတွေနှင့် စကားပြောပြီး ကန်တော်လေးကို ပြန်ရန် အပေါက်ဝက လာပြောသွားတာလားလည်း ထင်မိလိုက်ပြန်သည်။

သူအိပ်ပျော်နေရာက လန့်နိုးလာခြင်းမဟုတ်၊ မှိန်းနေခြင်းသာ။

သူ့အစ်မကြီးအသံကို ကြားလိုက်ရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

စောစောက တံခါးဝတွင် မတ်တတ်ရပ် လာပြောနေသော သူ့အစ်မကြီးကို မတွေ့ရ။ ချက်ချင်းထပြီး ဧည့်ခန်းကို ဝင်လာကြည့်သည်။ ဧည့်ခန်းမှာလည်း သူ့အစ်မကြီးကို မမြင်ရ။

"မမကြီး" ဟုပင် ပါးစပ်က ယောင်ပြီး အသံထွက်သွားသည်။

သူ့စိတ်ထဲက အတော်ဇဝေဇဝါဖြစ်သွား၏။ ရုပ်ကိုလည်း လျှပ်တပြက် မြင်လိုက်သည်။ အသံကိုလည်း ပီပီသသပင် ကြားလိုက်ရသည်။





သို့သော်ယခု သူ့အစ်မကြီးကို မတွေ့ရတော့။ တိုက်ခန်းတံခါးကို အလျင်စလို ဖွင့်ပြီး လှေခါးနှင့် လမ်းဘက် အိမ်ရှေ့ကို ကြည့်သည်။ သူ့အစ်မကြီး ဆင်းသွားသည်ကို မမြင်ရ။

ညနေစာ ချက်ပြုတ်နေသော သူ့မိန်းမရှိရာ မီးဖိုထဲ ဝင်လာသည်။ သူ့မိန်းမကို ချက်ပြုတ်နေ၍ တွေ့ရ၏။

"မမကြီး လာသွားလား"

ဟု သူ့မိန်းမကို မေးသည်။

ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေသော သူ့မိန်းမက သူ့ကို အံ့သြသလို တစ်ချက်လှည့်ကြည့်ပြီး...

"စောစောက မမကြီးကို ရှင်...ခေါ်သံကြားလိုက်မိသလား၊ လို့"

ဟုသာ ဆိုသည်။

စိတ်ထဲက တစ်မျိုးကြီးဖြစ်သွားသဖြင့်...

"ခြော်...ခြော်"

ဟုသာပြောပြီး စောစောက မှိန်းနေခဲ့သော ပက်လက်ကုလားထိုင်မှာ လာထိုင်သည်။ သူ့စိတ်က ဆောက်တည်ရာမရ ဖြစ်နေပြီ။

မကြာမီ ကလေးတွေ ကျောင်းက ပြန်လာကြသည်။

"ညနေထမင်းစားပြီးတာနဲ့ ရွာကို သွားကြမယ်၊ အဝတ်အစားတွေ ထည့်ထားကြ"

ဟု ပြောလိုက်သည်။

သူ့မိန်းမက အံ့သြတကြီးနှင့်...

"ဘာဖြစ်လို့လဲ...ဘာကြားလို့လဲ"

မေး၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ဖြစ်ကွာ…ထမင်းဟင်းကျက်ရင် ရေမိုးချိုး၊ ထမင်းစားပြီး အဆင့်သင့် လုပ်ထားကြ၊ ရွာကို သွားကြမယ်၊ ငါ ရုံးက ကားတစ်စီး သွားဆွဲလာခဲ့မယ်၊ အားလုံး အဆင်သင့်နော်"

ထိုသို့ပြောပြီး ဦးအေးသန်း တိုက်ပေါ်က ကမန်းကတန်း ဆင်းသွားသည်။

ရုတ်တရက်ကြီး အရပ်ပြန်မည်ဆိုသဖြင့် သူ့မိန်းမက အံ့သြနေသည်၊ ကလေးတွေကတော့ မမျှော်လင့်ဘဲ သူ့အဘိုးအဘွားတို့ဆီ သွားကြမည်ဆိုသဖြင့် ပျော်နေကြသည်။

ဦးအေးသန်း ကားနှင့် ပြန်ရောက်လာသောအခါ အားလုံး အဆင်သင့်ဖြစ်နေပြီ။

"အရပ်သွားမယ်ဆိုလည်း စောစောစီးစီး ပြောတာမဟုတ်ဘူး။ ဘာလေးညာလေး မဝယ်သွားမလို့ကောင်းမလား"

သူ့မိန်းမက ပြောသေးသည်၊

"ဘာမှမလိုဘူး"

တုံးတိတိ ပြောသည်၊

သူကာ ရေလည်းမချိုး၊ ထမင်းလည်း ညနေစာ မစားဘဲ ထွက်လာကြသည်၊





သူတို့ရွာမှာ ရန်ကုန်မန္တလေး ကားလမ်းလေးတွင် ရှိသည်၊ မနက်လေးနာရီကျော်မှာ ရွာကို ရောက်ကြသည်။ အိမ်ရှေ့ကို လှမ်းကြည့်လိုက်ရာ သူတို့အိမ်ရှေ့တွင် မီးတထိန်ထိန်နှင့် စောစောစီးစီး လူတွေကိုလည်း လှမ်းမြင်ရသည်၊ အသက်ကြီးကြပြီဖြစ်သော အမေ အဖေတို့အတွက် ဦးအေးသန်း ရင်ထိတ်သွားသည်။

အိမ်ရှေ့တွင် ကားရပ်ပြီး အိမ်ပေါ်ကို ပြေးတက်လာရာ အလောင်းပြင်ထားသည်ကို မြင်လိုက်ရသည်။

မိဘနှစ်ပါး သူ့ကိုဖက်ပြီးငိုကြ၏။ ဆွေမျိုးတွေကလည်း ဝိုင်းငိုကြသည်၊ တစ်အိမ်လုံး ပွက်လောရိုက်သွား၏။

သူကမူ သူ့အစ်မကြီးအလောင်းကို စိမ်းစိမ်းကြီးကြည့်ပြီး ငုတ်တုတ်မေ့နေရာက သတိဝင်လာသည်။

"ဒီတစ်ခါ သံကြိုးစားက မြန်လိုက်တာ၊ မြို့ကို သံကြိုးရိုက်ဖို့ လွှတ်လိုက်တဲ့ မောင်ကျော်ကြီးတောင် ရွာပြန်မရောက်သေးဘူး"

ဟု ပြောလိုက်သော သူ့ဦးလေးအသံကို ကြားမှ ငုတ်တုတ် သတိမေ့နေရာက သတိဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မကြီး ခြေထောက်ကို နဖူးနှင့် တိုက်ပြီး ရှိက်ကြီးတငင် ငိုချလိုက်သည်။ သို့သော် သူ့အဖြစ်ကိုမူ မည်သူ့ကိုမျှမပြော။

သူ့အစ်မကြီး အသုဘချ ရက်လည်ဆွမ်းသွတ်၍ ရန်ကုန်ပြန်ခါနီးတွင် ဦးအေးသန်းက သူ့ဦးလေး ဦးဘသန်းအား...

"ဦးလေး သိတဲ့အတိုင်းပဲ၊ ရန်ကုန်မကြာမကြာ လာနေတာပဲ၊ ဦးလေးမြင်မှာပေါ့၊ ကျွန်တော့်အိမ်မှာ ခုထိ ဘုရားစင် မရှိသေးဘူး၊ အဲဒါ အိမ်မှာ ဘုရားကိုးဆူ ကိုးကွယ်ချင်တယ်၊ ကျွန်တော် ဘာမှ မလုပ်တတ်တော့ ဦးလေးလိုက်လုပ်ပေးပါလား"

သူ့ဦးလေးကို ထစ်ထစ်အအ ပြောသည်။

တစ်သက်လုံး ဘုရားမရှိ၊ တရားမရှိ၊ ရှေးဘဝ၊ နောက်ဘဝ ဆိုသည်ကိုလည်း မယုံကြည်၊ တဏှော၊ သရဲ၊ ပြိတ္တာဆိုသည်မှာကား ဝေလာဝေးသူ တူတော်မောင် ဦးအေးသန်း၏စကားကို ကြားလိုက်ရသောအခါ သူ့ဦးလေးမှာ အေးသန်း ပြောလိုက်တာမှ ဟုတ်ရဲ့လားဟု အံ့သြပြီး ဦးအေးသန်းမျက်နှာကို ငေးကြည့်နေသည်။

"အိမ်မှာ ဘုရားပူဇော်ဖို့ ဦးလေးလိုက်လုပ်ပေးမှ ဖြစ်မှာ"

သူ့ဦးလေး ဦးဘသန်းမှာ ထခုန်မတတ် ဝမ်းသာသွားသည်။

သူ့ဦးလေးသာမဟုတ် ဦးအေးသန်း၏မိဘနှစ်ပါးနှင့် ဆွေမျိုးများကပါ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဦးအေးသန်း မျက်နှာကို လှမ်းကြည့်နေကြသည်။

ဦးလေးဖြစ်သူကမူ ဝမ်းသာလုံးဆို့ပြီး သူ့အိမ်၌ ကိုးကွယ်ထားသော သက်န်းနက်(သစ်ကနက်)သား ဒက္ခိဏာသာခါ ရုပ်ပွားတော်ကိုပင် ဦးအေးသန်း ကိုးကွယ်နိုင်ရန် တစ်ပါတည်း ရန်ကုန်ပင့်လာသည်။





ရန်ကုန်ရောက်သည်နှင့် ဦးအေးသန်းအိမ်တွင် ဘုရားစင်ပြုလုပ်ကာ ဘုရားအနေကဇာတင်သည်အထိ လုပ်ပေးသွားသည်။

သို့သော် ဦးအေးသန်းကား သူ့အစ်မကြီး ဆုံးခါနီး၌ သူ့အား လာပြောသွားသည့်ကစ္စကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြော။ နောက်ဆုံး သူ့ဇနီးကိုပင် မပြော။ ကျွန်ုပ်အစ်ကိုကြီး လာတော့မှ ယခင်က တစ်ပါတီတည်းဖြစ်သော သေဖေါ်သေဖက် တော်လှန်ရေး လုပ်ခဲ့ကြသော အစ်ကိုကြီးကို ပြောပြသည်။

ဦးအေးသန်းအား အစ်ကိုကြီးကမူ...

"ကဲ...ကဲ...အေးသန်း၊ မင်းလဲ ဖတ်ဖူးပါတယ်၊ ပြင်သစ်သမ္မတ ပွန်ပီဒူက ငယ်စဉ်က ကွန်မြူနစ် မဖြစ်ရင် အဲဒီလူဟာ အသဲနှလုံး မရှိတဲ့လူ၊ အသက်လေးဆယ်ထိ အဲဒီလူ ကွန်မြူနစ် ဆက်ဖြစ်နေရင် ဦးနှောက်မရှိတဲ့လူဆိုကွ၊ ဟုတ်လား အေးသန်း"

အစ်ကိုကြီးက ဦးအေးသန်းအား ထိုစကားပြောခဲ့ကြောင်း ကျွန်ုပ်စာရေးသူအား ပြောပြသွားသည်။

အသက်ခုနစ်ဆယ်ကျော် ဦးအေးသန်းသည် ယခုထိအသက်ထင်ရှား ရှိနေသေးသည်။ ဘုရား၊ တရား၊ သံဃာဝေယျာဝစ္စအလုပ်ကို ဒီရိုးဖလာ ဗုဒ္ဓဘာသာဝင်များထက်ပင် အားထုတ် လုပ်ကိုင်နေသည်ကို တွေ့ရပေသည်။

ဇေယျာလင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# လှမိုး (ပညာရေး)

## တနယ်ကင်းမှူးက ပြောသောကျိန်စာ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့သမိုင်းတွင် လျှမ်းလျှမ်းတောက်ခဲ့သည့်ကိုင်ရို၊ အတိုင်းမသိ ကျယ်ပြောသော၊ မွဲတေဆင်းရဲနေသော ရပ်ကွက်ကြီးများ ဝိုင်းရံထားသည့်အလယ်မှ အနောက်တိုင်း ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်နေသောကိုင်ရို၊ အနောက်တိုင်းဝတ်စုံတွေ ဝတ်စားထားသည့် အီဂျစ်သူဌေးကြီးတွေ၊ အာရပ်သူဌေးကြီးတွေ နေသည့် ကိုင်ရို၊ နိုင်ငံတကာမှ လူဆိုးလူမိုက်၊ ရှေးဟောင်းပစ္စည်း မှောင်ခိုဂိုဏ်းတွေ၊ လူပြန်ပေးဆွဲသူတွေ ပျော်ပါးကျက်စားသည့် ကိုင်ရို၊ ကစားဝိုင်းကြီးတွေ၊ မလုံ့တလုံ့အဝတ်အစား ဝတ်ဆင်ပြီး မီးတထိန်ထိန်နှင့် ကချေသည်တွေ တသဲသဲရှိသည့် ကိုင်ရိုမြို့တော်ကြီး၏ နာမည်ကျော် မဟာမက်အလီ အသင်းတိုက်၏ကပွဲခန်းမတွင် ကျွန်တော်နှင့် မြို့စားကြီး လော့(ဒ)ကာနဗွန်တို့သည် နာမည်ကျော် အီဂျစ်ကော်ဖီသောက်ရင်း စကားလက်ဆုံကျနေကြသည်။ လော့(ဒ)ကာနဗွန်းမှာ ထိုစဉ်က ထူးထူးခြားခြား လူသိများနေသူဖြစ်သည်။

သူနှင့် သူ့မိတ်ဆွေ သမိုင်းသုတေသီ ကာတာတို့သည် လွန်ခဲ့





သောနှစ်ပေါင်း(၃၀၀၀)ကျော်က လျှို့ဝှက်စွာ မြှုပ်နှံထားခဲ့သော အီဂျစ်ဘုရင်ကလေး တူတမ်ခမွန်၏သင်္ချိုင်းဂူကို ဖာရောဖ်တို့၏ချိုင့်ဝှမ်း (Valley of The King's)တွင် ရှာဖွေတွေ့ရှိခြင်းသည် ကမ္ဘာ့သမိုင်းတွင် မဟာတွေ့ရှိမှုကြီးဖြစ်သည်ဟု နိုင်ငံတကာမှ သမိုင်းပညာရှင်များ ရှေးဟောင်းသမိုင်းသုတေသီများက တညီတညွတ်တည်း အကဲဖြတ်ထားခဲ့သဖြင့် သူ့အား ကမ္ဘာ့နိုင်ငံအသီးသီးမှ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြနေသည့်အချိန်ဖြစ်ပါသည်။ တွေ့ရှိရသော အသက်(၁၉)နှစ်အရွယ် တူတမ်ခမွန်ဘုရင်ကလေး၏မံမီရုပ်အလောင်းနှင့်တကွ သင်္ချိုင်းဂူအတွင်းမှ တွေ့ရှိရသော အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သော ရတနာများနှင့် ရှေးဟောင်းအနုပညာလက်ရာပေါင်း(၅၀၀၀)ကျော်တို့ကြောင့် ဤတွေ့ရှိရမှုသည် ပထမဆုံးနှင့် နောက်ဆုံးအကြိမ် တွေ့ရှိရမှုကြီး ဖြစ်နိုင်သည်ဟု ရှေးဟောင်းအနုပညာပစ္စည်း ရှာဖွေစုဆောင်းသူများ၊ သမိုင်းသုတေသီများက ယူဆထားကြ၏။

လော့(ဒ)ကာနာဗွန်(မိတ်ဆွေသူငယ်ချင်းများက ပေ့ါရ်ျဟု ခေါ်ကြပါသည်။)သည် ကျန်းမာရေးချို့တဲ့မှုကြောင့် ဆရာဝန်ကြီးများ၏ အကြံပေးချက်ဖြင့် (၁၉၀၃)ခုနှစ်ကပင် အီဂျစ်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး အီဂျစ်ပြည်ကို စိတ်ဝင်စားလာသည်။ သူသည် ကျောင်းသားဘဝကပင် ရှေးဟောင်းသုတေသနအလုပ်ကို ဝါသနာ ထုံသူဖြစ်သဖြင့် အီဂျစ်နိုင်ငံ ပြည်သူ့လုပ်ငန်းဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာနခွဲမှ ခွင့်ပြုမိန့်ကို ခံယူပြီး ဗြိတိသျှအမျိုးသား ရှေးဟောင်းသုတေသနပညာရှင် ကာတာနှင့် ပူးတွဲကာ တူတမ်ခမွန် ဘုရင်ကလေး၏သင်္ချိုင်းဂူကို



www.burmeseclassic.com

www.burmeseclassic.com



မရမနေ ရှာပုံတော်ဖွင့်ကာ နှစ်ပေါင်းများစွာ တူးဖော်ခဲ့ခြင်းဖြစ်သည်။ အများယူဆကြသလို မတော်တဆ တွေ့ရှိခြင်းမဟုတ်ပေ။ သူတို့နှစ်ဦးသည် သူတို့ဘဝတွင် ဤတူတမ်ခမွန် ဘုရင်ကလေး သင်္ချိုင်းဂူ ရှာဖွေရေးတွင် ငွေအားလူအား စွန့်ခဲ့ရသူများဖြစ်၏။

တူတမ်ခမွန်သည် အသက်ငယ်သော ဘုရင်ကလေးတစ်ပါးသာဖြစ်သည်။ သူသည် သူ့နိုင်ငံကို ကိုးနှစ်တာမျှသာ အုပ်စိုးခဲ့ရပြီး သက်ဘမကောင်းဖွယ်ရာ အကြောင်းကြောင်းကြောင့် ကံတော်ကုန်ရခြင်းဖြစ်သည်၊ သမိုင်းသုတေသီတို့၏ခန့်မှန်းချက်အရ ခရစ်တော် မပေါ်မီ (ဘီစီ - ၃၅၀၀)က ကံတော်ကုန်သည်ဟု ဆိုသည်။ ကာတာနှင့် ကာနာဗွန်တို့ သူ့သင်္ချိုင်းဂူကို ပြန်လည်တူးဖော်ခဲ့သောအခါ သူတို့နှစ်ယောက်နှင့် ဘုရင်ကလေး၏အမည်မှာ ထင်ရှားကျော်ကြားလူသိများလာသည်။

ကျွန်တော်သည် ဤဖြစ်ရပ်များကို တွေးတောရင်း မျက်နှာချင်းဆိုင်ရာ ထိုင်နေသောမြို့စားကြီး လော(ဒ)ကာနဗွန် ကြည့်မိသည်။ သူ့မျက်နှာမှာ ညှိုးနွမ်းလျက်ရှိပြီး အသားအရည်မှာလည်း ဖျော့တော့လျက်ရှိနေသည်။ စူးရှတောက်ပသည့် မျက်လုံးများမှာလည်း နာတာရှည် လူနာတစ်ဦး၏ မျက်လုံးများနှင့် တူနေသည်ဟု ထင်မိ၏။ ခါတိုင်းစကားပြောလျှင် ခပ်ရွှင်ရွှင်နေသော သူ့အမူအရာများမှာ ယူပစ်သလိုပျောက်ကွယ်နေပေပြီ။ သူက တူတမ်ခမွန် ဘုရင်ကလေး သင်္ချိုင်းဂူအတွင်းမှ ပိုးကောင်တစ်ကောင် ကိုက်ရာမှ လွန်ခဲ့သောနေ့ကပင်လည်ပင်း၌ အကြိတ်တွေ ချင်ချင်းရောင်လာပြီး ညက အဖျားတက်လာသည်ဟု ပြောပြသည်။

ကျွန်တော်ကမူ အီဂျစ်နိုင်ငံ၏ပြင်းထန်သော အပူရှိန်ကြောင့်





လည်းကောင်း၊ တူတမ်ခမွန် ဘုရင်ကလေး၏အဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများ ထိန်းသိမ်းရေးကြောင့် စိုးရိမ်သောကများကြောင့် ကျန်းမာရေးထိခိုက်လာသည်ဟု ထင်သည်။ ချက်ချင်းပင် လော့ကာနာဗွန်အား တည်းခိုသည့် ကွန်တီနင်တယ်ဟိုတယ်သို့ပြန်ရန်တိုက်တွန်း၍ ကျွန်တော်နှင့် လမ်းခွဲခဲ့ကြပါသည်၊ နောက်ဆုံးအကြိမ် တွေ့ကြခြင်းဖြစ်သည်ဟု မထင်မိခဲ့ပေ။ သို့သော် ဧပြီလ(၅)ရက်နေ့တွင် လော့(ဒ) ကာနာဗွန်မှာ ဆရာဝန်ကြီးများ အနီးကပ်ကြပ်မတ်နေစဉ် ကွယ်လွန်ခဲ့ရပါသည်၊ သူကွယ်လွန်စဉ် ကိုင်ရိုမြို့တော်တစ်မြို့လုံး လျှပ်စစ်မီးများမှောင်မိုက်သွားသည်။ မည်သည့်အတွက်ကြောင့် လျှပ်စစ်မီးများ ပျက်သွားရသည်ကို အင်ဂျင်နီယာများကိုယ်တိုင် ရှင်းမပြနိုင်၊ ပျက်သွားသော လျှပ်စစ်မီးသည် သူ့အလိုအလျောက် ခဏအကြာတွင် ပြန်လင်းလာခဲ့၏။ ဤသို့ သဘာဝလွန် ဖြစ်ရပ်ဆန်းကို လူအများက တအံ့တသြဖြင့်ဖစရန် ဖြည့်စွက်ဖန်တီးပေးသော သတင်းဆန်းမှာ လော့(ဒ)ကာနာဗွန်၏သားဖြစ်သူ ဗြိတိသျှ ကြည်းတပ်မတော်မှ အရာရှိ ပိုချက်စတာက လန်ဒန်မြို့ နေအိမ်တွင် ရှိနေသော လော့(ဒ)ကာနာဗွန်၏ အချစ်တော်ခွေးကြီးမှာလည်း ကာနာဗွန် ကွယ်လွန်သည့်အချိန်တွင် အူဟောင်ကာ လဲကျသေဆုံးသွားသည်ဟု ဆိုသည်။

အထက်ဖော်ပြပါစာပိုဒ်သည် ကမ္ဘာကျော်အီဂျစ်ရှေးဟောင်းသုတေသနပညာရှင် အလင်ဂါဒနာ ရေးသားပြုစုသော သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ် (My Working Year)မှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာ ပြန်ဆိုရေးသားဖော်ပြခဲ့ခြင်းဖြစ်ပါသည်၊ တူတမ်ခမွန်ဘုရင်ကလေး၏ကျိန်စာသင့်ခဲ့သည်ဟူသော ဖြစ်စဉ်များသည် နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

(၈၀)ကျော်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိ ဂယက်ရိုက်ခတ်ခဲ့ပြီး သိပ္ပံပညာရှင်များ၊ သမိုင်းသုတေသီများ၊ ဆေးပညာရှင်များအတွင်း အငြင်းပွားပြီးပွားဆဲဖြစ်ပါသည်။ စာရေးဆရာများအဖို့ ရေးကွက်များ ရခဲ့ပြီး ဤကျိန်စာနှင့် ပတ်သက်သော ဆောင်းပါးများ၊ ဝတ္ထုများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသားခဲ့ကြပြီးဖြစ်ပါသည်။ (၁၉၇၇)ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုတစ်ခုတွင် တူတမ်ခမွန်ဘုရင်ကလေး၏ကျိန်စာသင့်ခံရသူဟု သတင်းကြီးခဲ့သော ဂူဖွင့်လှစ်သူ လော့(ဒ)ကာနာဗွန်၏ သားဖြစ်သူ သားကာနာဗွန်နှင့် ဆွေးနွေးခန်း ပါဝင်ခဲ့၏။ သားကာနာဗွန်ကမူ "ကျွန်တော် ကျိန်စာကို ယုံတယ် မယုံဘူးလို့ မပြောလိုပါ။ သို့သော် ပေါင်တစ်သန်း ပေးတောင် တူတမ်ခမွန်ဘုရင်လေးရဲ့သချိုင်းအတွင်း မဝင်ဘူး" ဟု ပြောခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ စဉ်းစားသင့်သော ဖြစ်စဉ်များဖြစ်ပါသည်။

ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်များမှာ အထက်ဖော်ပြပါ တူတမ်ခမွန်ဘုရင်ကလေး၏ ကျိန်စာနှင့် ပတ်သက်၍ အီဂျစ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများတွင် ရေးသားဖော်ပြခဲ့သည့် သတင်းများအကြောင်းဖြစ်ပါသည်။ (၁၉၂၅)ခုနှစ်၊ ဧပြီလ(၆)ရက်နေ့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ စောင်ရေအများဆုံး ထုတ်ဝေရသော အယ်(လ်)အာရမ်(ပီရမစ်) သတင်းစာကြီးတွင် လော့(ဒ)ကာနာဗွန် သေဆုံးရခြင်းသည် သာမန်သွေးရိုးသားရိုး ရောဂါဝေဒနာဖြင့် သေဆုံးရခြင်း မဟုတ်ကြောင်း၊ အီဂျစ်နိုင်ငံမှ ဆေးပညာရှင်များ၊ အင်္ဂလန်နိုင်ငံမှ ဆေးပညာရှင်များကိုယ်တိုင် လော့(ဒ)ကာနာဗွန် မည်သည့်ရောဂါဝေဒနာ





ကြောင့် သေဆုံးရသည်ဟု ခွဲခွဲခြားခြား သိ[illegible] သည့်အချိန်တွင် ရုတ်တရက် တိုက်တိုက်ဆိုင်ဆိုင် လျှပ်စစ်မီးများ မှောင်ကျသွားရခြင်းနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရ မဟာမင်းကြီး ဆာအလင်ဗီကိုယ်တိုင် ကိုင်ရိုမြို့ လျှပ်စစ်ဌာနမှ တာဝန်ရှိသူ အင်ဂျင်နီယာမှူးကြီးများနှင့် ဆွေးနွေးခဲ့ရာ ဤကဲ့သို့ လျှပ်စစ်မီး ရုတ်တရက်ပျက်သွားပြီး အလိုအလျောက်ပြန်ကောင်းလာရခြင်း၏အဖြေကို မပေးနိုင်ကြဟု ရေးသားဖော်ပြခဲ့သဖြင့် လော့(ဒ)ကာနာဗွန် ကွယ်လွန်ရခြင်းသည် အီဂျစ်ဖာရိုဘုရင်တို့၏ကျိန်စာသင့်ခဲ့သလောဟု လူအများ ထင်မှတ်ဖွယ်ဖြစ်လာခဲ့ရ၏။

ဤသတင်းစာပါ အဖြစ်အပျက်များ ဖြစ်ပေါ်ခြင်း၊ မဖြစ်ခင် ပြင်သစ်နိုင်ငံ ပါရီမြို့မှ ထုတ်ဝေသော လာမွန်ဒေးသတင်းစာကြီးတွင်မူ ကြောက်မက်ဖွယ် ကျိန်စာသည် တူတန်ခမွန်၏ဂူသချိုင်းဝကို မဖွင့်ရမီကပင် နိမိတ်လက္ခဏာ ထင်ထင်ရှားရှား ပြခဲ့သည်ဟု ဆိုသည်။ ထိုသတင်းစာတွင် ဖော်ပြချက်အရဆိုလျှင် (၁၉၂၃)ခု၊ ဖေဖော်ဝါရီ ဆန်းတွင် ဤဂူဗိမာန်ကို စတင်တွေ့ရှိသည်ဟု ဆို၏။ တွေ့ရှိရသည့် အချိန်တွင်ဖကာရာဇ်တို့ဂူသချိုင်းများ တည်ရှိရာဖကာရာဇ်ချိုင့်ဝှမ်း(Valley of The King's)၏ ပတ်ဝန်းကျင်တစ်ပြင်လုံးမှာ ကြောက်မက်ဖွယ်ကောင်းအောင်ငြိမ်သက်နေခဲ့သည်။ ခါတိုင်းကြားနေကျဖြစ်သော ကျေးငှက်တို့၏အသံ၊ နိုင်းမြစ်ရိုးမှ ရေလုပ်သားများ၏အသံ၊ ရေတင်ကြသော လယ်တောယာသမားများ၏အသံကို မကြားရ။ ရုတ်တရက် သဲကန္တာရဘက်မှ တဝီဝီ အော်မြည်လာသံ ကြားရပြီး သဲမုန်တိုင်းငယ်တစ်ခု ကျရောက်ခဲ့တော့သည်။ ထိုမုန်တိုင်းငယ်သည် တူတမ်ခမွန်



www.burmeseclassic.com

www.burmeseclassic.com

ဘုရှင်က ဂူသရိုင်းအဝတွင် ဖော့ယမ်းတိုက်ခတ်သွားခဲ့ပြီး ချက်ချင်း ငြိမ်သက်သွားသည်ဟု ဆိုသည်။

ဤကဲ့သို့ သဲမုန်တိုင်း ကျရောက်ပြီးသည်နှင့် ကြီးမားသော သိန်းငှက်တစ်ကောင်သည် အရှေ့အရပ်မှ ပျံသန်းလာခဲ့ပြီး တူတမ်ခမွန် ဘုရင်ကလေး၏ဂူဗိမာန်ပေါ်တွင် ပျံဝဲကာ အနောက်စူးစူးသို့ ပျံသွားသည်။ အီဂျစ်လူမျိုးတို့၏ အယူအဆအရ ဤသိန်းငှက်သည် အထွတ်အမြတ်ထားရာ နတ်ဘုရားဖြစ်သည်။ တစ်နည်းပြောရလျှင် အီဂျစ်ဖာရိုဘုရင်များ၏ကိုယ်ပွား ဖြစ်တန်ရာသည်ဟု ဆိုသည်။ ဤကဲ့သို့ ဖြစ်ရပ်ဆန်းများ မကြုံတွေ့ရမီကလည်း ဤဂူဗိမာန်ကြီးကို နှစ်ပေါင်းများစွာ တစိုက်မတ်မတ် ရှာဖွေခဲ့သော အီဂျစ်ရှေးဟောင်းသုတေသီ ဟောင်းဝပ်(ဒ)ကာတာ၏အချစ်တော် စာဝါငှက်ကလေးမှာ အုံးသြဖွယ်ပင် မြွေဟောက်တစ်ကောင် ကိုက်သဖြင့် သေဆုံးသွားခဲ့ရသည်။ မြွေဟောက်သည် အီဂျစ်နိုင်ငံ၌ အရှားပါးဆုံး အဆိပ်ပြင်းထန်သည့် မြွေမျိုးဖြစ်သည်။ ဤမြွေဟောက်ကိုလည်း အီဂျစ်လူမျိုးများက အထက် ဖော်ပြပါသိန်းငှက်ကဲ့သို့ အထွတ်အမြတ်ထားသော သတ္တဝါဖြစ်သည်။ ဖာရိုဘုရင်နှင့် မိဖုရားတို့၏သရဖူများတွင် မြွေဟောက်သတ္တဝါများ၏ပုံ ကို ထုထားလေ့ရှိသည်ကို တွေ့ရသည်ဟုဆိုသည်။ ထိုဖြစ်ရပ်ဆန်းများ ကြောင့် တူတမ်ခမွန် ဘုရင်ကလေး၏ကျိန်စာ ကောလဟာလသည် နိုင်ငံတကာမှ လူအများအတွင်း စိမ့်ဝင်ပျံ့နှံ့လာခဲ့သည်ဟု အထက် ဖော်ပြပါ သတင်းစာက နှိုက်နှိုက်ချွတ်ချွတ် ရေးသားဖော်ပြခဲ့သည်။

ဤသတင်းများကို ယုံကြည်ခြင်း မရှိသူများကမူ ကာတာနှင့် လော့(ဒ)ကာနာဗွန်တို့သည် အံ့သြဖွယ်ကောင်းလောက်အောင် တန်ဖိုး





မဖြတ်နိုင်သော ရတနာများကို တူတမ်ခမွန် ဘုရင်ကလေး၏ဂူဗိမာန် အတွင်းမှ တွေ့ရှိထားခဲ့ကြရာ ထိုရတနာပစ္စည်းများ၊ အနုပညာပစ္စည်း များကိုမသမာသူ ဒုစရိုက်သမားများအန္တရာယ်ကြောင့် ဤကျိန်စာသင့် သည်ဟူသော ကောလဟာလသတင်းကို သတင်းစာသမားများအား ဖြန့်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြပြန်သည်။

အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော "New York World" သတင်းစာကြီးတွင်မူ ထိုစဉ်က လျှို့ဝှက်သည်းဖို ဝတ္ထုများ ရေးသားခဲ့သော စာရေးဆရာမကြီး မေရီကော်ရယ်လီနှင့် လော့(ဒ) ကာနာဗွန်အကြောင်း ရေးသားဖော်ပြခဲ့သည်။ မေရီကော်ရယ်လီမှာ လော့(ဒ)ကာနာဗွန်နှင့်အတူ ခင်မင်သူဖြစ်သည်။ ဤတူတန်ခမွန် ဘုရင်ကလေး၏ဂူဗိမာန်ကို တွေ့စဉ်ကပင် အီဂျစ်ဖာရိုဘုရင်တို့၏ ကျိန်စာနှင့် ပတ်သက်၍ အထူးသတိထားရန် ပြောဆိုခဲ့ဖူးသည်ဟု သိရ သည်။ လူအများ၏အယူအဆအရ အီဂျစ်လူမျိုးတို့အလေးအနက်ထား သည့် ယုံကြည်ချက်မှာ ဘဝပြောင်းသွားသူများအတွက် အသုံး အဆောင်ပစ္စည်း အစုံအလင် ထည့်ပေးလိုက်ရေးဖြစ်၏။ ထို့ပြင် မပုပ် မသိုးရန် စီမံထားသော မံမီအလောင်းထားရာ နေရာကိုလည်း နှောင့်ယှက်ဖျက်ဆီးခြင်း ကင်းရမည်ဖြစ်သည်။ ထို့ကြောင့် သူတို့ အလောင်းမြှုပ်နှံသည့်ဂူများကို လူသူကင်းဝေး၍ အသွားအလာ ခက်ခဲ သည့်နေရာများတွင်သာ ရှိခဲ့သည်။ ထိုနေရာသို့သွားသောလမ်းများကို လည်း လွယ်လင့်တကူ မတွေ့စေရန် စီမံထားကြ၏။

သူတို့၏ဂူဗိမာန်များ မံမီအလောင်းများကို ရှာဖွေသူများအား အန္တရာယ်ရှိစေရန် ကျိန်စာများ၊ လောကီအစီအရင်များလည်း စီမံထား



www.burmeseclassic.com

www.burmeseclassic.com



သည်ဟုလည်း ဆိုကြ၏။ ထိုစဉ်က အီဂျစ်နိုင်ငံ၌ ထုတ်ဝေသော ဒေသခံ သတင်းစာအချို့နှင့် ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော သတင်းစာအချို့တွင် ကာတာနှင့် လော့(ဒ)ကာနာဗွန်တို့သည် တူတမ်ခမွန် ဘုရင်ကလေး၏ ရတနာသစ္စည်း အမြောက်အမြားကို အီဂျစ်အစိုးရမှ တာဝန်ရှိသူများ မတွေ့ရှိရန် တစ်နေရာသို့ ရွှေ့ပြောင်းထားသည်ဟု ဆိုသည်။

လော့(ဒ)ကာနာဗွန်သည် ဤတူတန်ခမွန် ဘုရင်ကလေး၏ဂူ ဖိမာန်ဖွင့်ပွဲသို့ လန်ဒန်မြို့မှ တိုင်းသတင်းစာကြီး၏အကြီးအကဲ အာသာ မာတန် တစ်ဦးတည်းကိုသာ ဖိတ်ကြားခဲ့ပြီး အခြားနိုင်ငံတကာမှ သတင်းစာဆရာများကို ဖိတ်ကြားခြင်းမပြုခဲ့။ တွေ့ရှိရသည့် သတင်းစာ အချက်အလက်များကို လန်ဒန်တိုင်း သတင်းစာကြီးမှတစ်ဆင့် ရရှိကြ သဖြင့် နိုင်ငံတကာမှ သတင်းစာဆရာများက မကျေမနပ်ဖြစ်ခဲ့ကြ သည်။

နိုင်ငံတကာမှ စာရေးဆရာများ၊ သတင်းထောက်များ၊ ရုပ်ရှင် ရိုက်ကူးလိုသူများကလည်း အချိန်ရှိသ၍ ကျိတ်ကျိတ်တိုး လာရောက် ကြပြီး လော(ဒ)ကာနာဗွန်ထံ တောင်းဆိုချက်အမျိုးမျိုး တောင်းခံကြ သော်လည်း လော(ဒ)ကာနာဗွန်က လိုက်လျောခြင်း မပြုခဲ့သည့်ပြင် ဟန့်တားထားခဲ့သဖြင့်လည်း ဤ "ကျိန်စာ" ကောလဟာလကို လုပ်ကြံ ဖြန့်ဖြူးခြင်းဖြစ်သလော။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ ထုတ်ဝေသော လန်ဒန်တိုင်း သတင်းစာကြီးတွင် မြို့စားကြီး ကာနာဗွန်သည် တူတန်ခမွန် ဘုရင် ကလေး၏ မံမီရုပ်အလောင်းကြီး ထားသော ခေါင်တလားအနီးရှိ လက်ရာမြောက်လှသော ကျောက်ပန်းအိုးထဲသို့ လက်သွင်းကြည့်





လိုက်ရာမှ ရုတ်ချင်း ထူးထူးဆန်းဆန်း နာကျင်မှုကြောင့် လက်ကို ရုတ်တရက် ထုတ်ယူလိုက်ရသည်။ သူ့လက်များတွင်လည်း သွေးများ စို့သွားသည်။ ဤနေရာမှ ပြန်အထွက်တွင် သူ၏ပါးပြင်ကို ခြင်ကဲ့သို့ ပိုးကောင်ကိုက်သွားကြောင်းကို ဖော်ပြခဲ့သည်။

လော့(ဒ)ကာနာဗွန် ကွယ်လွန်သွားရခြင်းကို လူအများ စိတ် ဝင်စားအောင် အသေးစိတ် ဖော်ပြရေးသားခဲ့သော သတင်းစာကြီးများ မှာ အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော ဒေးလီးအိတ်(စ)ပရက် သတင်းစာ နှင့် လန်ဒန်ရုပ်စုံသတင်းစာကြီးများဖြစ်သည်။ ယင်းသတင်းစာကြီးများ တွင် လော့(ဒ)ကာနာဗွန်၏လည်ပင်းတွင် အကြိတ်များ ရုတ်တရက် ရောင်လာကာ အပြင်းဖျားလာရသည့်ကိစ္စကို ရဲရဲတွင်ရေးသားခဲ့ပြီး သူ ကွယ်လွန်စဉ်က ကိုင်ရိုမြို့တော်တစ်ခွင် လျှပ်စစ်မီးများ မှောင်ကျသွားရ ခြင်းကို တူတမ်ခမွန် ဘုရင်ကလေး၏ကျိန်စာသင့်ခြင်းဖြစ်သည်ဟု စာဖတ်သူများ အထင်အမြင်ရလာစေရန် ရေးသားခဲ့သည်ဟု ဆိုသည်။ အချို့ကမူ ဤဖြစ်ရပ်သည် တိုက်ဆိုင်မှုဟူ၍သာ ဆိုကြ၏။

လန်ဒန်မြို့မှ ထုတ်ဝေသော ဩဇာတိက္ကမ အတော်အသင့် ကြီးမားသည့် ဒေလီတယ်လီဂရပ်(ဖ) သတင်းစာကြီးကမူ ဖာရိုဘုရင် ကလေး တူတမ်ခမွန် သချိုင်းဂူဗိမာန်ဖွင့်ပွဲ စသည်မှ လော့(ဒ)ကာနာ ဗွန် ကွယ်လွန်အနိစ္စရောက်သည်အထိ ကြုံတွေ့ရသည့် အဖြစ်ဆန်းများ တို့အဖေထာက်အထား သာဓကများနှင့် တင်ပြခဲ့ပြီး "တိုက်ဆိုင်မှုလော... ကျိန်စာလော" ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

ဒေလီအိတ်(စ)ပရက်(စ) သတင်းစာကြီးတွင် ကွယ်လွန်သူ လော့(ဒ)ကာနာဗွန်၏သားဖြစ်သူ ပို့ချာနှင့် သမီးတို့အား တွေ့ဆုံမေးမြန်း



www.burmeseclassic.com

www.burmeseclassic.com

၍ လော့(ဒ)ကာနာဗွန် သေဆုံးရသည့်ဖြစ်ရပ်နှင့် နောက်ဆက်တွဲဖြစ်ရပ်များကိုဖော်ပြခဲ့သည်။ သတင်းဆောင်းပါးကိုထည့်သွင်းဖော်ပြခဲ့သဖြင့် အီဂျစ်ဘုရင်ဖာရိုတို့၏ကျိန်စာနှင့် ပတ်သက်၍ ကောလဟာလသတင်းများသည် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ရိုက်ခတ်လာခဲ့သည်။

အီဂျစ်ရှေးဟောင်းသုတေသီများနှင့် လော့(ဒ)ကာနာဗွန်နှင့်အတူ တူတမ်ခမွန် ဘုရင်ကလေး၏ဂူဗိမာန်အား ရှာဖွေတွေ့ရှိခဲ့သော အီဂျစ်ရှေးဟောင်းသုတေသီ ကာတာကမူ ကျိန်စာသင့်သည်ဟူသော အချက်ကို လုံးဝလက်ခံခြင်းမပြုခဲ့။ မတော်တဆ တိုက်ဆိုင်မှုများသာ ဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယူဆထားခဲ့သည်။ သို့သော် ဤဂူဗိမာန်ကြီး အတွင်းမှ တွေ့ရသော တူတမ်ခမွန်ဘုရင်ကလေး၏ရုပ်ကလပ် အပါအဝင် တန်ဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများအား တာဝန်ရှိသူများ နှင့်အတူ ကိုင်ရိုမြို့တော်ပြတိုက်ကြီးသို့ ရွှေ့ပြောင်းခဲ့ကြပြီး ဖြစ်လာသည့် နောက်ဆက်တွဲ ဖြစ်ရပ်ဆန်းများမှာ အံ့သြဖွယ်ဖြစ်ရသည်ဟု သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ယနေ့ထိ ရေးသားဖော်ပြလျက် ရှိကြသည်။ သာဓကအားဖြင့် တူတမ်ခမွန် ဘုရင်ကလေး၏ရုပ်အလောင်းအား ဓာတ်မှန်စစ်ဆေးခဲ့သော ဓာတ်မှန်ပါရဂူများ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများအနက် ပုဂ္ဂိုလ်အများစုမှာ ကံဆိုးမိုးမှောင်ကျခဲ့၍လား သို့မဟုတ် တိုက်ဆိုင်မှုကြောင့်လော သို့မဟုတ် တူတမ်ခမွန် ဘုရင်ကလေး၏ ကျိန်စာသင့်၍လားဟု မသိရဘဲ ရုတ်တရက် ကွယ်လွန်ခဲ့ကြသည်။ ကွယ်လွန်သူအများစုမှာ သူတစ်ပါး လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်း၊ ဆေးပညာရှင်များကိုယ်တိုင် ရောဂါ





အမျိုးအမည် ခွဲခြားနိုင်ခြင်းမရှိသော လျှို့ဝှက်ဆန်းကြယ်လွန်းသော ရောဂါဝေဒနာများကြောင့် ကွယ်လွန်ခဲ့ကြရသည်ဟု ဆိုသည်။ တစ်ကြိမ်တစ်ခါ တိုက်ဆိုင်သည်ဟု ဆိုလျှင် တိုက်ဆိုင်မှုဟု ဆိုရမည် ဖြစ်သော်လည်း တိုက်ဆိုင်မှု များလာသောအခါ တိုက်ဆိုင်မှုဟု ဆိုရန် မသင့်ဟု ဆိုရမည်ဖြစ်သည်။

ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန် မလိုသော ကမ္ဘာကျော်လက္ခဏာပညာရှင်နှင့် အကြားအမြင်ရပုဂ္ဂိုလ် ဆရာကြီး ကိုင်ရိုရေးသားသော ကိုယ်တွေ့ဖြစ်ရပ်မှန်ဝတ္ထုများ "Real-Life stories" နှင့်ကိုယ်တွေ့တစ္ဆေဝတ္ထုများ "Real ghost-stories" တွင်မူ အီဂျစ် ဖာရိုဘုရင်များ၏ကျိန်စာသင့်မှုများအကြောင်း၊ အထောက်အထား သာဓကစုံစုံလင်လင်နှင့် ဖော်ပြထားခဲ့သည်။ (ယင်းစာအုပ်များကိုမြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။) သို့သော် ဤတူတမ်ခမွန် ဘုရင်ကလေး၏ဂူဗိမာန်ကို စတင်တွေ့ရှိခဲ့ပြီး ဝင်ရောက်ခဲ့သည့် အီဂျစ်ရှေးဟောင်းပညာရှင် ဟောင်ဝဝ်(ဒ)ကာတာမှာမူ အသက် (၆၆)နှစ်အရွယ်မှာပင် သာမန်လူကြီးရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့ရသည်ဟု သိရှိခဲ့ရပါကြောင်း။

**ကျမ်းကိုး**

၁။ The Tutakhamun Deception By. G-O'- Farrell
၂။ gods, graves and scholars



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ရေစာကျွေးသည့်နေရာမှ လှေဝမ်းဗိုက်ရာ

နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းတွင် (၃၇)မင်းနေရာများသို့ ဟူ၍ ခေါင်းစဉ်ဖြင့် (၃၇)မင်းထဲတွင် ပါဝင်သော နတ်မင်းများ မပါဝင်သော နတ်ကြီးများတို့၏သမိုင်းဝင်နေရာများကို ရေးသားဖော်ပြလျက်ရှိပါသည်။

ထိုသို့ရေးသားရာတွင် ကျွန်တော်တို့မှာ များစွာတာဝန်ကြီးလှပါသည်။ မြန်မာတစ်နိုင်ငံလုံးအတွင်းမှာ ရှိသော နတ်ကြီးများရဲ့နေရာ အစစ်အမှန်များကို မေးမြန်းစုံစမ်း၍ ဖော်ထုတ်ရေးသား ရသည်။

မည်သို့ပင်ဖြစ်စေ စာဖတ်သူများအတွက် သုတအစစ်အမှန်များ ရရှိနိုင်မည်ဆိုပါလျှင် ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်ရကျိုး နပ်ပါပြီ။





ယခုတစ်ပတ် ကျွန်တော်ရွေးချယ်တဲ့ခရီးကတော့ မြန်မာနိုင်ငံ အဝှမ်းမှာ "စောင်းတော်ရှင်" ရယ်လို့ လူသိများ ထင်ရှားတဲ့ ရေနံပိုင် ဦးရှင်ကြီးရဲ့အတ္ထုပ္ပတ္တိနှင့် နတ်ကွန်းရှိရာ နေရာမှန်ကို ဖော်ပြရန်အတွက် ကျွန်တော် ဘိုကလေးမြို့ကို ရောက်အောင်သွားခဲ့သည်။

ဘိုကလေးမြို့ဆိုတာ ဧရာဝတီတိုင်း အတွင်းမှာ ရှိပြီး နှစ်အတန်ကြာအောင် နေထိုင်ခဲ့ဖူးတဲ့မြို့ဆိုတော့ ကျွန်တော်နှင့် မစိမ်းလှပါ။

ဘိုကလေးမြို့မှ ရေလမ်းခရီးဖြင့် တောင်ဘက်တွင် မိုင်တစ်ရာကျော် ဝေးကွာသော မျောက်တစ်ရာဘုရား ရှိရာ မိန်းမလှကျွန်းသို့ ခရီးဆက်ရမည်ဖြစ်သည်။

တောထဲမှာ တစ်ညအိပ်ရမည့်ခရီးဆိုတော့ စက်လှေငှားရတာ မလွယ်ပါ။ စက်လှေသမားများက သိပ်မလိုက်လိုကြပါ။

(ခရီးသည်ဟန်ဆောင်၍ စက်လှေငှားသွားပြီး တောထဲရောက်မှ လုယက်တိုက်ခိုက်မှုများ ရှိခဲ့ဖူးသောကြောင့်ဟု ပြောသူက ပြောကြသည်။

ထို့ကြောင့် ဘိုကလေးတစ်ဖက်ကမ်း "သာပေါင်း" ရွာမှ သက်ခတ်လှေတစ်စင်းကို တောင်းပန်၍ ငှားရသည်။ ခရီးဝေးလွန်းသောကြောင့် သူတို့ကလည်းသိပ်မလိုက်လိုသော်လည်းအခကြေးငွေကို ပိုပိုမိုမို ပေး၍ တောင်းပန်ပြောမှ အဆင်ပြေသွားသည်။

ထို့ကြောင့် သာပေါင်းရွာတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့နံက်စောစောတွင် လှေဖြင့် ခရီးထွက်ဖြစ်ကြသည်။

လှေက (၁၂)တောင်မျှ ရှိပြီး စပါး(၁၀)တင်းမျှသာ နိုင်လေ၏ ကျွန်တော်အပါအဝင် လှေခတ်သူ နှစ်ယောက်၊ အခြားလှေလာ[...]



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာသူတစ်ယောက်၊ စုစုပေါင်း လေးယောက်တက်လိုက်တော့ ရေဝေါ်မှာ တောင်ဆုပ်ခန့်မျှပင် မပေါ်၊

သို့သော် အရဲစွန့်၍ သွားကြရသည်။ သာပေါင်းမှ စထွက်ကတည်းက လှေကို ရွက်တပ်၍သွားသည်။ မြစ်ကျယ်ရေစီးလမ်းချည်း ဖြစ်ပေသည်။

ကမ်းတစ်ဖက်တစ်ချက်တွင် ကွမ်းသီးတော၊ အုန်းတောများနှင့် ရွာများကို လှမ်းမြင်ရသည်။ လမ်းခုလတ်ရောက်မှ လှေသမားထည့်ယူလာသော ထမင်းကို ကပ်စားရသည်။

ထမင်းအိုးအဖုံးကို ပန်းကန်အဖြစ် ထမင်းထည့်စားရသောအခါ သဘောကျမိသည်။ ထမင်းစားပြီးတော့ သောက်ရေက မပါပြန်၊ မြစ်ရေကလည်း ရေငန်၊ လက်ဆေးရေက ချောင်းရေ၊ လက်သုတ်ကိုယ့်ပုဆိုး။

ထို့ကြောင့် ကွမ်းသီးချောင်းရွာ ရောက်မှ အိုးတစ်လုံးဝယ်ပြီး ကန်ရေကို ခပ်ယူလာမှ ရေသောက်ကြရသည်။

သာပေါင်းမှ ထွက်ပြီး နတ်ချောင်းဝ၊ အောင်လှိုင်၊ သာစည်၊ ကပွန်းရွာများကျော်တာနဲ့ "ကျွန်းညိုကြီး" ကို လှမ်းမြင်ရသည်။ ကျွန်းညိုကြီး ရောက်တော့ မြစ်ရေက ခွဲထွက်သွားသည်။

သကန် – ကွမ်းသီးချောင်းသို့ သွားရာတစ်လမ်း၊ ကိုင်းတောဘက် သွားတာက တစ်လမ်း၊ ကျွန်တော်တို့ လှေကလေးက ကွမ်းသီးချောင်းဘက် သွားရာလမ်းအတိုင်း ရွက်လွှင့်စုန်ဆင်းသည်။

ဦးရှင်ကြီး အဋ္ဌုပ္ပတ္တိတွင် အဓိကနေရာမှပါဝင်သော ကျွန်းညိုကြီးသည် ယခုအခါ လယ်တောများသာ တွေ့ရတော့သည်။



ဟိုးယခင်က အဝးမှ လှမ်းကြည့်လျှင် ညိုမှိုင်းလျက် တောင်ပေါ်သို့ လူတက်ရန်ပင် မလွယ်ကူသော တောရိုင်းရိပ်သာ ကျွန်းများကို စိတ်ကူးဖြင့်သာ မှန်းဆမြင်ယောင်မိပါသည်။

ယခုတော့ မြစ်ကမ်းနံဘေးမှာ သစ်မြစ်သစ်ဆုံ အဆွေးကြီးများကိုသာ တွေ့ရပါတော့သည်။

ကွမ်းသီးချောင်း ကျော်တော့ အရှေ့ဘက်မှာ ကျွန်းညိုကြီးကို ဝန်းရံထားတဲ့ ကျွန်းလေးကျွန်းကို လှမ်းမြင်ရသည်။

"ကျွန်းညိုကြီးကို ကျွန်း(၄)ကျွန်း၊ သောင်(၄)သောင်က အမြဲပတ်ဝိုင်းထားတာ တစ်ကျွန်းပျောက် တစ်ကျွန်းပြန်ပေါ်၊ တစ်သောင်ပျောက်ရင် တစ်သောင်ပြန်ပေါ်လာတယ်လို့ ပြောကြတယ်"

ဟု လှေစတ်သူက ပြောပြသည်။

"အဲဒီရံထားတဲ့ကျွန်းနဲ့ သောင်အမည်ကို မင်းသိသလား"

"ကျွန်တော်တော့ မသိဘူး၊ ရှေ့မီနောက်မီ လူကြီးတွေကတော့ သိကြပါလိမ့်မယ်"

ကျွန်တော်က စိတ်ထဲမှ သက်ဆိုင်ရာများကို ခွင့်တောင်း၍ ထိုကျွန်းများကို ဓာတ်ပုံရိုက်ယူပါသည်။

ကွမ်းသီးချောင်း၊ အလယ်ချောင်း၊ ထိပ်ချောင်းကျော်သည် နှင့် ကျွန်းညိုကြီးချွန်းအငူသို့ ရောက်သည်။ ရှေ့မှာ အရှေ့အနောက် ကန့်လန့်ဖြတ် ကာဆီးထားသော "ဖောင်ဝင်" မြစ်ကြီးကို လှမ်းမြင်ရသည်။

လေက ထန်ထန် ရေစီးသန်လျက် လှိုင်းအလွန်ထန်သောကြောင့် လှေသမ္မာန်သမားတို့ အလွန်ကြောက်ရွံ့ရသော ဖောင်ဝင် မြစ်။

ကျွန်းညိုကြီးချွန်း အငူထိပ်တွင် ဦးရှင်ကြီး အဋ္ဌုပ္ပတ္တိအရ မပါ



www.burmeseclassic.com

www.burmeseclassic.com

မပြီးဘဲ အဓိကနေရာမှ ပါဝင်သော "လှေဝမ်းဗိုက်" ရာကြီး ရှိပါသည်။

"ထိုလှေဝမ်းဗိုက်ရာကြီးက ဦးရှင်ကြီးတို့ မျောလာခုတ်စဉ်က လှေထွက်မရအောင် တင်သောကြောင့် ဦးရှင်ကြီးကို ရေစာကျွေးရသောနေရာပင် ဖြစ်သည်။

ထိုလှေဝမ်းဗိုက်ရာကြီးက ဟိုးနှစ်ပေါင်းများစွာကတည်းက ထိုနေရာတွင် ရှိနေပြီး ဘယ်လိုဖျက်ဆီး၍မှ မရဟု ပြောကြသည်။

ရေစစ်အခါမှ ပြန်ပေါ်သောကြောင့် ကျွန်တော်တို့ စောင့်ကြည့်ရသည်။ ကျွန်းထိပ်တွင် တကယ့်လောင်းလှေတစ်စင်း၏ဝမ်းဗိုက်ပုံသဏ္ဌာန်နှင့် တူပြီး ကမ်းဘက်တွင် လှေတစ်စင်း သွားသာရုံ ရေလမ်းရှိသည်။

သောင်ခုံပေါ်မှာ ထင်ထင်ရှားရှား ပေါ်နေခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ထိုကျွန်းပေါ်တွင် မိကျောင်းကြီးများ လာရောက်နေတတ်ကြသည်ဟု ပြောပြကြသည်။

ကမ်းစပ်တွင် စေတီနှစ်ဆူ ရှိပြီး ဦးရှင်ကြီး နတ်ကွန်းတစ်ဆောင်လည်း ရှိပါသည်။ ကျွန်တော်တို့ဟာ အချိန်အတော်ကြာအောင် လှေလာမှတ်သားပြီးမှ ဖောင်ဝင်မြစ်ကို ဖြတ်ကူးကြသည်။





# မိန်းမလှကျွန်းပေါ်မှာ တစ်ညတာ

ဖောင်ဝင်မြစ်သည် အလွန်ကျယ်သည်။ လှိုင်းကြက်ခွပ်နှင့် ဝဲကတော့များစွာ ရှိသည်။ ရေဆိုင်ဝဲများကြောင့် လှိုင်းဦးလှိုင်းဖျားသိနိုင်ရန် ခက်ခဲပေသည်။

လှေက ငယ်သောကြောင့် သတိနှင့် ဖြတ်ကူးကြသည်။ လှေသမားများရဲ့ ကျွမ်းကျင်မှုကြောင့် တစ်ဖက်ကမ်းသို့ ချောချောမောမော ရောက်ကြသည်။

စာရေးသူတို့ ငယ်စဉ်က ရောက်ဖူးစဉ် ထိုနေရာများမှာ တကယ့်သစ်တောကြီးများ ဖြစ်ခဲ့သော်လည်း ယခုတော့ လယ်တောများ ဖြစ်နေသည်။

ဆတ်ကျွန်းရောက်တော့ နှစ်စဉ် ဦးရှင်ကြီးပွဲ ကျင်းပပေးရသည့် နတ်ကျွန်းများ ရှိရာသို့ တက်ရောက်၍ မှတ်တမ်းယူသည်။

ပြီးမှ ဖောင်ဝင်မြစ်အတိုင်း ရှေ့သို့ ခရီးဆက်ကြသည်။

ငယ်သူ၊ ဆတ်ကျွန်းကို ကျော်တာနှင့် မိန်းမလှကျွန်းသို့


www.burmeseclassic.com

www.burmeseclassic.com

ရောက်ပါသည်။ မိန်းမလှကျွန်းက သစ်တောထိန်းသိမ်းရေး ကန့်သတ်နယ်မြေ ပြုလုပ်ထားရုံသာမက တောရိုင်းတိရစ္ဆာန် ဘေးမဲ့ပေးထားရာ တောလည်း ဖြစ်ပေသည်။

သစ်တောထိန်းသိမ်းရေးကြောင့် ပြန်လည်စိမ်းလန်းစ သစ်တောများကြောင့် လှပပါသည်။

အဝေးက မြင်ရစဉ်ကတည်းက ညို့ ညို့မှိုင်းမှိုင်းနှင့် လွမ်းမော ဖွယ်ရာ၊ ထိုကျွန်းသို့ ရောက်တော့ ရေတက်မိသောကြောင့် ရေဆန် လှော်ခတ်ကြရသည်။

သစ်တောကမ်းနံဘေးမှ ကပ်၍သွားရသည်။ ရေတက်ဦး မြူး နေသော ကပ်ဘီလူးငါးကြီးများက "တဝုန်းဝုန်း" ဖြင့် လှေကိုပင် လာ ရောက် တိုးဝှေ့ကြသည်။

သာပေါင်းရွာမှ နံနက်(၆)နာရီလောက်ကတည်းက စတင် ခရီးထွက်ခဲ့ကြရာ မျောက်တစ်ရာဘုရား ရှိရာ ဆိပ်ကမ်းသို့ရောက်တော့ ညနေ(၄)နာရီထိုးပြီ၊ တစ်နေ့လုံး လှေပေါ်မှာ နေပူစာမိ၊ လေကတိုက် နှင့် ညောင်းညာသော ဝဋ်ကတော့ လွတ်ပြီ။

ဆိပ်ကမ်းမှာ သစ်တောရုံးတစ်ရုံး ရှိပြီး ဘုရားဆီသို့ သွားရာ လမ်းထိပ်တွင် သတိပေး ဆိုင်းဘုတ်တစ်ခု ရိုက်ဆွဲထား သည်။

၁။ ကျွန်းပေါ်တွင် စောင်းမတီးရ။

၂။ ကုလားစကား မပြောရ။

၃။ ဝက်သားမစားရ။

၄။ ညစ်ညမ်းစွာ ဆဲရေးပြောဆိုခြင်း မပြုရ။

ကျွန်တော်တို့ ကမ်းပေါ် တက်တော့ သစ်တောဌာနမှ လာ





ရောက် စစ်ဆေးသည်။ ဘုရားဖူး လာကြမှန်းသိတော့ ခွင့်ပြု သည်။

ကန့်သတ်နယ်မြေလည်းဖြစ်၊ လူစိမ်းမဝင်ရသောနယ်မြေ လည်း ဖြစ်သောကြောင့် တာဝန်အရ လာရောက်စစ်မေးရတာပါဟု တောင်းပန်သွားသည်။

ကမ်းစပ်မှ ဘုရားဆီ ရောက်အောင် (၄)ဖာလုံလောက် တက် ရသည်။ ဖြောင့်တန်းသော လမ်းကြောင့် မျောက်တစ်ရာဘုရားကို အဝေးမှ ဖူးတွေ့ရသည်။

ယခင်က လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ ရှိသော်လည်း ယခုတော့ ပြန်လည်စိုက်ပျိုးထားသော သစ်ပင်ငယ်များ သာ ရှိတော့သည်။

အချို့နေရာများတွင် သစ်ပင်အချို့ အတော်ကြီးမားနေလေရာ သစ်တောနှင့် ပြန်လည်တူစပြုလာပြီ။

ဘုရားဆီ ရောက်အောင် အုတ်ချပ်ခင်းထားသောလမ်းနှင့် ချောင်းများကို ဖြတ်ဆောက်ထားသော တံတားအချို့ကို ကျော်ဖြတ်ရ သည်။

ဘုရားဆီ ရောက်တော့ ကမ္ဘာအေးစေတီတော်နှင့် အလွန်တူ သော သမိုင်းဝင် မျောက်တစ်ရာစေတီတော်ကို ဖူးတွေ့ရသည်။

အောက်တွင် တရားထိုင်ရန် လိုဏ်ပေါက်များ ရှိပြီး အလယ် ဒွယ်သို့ တက်ရန် အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်လေးဘက် ရှိ သည်။ လှေကားလေးခု တပ်ဆင်ထားသည်။

ဒုတိယပစ္စယံ အထက်ဘက်မှ စေတီတော်။

ဖိနပ်တော်မှ စိန်ဖူးတော်အထိ ညဏ်တော်(၄၅)တောင်အထိ



www.burmeseclassic.com

www.burmeseclassic.com

အမြင့်ရှိလေသည်။ ဒုတိယ ပစ္စယံနှင့် အောက်ဘက်ဂူပေါက်များထဲတွင် တရားအားထုတ်ရန် အလွန်ကောင်းလှပေမည်။

တောထဲမှာ ဖြစ်သောကြောင့် တိတ်ဆိတ်ငြိမ်သက်ခြင်း၊ ပတ်ဝန်းကျင်အနှောင့်အယှက် ကင်းဝေးခြင်း၊ လူသူဝေးရာအရပ် ဖြစ်သောကြောင့် ကျင့်ကြံအားထုတ်သူတို့ လျင်မြန်စွာ တရားထူး ရနိုင်ကြပေမည်။

ဘုရားပေါ်မှဆင်းလာတော့ကျောင်းထဲသို့ဝင်သည်။ ကျောင်းမှာ "ဦးဝေပုလ္လ" ဟူသော ဆရာတော်တစ်ပါးတည်း သီတင်းသုံးနေသည်ကို တွေ့ရသည်။

"ဘယ်က လာတာလဲ ဒကာကြီး"

"ရန်ကုန်ကပါ ဘုရား"

"ဘုရားဖူးလာတာလား"

"ဘုရားလဲ ဖူးရင်း ဒီက သမိုင်းကြောင်းကလေးတွေလဲ သိချင်လို့ပါဘုရား"

"ဘယ်က သမိုင်းကြောင်းလဲ၊ မျောက်တစ်ရာသမိုင်းလား၊ ဦးရှင်ကြီး အဋ္ဌုပ္ပတ္တိသမိုင်းကိုလား"

"နှစ်ခုစလုံး သိချင်ပါတယ် ဘုရား"

"မျောက်တစ်ရာဘုရားသမိုင်းနဲ့ ဦးရှင်ကြီးအဋ္ဌုပ္ပတ္တိက မတူဘူး၊ တခြားစီပဲ၊ ဒီတော့ တစ်ခုချင်း ခွဲပြောမှ ဖြစ်မယ်၊ မျောက်တစ်ရာဘုရားသမိုင်းကို အရင်ပြောပြမယ်"

(ဆရာတော် ပြောပြခဲ့သော မျောက်တစ်ရာ ဘုရားသမိုင်းသည် အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ စာရေးသူတို့ သိထားတာ





တွေနှင့် မတူတာတွေလည်းပါ၊ တူတာတွေလည်းပါ၊ သိတာတွေလည်းပါ၊ မသိတာတွေလည်း ပါတယ်။

ယခင်က ပါရမီ မဂ္ဂဇင်းတွင် "မျောက်တစ်ရာ သမိုင်းဝင် စေတီတော်" ဟူ၍ ဆောင်းပါးရှည် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း။

(ယခုအခါ လိုအပ်ချက်များကို ဖြည့်ဆည်း၍ မျောက်တစ်ရာ ဘုရားရဲ့အနောက်ဘက်တွင် ရှိသော "နှစ်ထပ်ရေကန်" ကို အကြောင်းပြု၍ "နှစ်ထပ်ရေကန်နှင့် မျောက်တစ်ရာကွင်းဆက်များ" ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးရှည်တစ်ပုဒ် ဆက်လက်ရေးသားပါမည်။

စာရေးသူ)

ထို့နောက် ဆရာတော်က ဦးရှင်ကြီးနတ်ကွန်း ရှိရာကို လိုက်ပြပါသည်။ ဦးရှင်ကြီး ပုံတော် နတ်ရုပ်တုကတော့ အသစ်မွမ်းမံရန်အတွက် ခေတ္တကျောင်းသို့ ပင့်ဆောင်ထားသည်၊ ပန်းချီဆရာတစ်ယောက်က စိတ်ရှည်လက်ရှည် ပြင်ဆင်နေသည်။

ပုံတော် ထုလုပ်ထားတဲ့လက်ရာက အလွန်ကောင်းသည်။ မုံရွာဆရာမြ လက်ရာဖြစ်သည်ဟု ပြောသည်။ ထိုညတွင် အချိန်မရှိတော့သဖြင့် ဆရာတော် စီစဉ်ပေးသော ညနေစာ စား၍ ကျောင်းမှာ တစ်ညအိပ်ကြရသည်။

ကျွန်တော့်အာရုံထဲ၌မူ ရေခန်ပိုင်(အဘ)ဦးရှင်ကြီးနှင့် ပတ်သက်သော အဋ္ဌုပ္ပတ္တိ သမိုင်းကြောင်းများကို ပြန်လည်တွေးတောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

# မိန်းမလှကျွန်းဟူ၍ တွင်ခဲ့ရပုံ

ရေနံပိုင်(အဘ)ဦးရှင်ကြီးအကြောင်း မဖော်ပြမီ ဦးစွာဖော်ပြသင့်သည့် အကြောင်းအရာက "မိန်းမလှကျွန်း" ခေါ်တွင်လာရပုံနှင့် မယ်ခ၊ မယ်လှတို့၏အကြောင်းပင်ဖြစ်ပေသည်။

ယခင်က ထော်ဆီထော်ပိုင်(အချို့က ပသီကမာဟောက်ဟူ၍ ရေးသားကြသည်)ဘက်တွင် မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသော မုဆိုးကြီး ဦးဘိုးဇော် ရှိသည်။

သူ့တွင် အလွန်လှ၍ အရွယ်ရောက်နေပြီဖြစ်သော မယ်ခ၊ မယ်လှဟူ၍ သမီးနှစ်ယောက်ရှိသည်။

ဖခင်မုဆိုးကြီး ရှာဖွေရလာသော အမဲသား၊ ငါးများကို အနီးဝန်းကျင်ရွာများသို့ လှည့်လည်ရောင်းချ၍ အသက်မွေးကြ သည်။





ဦးဘိုးဇော်တွင် မိတ်ဆွေတစ်ဦး ရှိသည်။ ထိုသူကား လူသားမဟုတ်၊ လမုပင်၌ နေသော လမုစောင့်နတ်ပင် ဖြစ်သည်။

သူတို့ကား လူ့ဘဝကတည်းက ရင်းနှီးကြသူများ ဖြစ်သောကြောင့် ဘဝခြားနေလင့်ကစား ဦးဘိုးဇော် အမဲလိုက်ရာသို့ အမြဲလိုက်လံစောင့်ရှောက်ပေးသည်။

ဘေးဥပါဒ် အန္တရာယ် ကင်းအောင်သော်လည်းကောင်း၊ အမဲသားငါးများစွာရအောင်သော်လည်းကောင်း လမုပင်စောင့်နတ်က ကူညီပေးသောကြောင့် ဦးဘိုးဇော်ကလည်း ရလာသမျှ အမဲသားငါးတို့ဖြင့် တင်မြှောက်ပသပူဇော်လေသည်။

တစ်ခါသော် ဦးဘိုးဇော်သည် တောထွက်ကာနီး မိတ်ဆွေဖြစ်သူ လမုပင်စောင့်နတ်ကို တင်မြှောက်ပသတိုင်တည်ပြီး တောတက်လေသည်။

ထိုအချိန်မှာ လမုပင်စောင့်နတ်ကလည်း နတ်သဘင် အစည်းအဝေး သွားနေရိုန်နှင့် ကြုံကြိုက်နေ၍ မကူညီနိုင်ခဲ့ပေ။

ထိုနေ့က ကံမကောင်းသောကြောင့် ဦးဘိုးဇော်သည် အမဲတစ်ကောင်မှ ရမလာခဲ့ပေ။

ထိုအခါ မိမိက ရှိသေစွာ တင်မြှောက်ပသပါလျက်နှင့် မိမိအား မျက်ကွယ်ပြုရပါ့မလားဟူသော ဒေါသဖြင့် လမုပင်စောင့်နတ် နေသော လမုပင်ကို ခုတ်၍ မြစ်ထဲ မျှောချလိုက်လေသည်။

လမုပင်စောင့်နတ် ပြန်လာသောအခါ နေစရာမရှိတော့ပေ။ မိမိဘုံဗိမာန်ကို ဖျက်ဆီးရပါ့မလားဟူသော ဒေါသဖြင့် ဦးဘိုးဇော်အား စီးတော်ကျားဖြင့် ကိုက်သတ်ရာ သေ၍ နတ်ပြန်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ မိတ်ဆွေနှစ်ဦး ပြန်တွေ့ကြသည်။ ဦးဘိုးထော်က တောထဲတောင်ထဲမှာ အားကိုးရာမဲ့နေရှာသော သမီးနှစ်ယောက်အား ခေါ်လိုပါသည်ဟု လမုပင်စောင့်နတ်ကိုပြောသောအခါ မယ်ခနှင့် မယ်လှအား လိပ်ပြာနှုတ်၍ သေလေလျှင် နတ်ဖြစ်လာကြလေသည်။

ထိုအခါမှ သားအဖသုံးယောက်အတွက် နေစရာ အပိုင်စား တောင်းသောအခါ နောင်အခါတွင် မိန်းမလှကျွန်းဟူ၍ အမည်တွင်လာမည့် ရေပတ်လည်ဝိုင်းထားသော အလွန်လှပသောကျွန်းကို နေစရာ အပိုင်စား ပေး၍ ရေငန်တရိုးမှာ ထင်းရုတ်သမား၊ ရေလုပ်သားတို့ တင်မြှောက်ပသသော ဆွမ်းပွဲကို အပိုင်စားစေသည်။

နောင်သောအခါ မယ်ခ၊ မယ်လှတို့အား အကြောင်းပြုလျက် မမယ်လှကျွန်းဟူ၍လည်းကောင်း မိန်းမလှကျွန်းဟူ၍လည်းကောင်း အမည်များဖြင့် ထင်ရှားလာခဲ့သည်။

ကျွန်းညိုကြီး၏အရှေ့တောင်ထောင့်ယွန်းယွန်းတွင် တည်ရှိပြီး ဖောင်ဝင်မြစ်နှင့် ပသိကမာအောက်မြစ်ကြီးများ ပတ်ဝိုင်းထားပြီး ကြည့်လျှင် အလွန်လှသည်။

သစ်ကောင်းများ ပေါလေသောကြောင့် ယခင်က သစ်ခုတ်သမားတို့ အလွန်မျက်စိကျခဲ့လေသည်။

ယခင်က ထိုကျွန်းသို့ ဝင်လျှင် မတင်မြှောက် မပသဘဲ ဝင်၍ မရ။

တဦးစားဖျား ထမင်းဦး ဟင်းဦး မြှောက်ရသည်။

ခေတ်ပုံရိုက်၍မရ။

ကျွန်းပေါ်တွင် ဝက်သားမစားရ။





ကုလားစကား မပြောရ။

ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာခြင်း မပြုရ။

လင်စုံမယားဖက် အတူမအိပ်ရ။

ပုစွန်၊ ငကန်းတို့ကို မီးဖုတ်မစားရ။ စားချင်လျှင် တင်မြှောက်ပသပြီးမှ စားကြရသည်။

ယခင်က အထက်ပါအချက်အလက်များကို မစောင့်ထိန်းဘဲ ချိုးဖောက်မိပါက တောထဲမှ အသက်ရှင်လျက်ဖြင့် ပြန်ထွက်ခွင့် မရနိုင်ပေ။

အသက်မသေလျှင်သော်မှ အများတစ်ရုရု ကျူးလွန်မိလျှင် လေ့ဆိပ်သို့ ကျားဆင်းလာခြင်း၊ ရေထဲမှ မိကျောင်းပေါ်လာခြင်း အစရှိသည်တို့ဖြင့် သတိပေးလေ့ရှိသည်။

အချို့မှတ်တမ်းများက မိန်းမလှကျွန်းပေါ်မှ နတ်သမီးများကို မြင်၍ မိန်းမလှကျွန်းဟု ခေါ်တွင်ကြောင်း ရေးသားကြ သည်။

မိန်းမလှကျွန်းဟူ၍ အမည်တွင်လာရခြင်းကို ယခုကဲ့သို့ဦးစွာ ဖော်ပြထားမှ ဆက်လက်ရေးသားမည့် (အဘ)ဦးရှင်ကြီး အထ္ထုပ္ပတ္တိသည် ပိုမိုပြည့်စုံလာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



# ဦးရှင်ကြီး အထ္ထုပ္ပတ္တိ

## (သို့မဟုတ်)

## စောင်းတော်ရှင်ရဲ့ ဘဝဇာတ်လမ်း

ပဲခူးဟံသာဝတီ နေပြည်တော်တွင် "ပုညရာဇာ" ဟူ၍ အမည်ရှိသော မင်း အုပ်ချုပ်စဉ်အချိန်ကဖြစ်သည်။

ကဖင်းရွာတွင် လယ်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းဖြစ်သော နာရှိတ်တော်နှင့် မိသုကညာ(ခေါ်)ဒေါ်ဖြူတို့ဇနီးမောင်နှံ ရှိကြသည်။ ယင်းတို့ကား မွန်လူမျိုးများဖြစ်ကြသည်။

သူတို့တွင် တစ်ဦးတည်းသော သားတစ်ယောက်ရှိသည်။ မွန်အမည်မှာ မောင်နာရကွန်ပေါင် ဟူ၍ ဖြစ်ပြီး ငယ်စဉ်က မိဘ များတခက်ခက်ခဲခဲ အသက်ရှင်အောင် မွေးရသောကြောင့် မြန်မာလို "မောင်





ရှင်" ဟူ၍ အမည်ပေးထားကြသည်။

မောင်ရှင် အရွယ်မရောက်မီ ဖခင်ဖြစ်သူ ကွယ်လွန်လေသဖြင့် မိခင်ဖြစ်သူက အချစ်ပုံ၍ စောင့်ရှောက်ခဲ့ရသည်။

ဒေါ်ဖြူသည် သားဖြစ်သူ အရွယ်ရောက်သောအခါ မွန်လူမျိုးတို့ ဓလေ့အတိုင်း နတ်ကွန်းသို့ ပြသ၍ နတ်တို့အား ထုံးတမ်းအစဉ်အလာအတိုင်း တင်မြှောက်ပသပြီးမှ မိမိတို့ ဆည်းကပ်ကိုးကွယ်သော ဆရာဘုန်းကြီးထံ အပ်နှံ၍ ပညာသင်ကြားစေ လေသည်။

မောင်ရှင်သည် ငယ်စဉ်ကပင် ဉာဏ်ကောင်း၍ ကြိုးစားသောကြောင့် ဘာသာရေးစာပေများနှင့် ကဗျာလင်္ကာတို့ဖွဲ့ဆိုမှုကို ကျွမ်းကျင် တတ်မြောက်လေသည်။

ပညာကို အထူးလိုလားသော မောင်ရှင်သည် ပန်းတိမ်၊ ပန်းပု၊ ပန်းချီ ပညာများနှင့် စောင်းကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးတတ်သည်အထိ အခြားဆရာများနှင့် သင်ကြားတတ်မြောက်ခဲ့သည်။

မောင်ရှင်သည် စောင်းတီးကောင်းသဖြင့် အစ်ကိုဝမ်းကွဲ တော်ဘိုးအောင်က ရွာသို့ရောက်စဉ် စောင်းတစ်လက် ဝယ်ပေးခဲ့ရာ ထိုစောင်းကို တီးလျှင် ကြားရသူ အပေါင်း လာရောက်နားထောင်ကြသည်။ ငယ်ရွယ်သူများ ကရုန်မြူးတူးကြလေသည်။

မောင်ရှင် အရွယ်ရောက်သောအခါ ဒေါ်ဖြူ၏ ခင်ပွန်းသည် မကွယ်လွန်မီ မှာကြားသွားခဲ့သည့် ဆန္ဒအတိုင်း သားမောင်ရှင်ကို သာမဏေ ဝတ်ပေးလိုသည်။

သို့သော် ငွေကြေးနွမ်းပါးသော မုဆိုးမဘဝတွင် စိတ်ကူးသာ ရှိသော်လည်း လက်တွေ့ဆောင်ရွက်ရန် ခက်ခဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်သော် ခင်ပွန်းသည် မကွယ်လွန်မီက မိမိအစ်မဝမ်းကွဲတော်သူ "ဒေါ်သူ" ကမိမိထံမှာငွေချေးငှားထားခဲ့ဖူးသည်ကိုအမှတ်ရ၍သွားတောင်းသည်။

သို့ရာတွင် စီးပွားမာန်တက်နေသော ဒေါ်သူက ကြွေးမဆပ်သည့်အပြင် ငြင်းကာ မောက်မောက်မာမာ ပြောဆိုလိုက်သောကြောင့် အရှက်ရကာ ပြန်လာခဲ့ရသည်။

ဒေါ်သူရဲ့သား မောင်ဘိုးအောင်က စိတ်ကောင်းရှိသူဖြစ်သောကြောင့် မိခင်ဖြစ်သူ၏မတရားမှုကိုမခံနိုင်ဖြစ်ကာ အဒေါ်ညီလေးတို့နှင့် အတူနေရန် အိမ်မှ ဆင်းခဲ့လေသည်။ သူတို့သည် ကဖင်းရွာမှ ဒလသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

တစ်ခါသော် ပုညရာဇာ ဘုရင်ကြီး(အချို့က ဥက္ကလာပမင်း ဟူ၍ ရေးသားကြသည်။)သည် ဘုရားတည်ဖို့ ငြမ်းဆင်ရန် သစ်ဝါးများ လိုအပ်သောကြောင့် ဒလမှ လှေသူကြီးဦးတောကို တာဝန်ပေးလေသည်။

သို့နှင့် ဦးတောသည် တောဆင်းရန် သစ်ခုတ်သား၊ လှေထိုးသား ရှာဖွေစုဆောင်းလေရာ ညီလေးမောင်ရှင်ကို ရှင်ပြုရန်အတွက် မောင်ဘိုးအောင်က ဦးတောထံ အလုပ်ဝင်သည်။

မောင်ရှင်ကလည်း အစ်ကိုနှင့်အတူ တောသို့ လိုက်ရန် ပူဆာ၏။ အခြားသူများကဲ့သို့ လှေထိုး၊ သစ်ခုတ် မပြုလုပ်နိုင်သော်လည်း ရေပက်၊ ထမင်းချက်တာဝန်ဖြင့် လိုက်မည်ဟု ဆိုသောအခါ ဦးတောက လက်ခံလေသည်။

ဒေါ်ဖြူမှာ ရှင်မပြုရသေးသော သားအတွက် ရတက်မအေး





သော်လည်း တူဖြစ်သူ မောင်ဘိုးအောင်က တာဝန်ယူပြောဆိုသောကြောင့် မထည့်ချင်ဘဲ ထည့်လိုက်ရသည်။

တောသို့ ဆင်းသောအခါ မောင်ရှင်သည် လှေသူကြီး မသိအောင် သူ၏စောင်းကို ဝှက်၍ ယူဆောင်လာခဲ့သည်။

သူတို့လှေကြီးသည် တွံ့တေးဘက်မှ ခရီးဆက်ကြရာ သုံးရက်လေးရက်မျှ ကြာသော် ဘိုကလေးကိုလွန်၍ ကျွန်းညိုကြီးသို့ ရောက်ခဲ့လေသည်။

ယခင်က ကျွန်းညိုကြီးသည်မြစ်ရေများ ပတ်လည်ဝိုင်းလျက် ဖြူး၊ ကနစို၊ လဗ၊ ကျွန၊ ကမ္ဗလာ၊ လမု၊ လမဲ့၊ သရော၊ သင်ပေါင်း စသော သစ်ကြီးဝါးကြီးပင်များဖြင့် ညို့မှိုင်းလျက် ရှိသောကြောင့် "ကျွန်းညိုကြီး" ဟူ၍ ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်တန်ရာသည်။

သူတို့လှေကြီးသည် ကျွန်းညိုကြီးသို့ ရောက်သော်လည်း မြောက်ဖက်ချွန်းထိပ်တွင် မရပ်နားဘဲ မြစ်ကျောအတိုင်း ကျွန်းညိုကြီး၏အရှေ့ဘက်ကမ်းမှ ကပ်လျက် ဆက်လက်စုန်ဆင်းလာကြရာ တောင်ဘက်ချွန်းရောက်မှ ရပ်နားကြသည်။

ရှေ့တွင် ပသိကမာအောက်ဘက်မှ အရှေ့မှအနောက် သွယ်တန်းစီးဆင်းလျက်ရှိသော မြစ်ကျယ်ကြီးတစ်ခုက ဆီးတားလျက်ရှိသည်။ (ယခု ထိုမြစ်မှာ ဖောင်ဝင်မြစ်ဟူ၍ လူသိများလေ သည်။)

သူတို့လှေ ရပ်နားရာ ကျွန်းညိုကြီး တောင်ဘက်ထိပ်မှ မျှော်ကြည့်လျှင် မိန်းမလှကျွန်းကို လှမ်းမြင်ရလေသည်။ ထိုနေရာတွင် လှေခန်းချ၍ မောင်ဘိုးအောင်တို့မှာ တောင်ပေါ် တက်၍ ဘုရားငြမ်းအတွက် ကနစိုမျောများ ရှာဖွေခုတ်ယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တောသမားတို့ ထုံးစံအတိုင်း တောတက်ကာနီး တောပိုင်တောင်ပိုင်၊ ရေကြောင်းပိုင်များကို တင်မြှောက်ပသ ခွင့်တောင်းပြီး တတ်ကြရသည်။

လှံ၊ ဓါး၊ ပုဆိန်၊ သံသတ်၊ ရေဗူး၊ ဆေးဗူးများ ယူဆောင်သွားကြသည်။ တောနက်ထဲတွင် မှက်၊ ခြင်၊ ပိုးလောင်းများက သဲနှင့် ဆုပ်ပက်သကဲ့သို့ တဖွဲဖွဲဝင်ရောက်ကိုက်ခဲခြင်းကို ခံကြရသည်။

အကျီလက်ရှည်၊ ခေါင်းပေါင်း ဝတ်ဆင်ရရုံသာမက အဝတ်လွတ်သောနေရာများကို ရေနံချေးသုတ်လိမ်းထားမှ ပိုးလောင်းနှင့် ခြင်အကိုက်ခံရမှုမှ သက်သာပေသည်။

လှေထဲမှာ ကျန်ရစ်သူ မောင်ရှင်သည် လှေကို ရေပက်ခြင်း၊ စားသောက်ဖွယ်ရာများကို ချက်ပြုတ်ပြီးစီးသောအခါ တစ်ယောက်တည်း နေရသည်ကို ပျင်းရိပြီးငွေ့လာသောကြောင့် တိတ်တဆိတ် ဖက်ယူလာသော စောင်းကို ထုတ်၍ တီးခတ်လေတော့သည်။

တိတ်ဆိတ်နေသော တောပတ်ဝန်းကျင်မှာ မောင်ရှင် တီးခတ်လိုက်သော စောင်းသံသည် သာယာကြည်နူးဖွယ်ရာထွက်ပေါ်လာလေတော့သည်။

ထိုစောင်းသံကိုကြားတော့ မိန်းမလှကျွန်းမှနတ်ဖြစ်နေသော မယ်ခ၊ မယ်လှတို့မှာ မနေသာတော့ဘဲ ဈေးသည်ဟန်ဆောင်၍ လှေငယ်တစ်စင်းဖြင့် ရောက်လာပြီး လာရောက်နားထောင်ကြသည်။

ရက်အတန်ကြာသောအခါ တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာကြပြီး ထမင်းဟင်းများကို သူတို့က ပိုင်းကူချက်ပေး၍ မောင်ရှင်ကို စောင်းတီးစေသည်။





ကြာသော် တစ်ဦးနှင့်တစ်ဦး သံယောဇဉ် တွယ်ရစ်ကြသည်။ ထမင်းဟင်းလက်ရာများ အချိုးပြောင်း၍ အထူးကောင်းမွန်သော အရသာများ ရှိလေရာ ဦးတောက သစ်ခုတ်သွားဟန်ဆောင်ပြီး တိတ်တဆိတ် ပြန်လည်ချောင်းမြောင်းကြည့်ရှုခဲ့သည်။

အဖြစ်မှန်ကိုတွေ့ရသောအခါ၌မိန်းကလေးများက ထူးခြားပေစွ။ ဤမျှတောနက်သော နေရာတွင် သာမန်မိန်းကလေးကို တွေ့နိုင်ရန် ခဲယဉ်း၏။

ဤမိန်းကလေးများကား သာမန်မဖြစ်နိုင်၊ နာနာဘာဝများသာ ဖြစ်ပေလိမ့်မည်။

ငါတို့အား လှည့်စား၍ ဒုက္ခပေးရန်အတွက် ရောက်လာသည် ဖြစ်ပေလိမ့်မည်။

ထိုသို့ တွေးတော၍ တောင်ပေါ်မှ ခုတ်ယူရရှိပြီးသမျှ သစ်များကို အလျင်အမြန် ကမ်းသို့ သယ်ချစေ၍ အလျင်အမြန် ဖောင်ဖွဲ့လေသည်။

ဖောင်ဖွဲ့ပြီးသောအခါ ရေတက်ကို စောင့်၍ လှေထွက်ရန် ပြင်ဆင်လေသည်။

မောင်ရှင်မှာ တဒင် တွေ့ရသော မိန်းကလေးများ သံယောဇဉ်ကြောင့် ခွဲခွာရမည်ဆိုသောအခါ ညှိုးညှိုးမှိုင်းမှိုင်း လှမ်းမြင်ရသော မိန်းမလှကျွန်းဘက်သို့ မျှော်ကြည့်ရင်း မျက်ရည်များ စို့လျက် ရင်တွင်းမှာ တမြေ့မြေ့ ခံစားရရှာသည်။

ရေတက်၍ လှေထွက်ရန် ပြင်သောအခါ လှေကြီးမှာ ရေအောက်မှ တစ်စုံတစ်ယောက်က ဆွဲထားသည့်အလား နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်မမျှ မရွေ့ဘဲ တန့်နေတော့သည်။

လှေထိုးသားများ အတန်တန် ကြိုးစားသော်လည်း မည်သို့မျှ အရာမထင်ပေ။ ထိုအခါ လှေသူကြီး ဦးတောက အနှောင့်အယှက် ရှိနေမှန်း ရိပ်မိပြီး လှေသမားတို့ထုံးစံအတိုင်း ကံဆိုးသူ ရွေး၍ "ရေစာကျွေး" ရန် စီစဉ်လေသည်။

မဲနှိုက်သောအခါ ကံဆိုးသူ မောင်ရှင်ဖြစ်နေ၏။ သုံးကြိမ် သုံးခါ ပြန်နှိုက်သော်လည်း ကံဆိုးသူက မောင်ရှင်သာလျှင် ဖြစ်လေတော့သည်။

အစ်ကိုဖြစ်သူ မောင်ဘိုးအောင်က ညီဖြစ်သူ ရှင်မပြုရသေးသောကြောင့် ကိုယ်စားခံပါရစေဟု တောင်းပန်သည်ပင် ခွင့်မပြုပဲ မောင်ရှင်ကို ရေထဲ ပစ်ချ၍ ရေစာကျွေးလိုက်ကြသည်။

ထိုအခါမှ လှေထွက်၍ ရလေသည်။

မောင်ရှင်သည် ထိုမှ ဘဝပြောင်းကာ စောင်းတော်ရှင် ဦးရှင်ကြီးဘဝသို့ ရောက်ခဲ့ပေသည်။

အချို့က ရေစာကျွေးစဉ် ရေထဲ မကျမီ မယ်ခ၊ မယ်လှတို့က လာရောက်ယူဆောင်သွားသည်ဟု ရေးသားကြသည်။

ဦးရှင်ကြီးသည် မိန်းမလှကျွန်းနှင့် တွဲ၍ လူသိများသော်လည်း မူလအပိုင်စားရသော ဒေသမှာ "ကျွန်းညိုကြီး" သာ ဖြစ်လေသည်။

ဦးရှင်ကြီး ရေစာချမကျွေးမီ အလှတင်ခဲ့သောနေရာမှာ ယခု ထက်တိုင် ရေကျချိန်တွင် ထိပ်ချင်းအောက် ကျွန်းညိုကြီး တောင်ဘက် ရွှန်းအငူတွင် တွေ့နိုင်ပါသေးသည်။

တစ်ခါတစ်ရံ မိကျောင်းကြီးများ လာရောက်အိပ်နေလေ့ရှိ





မည်သို့မျှ ဖျက်ဆီး၍မရ ဟူ၍ ဒေသခံများစွာက တအံ့တသြ ပြောပြကြပါသည်။

အံ့သြစရာကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဦးရှင်ကြီး တင်မြှောက်ခြင်း

သားဖြစ်သူ မောင်ရှင်ကို တောသို့ မထည့်ချင်ဘဲ ထည့်လိုက်ရသော ဒေါ်ဖြူခမျာ သားနှင့် ပတ်သက်၍ အိပ်မက်ဆိုးများ မက်လေသည်။ ပြန်မရောက်မချင်း စိတ်မအေးနိုင်အောင် ရှိနေတော့သည်။

ဦးတောတို့လှေကြီး ဒလသို့ ပြန်ရောက်သောအခါ မောင်ဘိုးအောင်၏ပြန်လည်ပြောပြမှုအရ အကြောင်းစုံကို သိရသောအခါ ထိုနေရာသို့ လိုက်ပို့ပေးပါရန် ပူဆွေးသောကကြီးစွာဖြင့် တောင်းပန်လေ၏။

ဦးတောကလည်း ဒေါ်ဖြူကိုသနားသောကြောင့် လှေဖြင့်တစ်ခေါက် ပြန်လိုက်ပို့ပေးသည်။

ထိုနေရာသို့ ရောက်သောအခါ မောင်ရှင်ကြိုက်တတ်သော သက်သတ်လွတ်အစာများဖြစ်သည့် အုန်းသီး၊ ငှက်ပျောသီး၊ ကောက်





ညှင်း၊ ထန်းလျက်တို့ဖြင့် တိုင်တည်ကြသောအခါ မောင်ရှင်ကိုယ်တိုင် ကိုယ်ထင်ပြလျက် ပြောကြားသည်။

"မိခင် ကံအကြောင်းမလှ၍ ဘဝပြောင်းခဲ့ရသည်ကို ပူဆွေးသောက မရောက်တော့ပါနှင့်၊ ကျွန်တော်သည် ယခုအခါ ရေငန်တရိုးပိုင်စိုးရသော ရေငန်ပိုင် ဦးရှင်ကြီးရယ်လို့ နတ်တစ်ပါး ဖြစ်နေပါပြီ၊

အမေ ကျွန်တော့်ကို တွေ့လိုပါက ဝါဝင် ဝါထွက်တွင် ကောက်ညှင်း၊ ထန်းလျက်၊ အုန်း၊ ငှက်ပျော၊ လက်ဖက်တို့ဖြင့် ပင့်ဖိတ်ပါလျှင် စောင်းတော်ကို ပိုက်၍ ရောက်အောင်လာခဲ့ပါမည်"

ထိုသို့ အဆိုရှိလေသောကြောင့် ဒေါ်ဖြူသည် ဝါဝင်ဝါထွက် ကာလများတွင် သားမှာလိုက်သည့်အတိုင်း တင်မြှောက်ပသခြင်းကြောင့် စီးပွားလာဘ်လာဘများ တစ်နေ့တခြား ကြီးပွားချမ်းသာလာလေသည်။

ထိုအခါ အနီးပတ်ဝန်းကျင်မှ ကြီးပွားချမ်းသာခြင်းနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေလိုသူတို့သည် ဒေါ်ဖြူအား လာရောက်မေးမြန်း၍ ဦးရှင်ကြီးကို ဆွမ်းကပ်လှူဒါန်းခဲ့ကြပေသည်။

ထိုမှအစပြု၍ အစဉ်အလာဖြစ်ခဲ့သော ဦးရှင်ကြီး ဆွမ်းတင်နည်းများက တစ်စတစ်စ ရဲတွင်လာကြပြီး မြန်မာနိုင်ငံ အောက်နယ်များတွင် အစဉ်အလာတစ်ခုအနေဖြင့် တင်မြှောက်ပသခြင်း ကို...

၁။ ဝါဝင်ကာနီးတစ်ကြိမ်

၂။ ဝါကျွတ်လျှင် တစ်ကြိမ်

ထိုအခါတွင် ကောက်ညှင်း(သို့မဟုတ်)ကောက်ဦးဆွမ်း(မုန့်ဆန်း)ဖြင့် တင်မြှောက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

ဝါကျွတ်ပွဲတွင် နို့သာပု ငှက်ပျောသီးမှည့်၊ အုန်းသီးနုန၊ မုန့်ဆန်းသကြားထပ်၊ သစ်ခွပန်းများနှင့် ဆွမ်းတင်ပါက လွန်စွာကြိုက်နှစ်သက်ပေသည်၊

ထိုသို့တင်လျှင် ဦးရှင်ကြီးနတ်က သုံးနှစ်မမေ့ဟု ပြောစမှတ်ပြုကြသည်၊

၃၊ ရှင်ပြုနှင့် မင်္ဂလာဆောင်ခြင်း မပြုမီ၊

၄၊ အိမ်ပြောင်း၊ အိမ်ရွှေ့ အိမ်သစ်မဆောက်မီနှင့် အိမ်သစ်မတက်မီ၊

၅၊ တောဝင်၍ သစ်ခုတ်ရန် သွားမည့်သူများ၊

၆၊ ချောင်း၊ မြောင်း၊ ပင်လယ်တို့တွင် သားငါးရှာဖွေသူများ၊

၇၊ ပင်လယ်ထွက်မည့်သူများ။

အထက်ပါပုဂ္ဂိုလ်များက ဦးရှင်ကြီးဆွမ်းတင်ခြင်းကို မမေ့မလျော့ ပြုလုပ်ကြရသည်။ အကယ်၍ မေ့လျော့ပျက်ကွက်ပါက ဘေးဥပဒ် အန္တရာယ်ဖြင့် ကြုံတွေ့ကြရပေသည်၊

ထိုရက်အခါများ မဟုတ်ဘဲ အခြားရက်များတွင် တင်မြှောက်ပသလိုကြပါက (ဝါတွင်းကာလမှအပ) မည်သည့်နေ့ရက်မဆို (ဗုဒ္ဓဟူးနေ့ကို ရှောင်ကြဉ်၍) စေတနာအလျောက် တင်မြှောက်ဆက်သနိုင်ကြပေသည်။





# တင်မြှောက်ပသနည်းများ

ဆွမ်းတင်ရန် စင်သည် အသင့်ပြုလုပ်ထားသော ကျောင်းဆောင်ကို ဖြစ်စေ၊ ဝါးကပ်ကို စင်ထိုး၍ဖြစ်စေ၊ အသုံးပြုနိုင်သည်။

စင့်ကိုရေဆေးသန့်စင်၍ လေးဘက်တွင် ပန်းတိုင်များ စိုက်ရမည်၊ ပန်းကိုကြိုက်နှစ်သက်ရာ အသုံးပြုနိုင်ပါသည်၊ အရို့က အသုံးပြုနိုင်ပါသည်၊

လိုအပ်သောပစ္စည်းများက အုန်းသီး မနုမရင့် တစ်လုံး၊ ငှက်ပျောသီးမှည့်(၁၂ လုံးထက် မနည်းစေရ) တစ်ဖီး၊ ထန်းလျက်၊ ကောက်ညှင်း၊ (ကောက်ညှင်းသုံးလျှင် ချက်၍သုံးကြသည်) မုန့်ဆန်း၊ ရရာ တင်နိုင်သည်။ လက်ဖက်အသား (ဆီ၊ ဆား လုံးဝမထည့်ရပါ) အမွှေးတိုင်၊ ဖယောင်းတိုင် အစရှိသည်တို့ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ အခွံပြောင်အောင် ရှော်ထားသော အုန်းသီးကို အလယ်မှ တည့်တည့်ခွဲ၍ အုန်းရည်ဦးကို ယူပါ။ ဖန်ခွက်ပြည့်ထည့်၍ ဦးရှင်ကြီးကို ဆွမ်းတင်ဖို့ ကြွရောက်ရန် ပင့်ဖိတ်ရပါမည်။

တသားများစွာ ရှိသော်လည်း စီကာပတ်ကုံး မရွတ်ဆိုတတ်လျှင် မိမိစိတ်မှ ရည်ရွယ်၍သာ ရွတ်ဆိုတိုင်တည်ပါ။

စေတနာနှင့် သဒ္ဓါတရားကသာ အဓိကဖြစ်ပါသည်။ ပြီးလျှင် ဆွမ်းပွဲပြင်ပါ။

ပန်းကန်ငယ်နှစ်ချပ်တွင် ကောက်ညှင်းကို သင့်ရုံ ပုံပါ။ ဘေးတစ်ဖက်တစ်ချက်မှ ငှက်ပျောသီးမှည့်နှစ်လုံးကို အခွံခွာ၍ ချပါ။ အုန်းသီးစိတ်နှင့် (မုန့်ဆန်းနှင့် တင်လျှင် အုန်းသီးခြစ်မှုန့်) ထန်းလျက်၊ လက်ဖက်ကို ပုံပါ။ ကွမ်းယာစိုက်ပါ။

ဒါက စင်ပေါ်မှာ နှစ်ပွဲအတွက်ဖြစ်ပါသည်။

တစ်ပွဲက ရေငန်ပိုင် ဦးရှင်ကြီး။

ကျန်တစ်ပွဲက ကိုးမြို့ရှင်နှင့် ပုလဲရှင်ပွဲ။

နောက် ပန်းကန်အကြီးဖြင့် အဘိုးပွဲကို ရှေးနည်းအတိုင်း ပြင်ပါ။

ထို့နောက် နောက်လိုက်နောက်ပါ တပည့်လက်သားများ အတွက် ပြင်နည်းမှာ၊ ပန်းကန်ကြီးတစ်ချပ်တွင် ကောက်ညှင်းသုံးပုံ၊ ငှက်ပျောသုံးလုံး၊ အုန်းသီး၊ ထန်းလျက်များကို သုံးပွင့်ဆိုင် ပြင်ပါ။

ထို့နောက် အိမ်တွင်း မင်းမဟာဂီရိအတွက် အိမ်တွင်း ဆွမ်းပွဲ တစ်ပွဲ၊ ဤမျှဆို လုံလောက်ပါပြီ။

အချို့သူများက အောက်ပွဲများကိုတိုးချဲ့၍ ပြင်ကြသည်။





အဘိုးနှင့် နောက်လိုက် နောက်ပါပွဲ၊ ကျွန်းပိုင်ကြီးတစ်ပွဲ၊ ကွင်းပိုင်ကြီးတစ်ပွဲ၊ တောင်ပိုင်ကြီးတစ်ပွဲ၊ ရေကြောင်းဗိုလ် တစ်ပွဲ၊ အဘလမှနတ်တစ်ပွဲ၊ ကိုလေး ရွှေကာရင် မောင်နှမအတွက် တစ်ပွဲ၊ အမည်မသိကျန်ရှိသူများ တစ်ပွဲ။

ဒါကတော့ မိမိသဒ္ဓါတရား ထက်သန်မှု ရှိသရွေ့ လှူကြဆက်ကြပါသည်။

ဦးရှင်ကြီး ဆွမ်းတင်ရာတွင် အဓိက၊ စင်ပေါ်မှာဦးရှင်ကြီးပွဲနှင့် ကိုးမြို့ရှင်ပွဲ၊ အောက်မှာ အဘိုးနဲ့ နောက်ပါ တပည့်လက်သားများ အတွက် တစ်ပွဲ၊ အိမ်တွင်းပွဲတစ်ပွဲ။

ဒါဆိုလျှင် ရပါပြီ။

ဦးရှင်ကြီးပွဲကို အရင်ကိုင် တင်မြှောက်ပသရှိန်တွင် စင်ပေါ်တွင် ဆီမီးနှင့် အမွှေးတိုင်များ စတင်ထွန်းထားပေးပါ။

ဦးရှင်ကြီး ပင့်ဖိတ်ဆွမ်းကပ်ပြီးလျှင် ကိုးမြို့ရှင်ပွဲ ဆက်လှူပါ။ ပြီးလျှင် "အဘိုး...အဘိုး...အဘိုး" ဟုသုံးကြိမ် ကျယ်ကျယ်အော်၍အဘိုးပွဲ ကပ်ပါ။

ပြီးလျှင် အိမ်တွင်းပွဲ လာလှူပါ။ အားလုံးဆက်ကပ်ပြီးလျှင် အခြားပွဲများ ရှိပါကလည်း အစဉ်အတိုင်း ဆက်ကပ်လှူဒါန်းပါ။

ပြီးလျှင် မိမိတို့ လိုရာဆုကို တောင်းနိုင်ပါသည်။

"မကောင်းအိပ်မက်၊ မကောင်း - - နင့်၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေကျား၊ မြွေ၊ မိကျောင်း၊ မကောင်းဥပဒ်၊ နတ်တိုက်ရန်ဘေး၊ ဆိုး - - လေးကို၊ ကင်းကြစေဖွယ်၊ ဘုရားဂုဏ်ပေါင်း၊ ရှင်မျက်စောင်းနှင့် မကောင်းမှန်သမျှဖယ်၊ လနှယ် ချမ်းအေးပါစေသား။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာမြင်က၊ ချစ်ခင်စေလျက်၊ နှုတ်မြွက်စကား၊ အသံကြား က၊ သနားပါစေ၊ မေတ္တာဝေ၍၊ ရွှေငွေဘောဂ၊ ပေါပြည့်ဝအောင်၊ စောင်မကြည့်ရှုတော်စေသား။

ရောင်းပန်၊ ဝယ်ပန်း၊ ပြည့်လျှမ်းများစွာ၊ လာဘ်မိုးရွာလျက်၊ ကြင်နာမဆိုင်း၊ လူမြင်တိုင်းက၊ - - မှိုင်းမစေတနာ ထားစေသား။

ဤသို့မိမိတို့လိုအင်ဆန္ဒ ဟူသမျှတို့ကို ဆုတောင်းတိုင်တည်ပြီးလျှင် ပင့်ဖိတ်ထားသော နတ်ဒေဝတာအပေါင်းတို့သည် နေရပ်သို့ ပြန်ပို့ပေးရပါမည်။

ပြီးမှ တပည့်လက်သားများအတွက် ရည်ထားသောပွဲကို အရပ်လေးမျက်နှာပုံ၍ ဗလိနတ်ကို ကျွေးပြီးလျှင် ဆွမ်းပွဲသိမ်းနိုင်ပါသည်။

အချို့အရပ်ဒေသများတွင် ဆွမ်းတင်လျှင် အနီးအနားမှာ လာစောင့်နေပြီး ဆွမ်းပွဲသိမ်းလျှင် အလုအယက် ဝင်ရောက်စားသောက်ခြင်းကို စိတ်မဆိုးရပါ။ အရပ်ဓလေ့မို့ ပျော်စရာကောင်း ပါသည်။

ဆွမ်းပွဲကျများကို အခြားစားစရာနှင့်မရောဘဲ တပျော်တပါး ဝိုင်းဖွဲ့စားသောက်ခြင်း၊ အိမ်နီးချင်းများကို ဝေငှစားသောက်ကြခြင်းများ ပြုနိုင်ပါသည်။

ပန်တော်ကျ ပန်းခက်နှင့်ကွမ်းယာတို့ကို အိမ်တံစက်မြိတ်တွင် ထိုးစိုက်ထားပါက ဘေးဥပဒ် အန္တရာယ် ကင်းရှင်းနိုင်ပါသည်။





# မိန်းမလှကျွန်းသို့ တစ်ခေါက်

ရေငန်ပိုင်တရိုး ပိုင်စိုးစံတော်မူသော စောင်းတော်ရှင်(အဘ) ဦးရှင်ကြီးနတ်ကွန်းရှိရာက မိန်းမလှကျွန်း၊ မျောက်တစ်ရာ သမိုင်းဝင် စေတီတော်အနီးမှာ ဖြစ်ပါသည်။

ရုပ်တုတော်က မုံရွာဆရာမြရဲ့လက်ရာဖြစ်သည်။ (၅)ပေ ကျော်ကျော် မြင့်ပြီး တကယ့်လူအစစ်နှင့်မခြား လက်ရာမြောက်လှပါ သည်။

ဦးရှင်ကြီးပွဲကို နှစ်စဉ် ဆက်ကျွန်း၊ နတ်ကွန်း၌ တစ်ကြိမ်၊ မျောက်တစ်ရာနတ်ကွန်းမှာ တစ်ကြိမ် ကျင်းပလေ့ရှိကြပါသည်။ ဆက်ကျွန်းမှာ တပေါင်းလထဲတွင် ကျင်းပသည်။

မျောက်တစ်ရာနတ်ကွန်းမှာ သည်နှစ်တွင် မျောက်တစ်ရာ ဘုရားပွဲနှင့်အတူ တပေါင်းလဆန်း(၉)ရက်နေ့မှ လပြည့်ကျော်နှစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



နေ့အထိ ကျင်းပလေ့ရှိကြောင်း မျောက်တစ်ရာ ဆရာတော် ဦးဝေပုလ္လ.က ပြောပြပါသည်။

အရောက်သွားလိုလျှင်ဖြင့် ဘိုကလေးမြို့မှတဆင့် လက်ခတ်လှေ၊ စက်လှေဖြင့် သွားလျှင် ရောက်နိုင်ပါသည်။ မိုင် တစ်ရာကျော်မျှ ဝေးသောခရီးမို့ စက်လှေဖြင့် သွားလျှင် မြန်ဆန်ပြီး လက်ခတ်လှေနှင့် သွားလျှင် (၁၀)နာရီကျော်ကျော် ကြာပါသည်။

လယ်ကွင်းများ၊ သစ်တောများ (ယခုမိန်းမလှကျွန်းကို ကန္တသတ်နယ်မြေသတ်မှတ်ပြီး တောရိုင်းတိရစ္ဆာန်များကို ဘေးမဲ့ ပေးကာ တောပြန်မွေးနေပြီဖြစ်၍ စိမ်းလန်းစိုပြည်စ ပြုလာပါပြီ)နှင့် ဓနိပင်၊ လတာပြင်၊ ချောင်များ၊ ကျွန်းများ၊ ငါးဖမ်းလှေများနှင့် ပင်လယ်ဝရဲ့ သဘာဝ အငွေ့အသက်များကို ခံစားရင်း...။

တန်ခိုးကြီးသော သမိုင်းဝင် မျောက်တစ်ရာစေတီတော်ကို ဖူးမြော်ရင်း၊ တင့်တယ်သော ဦးရှင်ကြီး နတ်ကွန်းရှိရာသို့ တစ်ခေါက် အရောက်သွားနိုင်ကြဖို့ လမ်းညွှန်ရေးသားလိုက်ရပေသတည်း။

## အောင်ဆိုင်လင်း

ဆောင်းပါးအတွက် အောက်ပါစာအုပ်များမှ အချက်အလက် အချို့ကို ကိုးကားပါတယ်။

၁။ ဦးရှင်ကြီးဝတ္ထုနှင့် တင်မြှောက်ပသနည်း (မောင်ချမ်းသာ)
.၁၉၇၅(တတိယအကြိမ်)





၂။ မြန်မာနိုင်ငံ နတ်ကိုးကွယ်မှုသမိုင်း (ခေတ်နှောင်းတာလ)
၃။ ကိုယ်တိုင်သွားရောက်လေ့လာမှုများ
၄။ ဆရာတော် ဦးဝေပုလ္လရဲ့ မိန့်ဆိုချက်များ။



www.burmeseclassic.com